# ကြေးမုံ

**The Mirror Daily**

Established in 1957


### ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday 12 May 2018 ၉၂၈၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် သဘောတူစာချုပ် ခုနစ်ခု ချုပ်ဆိုနိုင်ခဲ့



နေပြည်တော် မေ ၁၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Smt. Sushma Swaraj အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီပံ့ပိုးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Shri Vikram Misri နှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆


# နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များ ချိုးဖောက်ရာရောက်သည့် သဲအိတ် အိုဗာဟက်ပစ်ကျင်းနှင့် ဘန်ကာများ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ပြုလုပ်ထား၍ တရားဝင်ကန့်ကွက်

**နေပြည်တော် မေ ၁၁**

နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များ ချိုးဖောက်ရာရောက်သည့် သဲအိတ် အိုဗာဟက်ပစ်ကျင်းနှင့် ဘန်ကာများ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ပြုလုပ်ထား၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး တရားဝင်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ)မြို့အနီး နှစ်နိုင်ငံ နယ်နိမိတ် မှတ်တိုင်အမှတ်(၃၄)နှင့် မှတ်တိုင်အမှတ်(၃၅)တို့နှင့် မျက်နှာချင်းဆိုင်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ဘရိုးကျေးရွာမှ အောက်ဘာ့ရှ်ဘာရီကျေးရွာအထိ အမှတ်(၃၄) BGB တပ်ရင်းမှ သဲအိတ် အိုဗာဟက်ပစ်ကျင်းနှစ်ကျင်း၊ သဲအိတ်/မြေသား အိုဗာဟက်ပစ်ကျင်း သုံးကျင်း၊ မြေသားဘန်ကာတစ်ခု၊ ကွန်ကရစ်ဘန်ကာတစ်ခုတို့ဖြင့် ကာရံထားသည့်နေရာ ခုနစ်နေရာအား မတ် ၁၈ ရက်မှ ၂၁ ရက်အထိ ပြုလုပ်ခဲ့ပြီး BGB နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက နေ့/ည စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ် ဘက်ခြမ်းတွင် အမှတ်(၃၄) BGB တပ်ရင်းမှ


**စာမျက်နှာ ၈ ကော်လံ ၁ သို့** ○





ကြေးမုံ

## ပတ်ဝန်းကျင်နှင့် ကျန်းမာရေး

မြန်မာနိုင်ငံ၏ မြို့ပြပုံရိပ်ကို ထိခိုက်စေသောအရာကို ပြပါဆိုလျှင် ကွမ်းယာစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာသော ကွမ်းတံတွေး ညစ်ပေစွန်းထင်းမှုပြဿနာကို ပြရမည်ဖြစ်သည်။ မြို့ပြအဆောက်အဦများ၊ အများသူငါ သွားလာနေသော လမ်းမပေါ်များတွင် ကွမ်းတံတွေးစွန်းထင်းမှုများကို တွေ့ရပြီး အကျည်းတန်အရုပ်ဆိုးသော ပုံရိပ်ကို ဖြစ်စေပါသည်။

ကွမ်းယာစားသုံးခြင်းတွင် ဆေးရွက်ကြီးထွက်ပစ္စည်းများပါ အတူတွဲပါလာသည်။ ကွမ်းယာတွင် ဆေးရွက်ကြီးမှ ပြုပြင်ထုတ်လုပ်ထားသော ဆေးအမျိုးမျိုးကို ထည့်သွင်းစားသုံးခြင်းကြောင့် ကျန်းမာရေးကို ထိခိုက်စေသော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည်။ ကွမ်းယာစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကျန်းမာရေးထိခိုက်မှု၊ ငွေကုန်ကြေးကျများမှုတို့မှ လျော့နည်းကျဆင်းစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကွမ်းစားခြင်းဓလေ့မှာ ရှေးရိုးစဉ်လာ ထုံးတမ်းဓလေ့ရှိခဲ့ရာ၌ မိမိတို့ နေအိမ်၌သာ ခံတွင်းချဉ်ပြေစေရန် စနစ်တကျစားသုံးပြီး စည်းကမ်းတကျ စွန့်ပစ်ခဲ့ကြသဖြင့် ကျန်းမာရေးလည်း မထိခိုက်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုလည်း မဖြစ်ခဲ့ချေ။ မျက်မှောက်ကာလတွင် ကွမ်းစားခြင်းကို စနစ်တကျ မစားသုံးဘဲ အချိန်မရွေး၊ နေရာမရွေး စားသုံးလာကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ကွမ်းစားခြင်းဓလေ့မှာ တစ်စတစ်စ ပိုမိုကျယ်ပြန့်လာပြီး ယခုအခါ အမျိုးသား၊ အမျိုးသမီး အရွယ်မရွေးစားသုံးလာကြရာ နေ့စဉ်စားသုံးသူ လူဦးရေ ၁၂ သန်းခန့်ရှိသည်ဟု သိရသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင် ကွမ်းစားခြင်းဓလေ့ရှိသော်လည်း ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန် စည်းကမ်းလိုက်နာရသည်။

မြန်မာနိုင်ငံတွင် ကွမ်းယာစားသုံးမှု မြင့်တက်လာခြင်းကြောင့် ကွမ်းယာနှင့် ဆေးရွက်ကြီးသုံးစွဲမှု တိုက်ဖျက်ရေးလှုပ်ရှားမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့က ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ကွမ်းယာစားသုံးခြင်းကြောင့် ရရှိနိုင်သောရောဂါများအကြောင်းကို သိရှိနိုင်ရန်အတွက် ပညာပေးစည်းရုံးခဲ့ရာ ကွမ်းယာစားသုံးသူ ၆၂ ရာခိုင်နှုန်းကို ကွမ်းယာဖြတ်နိုင်ရန် လှုံ့ဆော်ပေးနိုင်ခဲ့သည်။

ကွမ်းယာကို စားသုံးရာတွင် ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းပါဝင်သောကြောင့် မူးယစ်ဆေးဝါး၊ အရက်ကဲ့သို့ စွဲလမ်းမှုကို ဖြစ်ပေါ်စေသည်။ ကွမ်းယာစားသုံးသူအချို့မှာ ကျန်းမာရေးအန္တရာယ်ဖြစ်နိုင်သည်ကိုမသိရှိဘဲ စားသုံးကြသကဲ့သို့ အချို့မှာ အန္တရာယ်ရှိသည်ကို သိရှိသော်လည်း အန္တရာယ်၏ ပမာဏကို သေချာစွာမသိရှိခြင်း၊ မဖြတ်နိုင်ခြင်းတို့ကြောင့် ဆက်လက်စားသုံးနေကြသည်ကို တွေ့ရသည်။ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ပါဝင်သော ကွမ်းယာစားသုံးခြင်းကြောင့် ခံတွင်းကင်ဆာအမျိုးမျိုးဖြစ်သည့် ပါးစပ်၊ လည်ချောင်း၊ ပါး၊ နှုတ်ခမ်း၊ လျှာကင်ဆာ၊ အစာပြွန်ချောင်းကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာများ ဖြစ်ပွားနိုင်သည်။

ကွမ်းယာစားသုံးခြင်းကို ဖြတ်နိုင်ရန်အတွက် စိတ်ဆုံးဖြတ်မှု ခိုင်မာဖို့လိုအပ်သည်။ ပူပင်သောက နည်းအောင်ပြုလုပ်ခြင်း၊ ဖြတ်ရန် သတ်မှတ်ထားသောရက်မတိုင်မီ စားသုံးမှုကို ထက်ဝက်လျှော့ချခြင်း၊ ကွမ်းယာစားလိုစိတ်ကို ပြောင်းလဲခြင်း၊ ကွမ်းယာ အစားထိုးအစားအစာများ စားသုံးခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လတ်ဆတ်သော အသီးအရွက်များ စားသုံးခြင်း၊ ရေများများသောက်ခြင်း၊ နေ့စဉ် နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း စသည့်ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် ကွမ်းပြတ်သွားအောင် ပြုလုပ်နိုင်ပေသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့နေထိုင်သော ပတ်ဝန်းကျင် ညစ်နွမ်းစွန်းထင်းမှု မရှိစေရေး လူတို့ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ပါဝင်သည့် ကွမ်းယာစားသုံးမှုကို ရှောင်ကြဉ်ခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးနှင့် မြို့ပြပုံရိပ်ကောင်းမွန်ရေးတွင် ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း။ ။

MYANMAR
Digital News
Presented by MPE
www.mdn.gov.mm

## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက်တွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြောင်းလဲလာသည့် မူဝါဒနှင့်အညီ စီမံခန့်ခွဲမှုများကို ပြောင်းလဲဆောင်ရွက်ရန်၊ ဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပြည်သူ့အတွက် မဆိုင်းမတွ တုံ့ပြန်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အရည်အသွေးမြှင့်တင်ခြင်းကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်၊ ဘေးဒဏ်ကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းဖြစ်စေရေးနှင့် ဘေးဒဏ်ခံစားရသည့်လူများ မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် လူမှုဘဝရရှိစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ UN, INGO များ၊ CSO များ၊ အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသအလိုက် သဘာဝဘေးဆိုင်ရာ အချက်အလက်စာရင်းများရှိပြီးဖြစ်သဖြင့် ဆန်းစစ်လေ့လာခြင်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး စွမ်းဆောင်ရည်များ မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အချင်းချင်းလည်း အဖွဲ့အစည်းစိတ်ဓာတ်မွေးမြူ၍ မိသားစုသဖွယ် စည်းလုံးညီညွတ်စွာ နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ညွှန်ကြားချက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဖြည့်ဆည်းပေးရမည့်အချက်များ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## သစ်လွင်သားဖွားဆရာမများအတွက် လုပ်ငန်းခွင်အသုံးချသင်တန်း ဖွင့်လှစ်

**ပုသိမ် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန သစ်လွင်သားဖွားဆရာမများအတွက် လုပ်ငန်းခွင်အသုံးချ သင်တန်းဖွင့်ပွဲကို မေ ၇ ရက်က ပုသိမ်မြို့ အမှတ် (၅) နယ်မြေ သစ္စာလမ်း ဧရာဝတီတိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်ထွေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဆရာမကြီး ဒေါ်စန်းစန်းတင်က သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်ထွေး၊ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဆရာမကြီး ဒေါ်စန်းစန်းတင်၊ သင်တန်းနည်းပြ ဆရာ ဆရာမ ၂၁ ဦးနှင့် အမှတ်စဉ် (၂) သစ်လွင် သားဖွားဆရာမ ၁၄၀ တက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သူနာပြုသင်တန်း သုံးနှစ်တက်ရောက်အောင်မြင်ပြီး သစ်လွင်သားဖွားဆရာမများကို ကျန်းမာရေးစစ်ဆေးပြီး လုပ်ငန်းအတွေ့အကြုံ သင်တန်း ရက်သတ္တတစ်ပတ်တက်ရောက်ရခြင်းဖြစ်ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၉.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၀၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၇၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၅၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၆၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၁.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



**ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူး နေဝင်း ဦးဆောင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက်က ဗိုလ်တထောင်မြို့နယ် (၁)ရပ်ကွက် ကမ်းနားလမ်း (လင်းစဒေါင်း) ရှိ ရပ်ကွက်နေပြည်သူများနှင့် ခရီးသွားပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသစဉ်။**

ကြေးမုံ

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ် အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အား**ဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အား**နဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ **ရွှေဖုံးမှ**

တွေ့ဆုံမှုအပြီးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးတို့ တက်ရောက်သည်။

**စာချွန်လွှာလက်မှတ်ရေးထိုး**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး H.E. Smt. Sushma Swaraj တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးနှင့် အိန္ဒိယ သံအမတ်ကြီး H.E. Shri Mr. Vikram Misri တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီပုထိုးများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

**ဝင်/ထွက်သွားလာ**

နယ်စပ်ဖြတ်သန်း သွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ သက်တမ်းရှိ ဗီဇာ၊ အီလက်ထရွန်နစ် ဗီဇာကိုင်ဆောင်ထားသော မြန်မာနိုင်ငံသား၊ အိန္ဒိယနိုင်ငံသားများနှင့် တတိယနိုင်ငံသားများသည် သတ်မှတ်ထားသည့် တမူး(မြန်မာ)-မိုရေး(အိန္ဒိယ)နှင့် ရိခေါဒါရ်(မြန်မာ)-ဇိုခေါသာ(အိန္ဒိယ)နယ်စပ် ဝင်/ထွက်ပေါက်များမှ ဝင်/ထွက်သွားလာနိုင်မည်ဖြစ်ပြီး ဗီဇာသတ်မှတ်ရက်အတိုင်း နေထိုင်ခွင့်ရမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံနယ်စပ်ဒေသနေ ပြည်သူများသည် တစ်နှစ်သက်တမ်းရှိ နယ်စပ် ဖြတ်သန်းခွင့်လက်မှတ် လျှောက်ထား၍ တစ်ဖက်နိုင်ငံသို့ ဝင်/ထွက်သွားလာနိုင်မည် ဖြစ်သည်။

ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဆိုပါဘုရားများအား မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)တို့ ပူးတွဲလျက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့ နှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်။

**အပြန်အလှန်လဲလှယ်**

ထို့ပြင် နှစ်နိုင်ငံသက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာများဖြစ်ကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံမှ မော်တော်ယာဉ် ၁၀ စီး ထောက်ပံ့ပေးအပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် သထုံမြို့တွင် ဖွင့်လှစ်သွားမည့် Indo-Myanmar Industrial Training Centre တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် မုံရွာမြို့၌ ဖွင့်လှစ်သွားမည့် Indo-Myanmar Industrial Training Centre တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန India Foreign Service Institute တို့အကြား မြန်မာသံတမန်များအတွက် စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် အိန္ဒိယနိုင်ငံအကူအညီဖြင့် မြင်းခြံမြို့၌ ဖွင့်လှစ်ထားသည့် Indo-Myanmar Industrial Training Centre မွမ်းမံပြင်ဆင်ရန် ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ စာလွှာတို့အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့ ရှေ့မှောက်၌ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးနှင့် အိန္ဒိယသံအမတ်ကြီးတို့ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပုဂံဒေသရှိ စေတီပုထိုးများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

## E-Band လှိုင်းနှုန်းများ လျှောက်ထားရယူနိုင်

**နေပြည်တော် မေ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် E-Band (Uplink 71.125 GHz~75.875 GHz, Downlink 81.125 GHz ~85.875 GHz) အတွင်းရှိ လှိုင်းနှုန်းများအား ITU Recommendation နှင့်အညီ 250 MHz Bandwidth ရှိ Channel များအား ငါးနှစ်သက်တမ်းရှိသော လှိုင်းနှုန်းစဉ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ချထားပေးသွားမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/my/news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်



**ဝါရှင်တန် မေ ၁၁**

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သမ္မတထရန့်က သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ယနေ့ရေးသားထားကြောင်း သတင်းများအရ သိရသည်။

အဆိုပါ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသည် နှစ်နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ ကြီးမားသော အောင်မြင်မှုတစ်ရပ်ကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံရာတွင် ကမ္ဘာ့နိုင်ငံများ၏ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်တွင် သမ္မတထရန့်က ရေးသားထားသည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးနောက် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့အတွက် အပြုသဘောဆောင်သည့် သဘောတူညီမှုတစ်ရပ် ထွက်ပေါ်လာမည်ဖြစ်ကြောင်း သမ္မတထရန့်က ကတိပြုရေးသားထားကြောင်း သိရသည်။

လာမည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲတွင် ခေါင်းဆောင်နှစ်ဦးအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးနှင့်ပတ်သက်ပြီး အပြီးသတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ရက်ရှာက မီဒီယာသို့ ပြောကြားခဲ့သည်။

အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံတွင် အဘယ်ကြောင့် ကျင်းပသလဲဆိုသည်မှာ စင်ကာပူနိုင်ငံသည် အမေရိကန်နှင့်သာမက မြောက်ကိုရီးယားနိုင်ငံနှင့်ပါ ကောင်းမွန်သော သံတမန်ဆက်ဆံရေး အစဉ်အလာရှိသည့်အတွက် ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ရက်ရှာက ပြန်လည်ဖြေကြားခဲ့သည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် ခေါင်းဆောင်နှစ်ဦးအတွက် လုံခြုံရေးအပြည့်အဝ တာဝန်ယူနိုင်သည့်အပြင် နှစ်နိုင်ငံအကြား ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ကြားနေဝါဒကျင့်သုံးမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ရက်ရှာက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကင်ညာ၌ ဆည်ကျိုးပေါက် ရွာသူရွာသား ၄၉ ဦး သေဆုံး

**နိုင်ရိုဘီ မေ ၁၁**

ကင်ညာနိုင်ငံ ရစ်ဖ်တောင်ကြားဒေသ၌ တည်ရှိသော ဆည်တစ်ခု ကျိုးပေါက်မှုကြောင့် လူပေါင်း ၅၀ နီးပါး သေဆုံးခဲ့ရကြောင်း၊ မြို့တော်နိုင်ရိုဘီ အနောက်မြောက်ဘက် မိုင် ၁၂၀ အကွာ ဆိုလေမြို့အနီး၌ ဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါတဲဆည်၏ ကမ်းပါးတစ်လျှောက် ကျိုးပေါက်ခဲ့မှုသည် မေ ၉ ရက် ညက ဖြစ်ပွားခဲ့ပြီး ၄၉ ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများအနက် ထက်ဝက်ခန့်မှာ ကလေးသူငယ်များဖြစ်ကြကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးဌာနက ပြောကြားသည်။

လွန်ခဲ့သည့် ၁၅ နှစ်၊ နှစ် ၂၀ ခန့်က တည်ဆောက်ခဲ့သောဆည်ဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်ကျိုးပေါက်ခဲ့ရကာ အနီးရှိ ကျေးရွာတစ်ရွာလုံးနီးပါး ရေအောက်သို့ ကျရောက်ခဲ့ရသည်။

ပျောက်ဆုံးနေသူများအတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အစိုးရက ညွှန်ကြားထားသည်။

**အေအက်ဖ်ပီ**





# ဂျာဗားကျွန်းရှိ မီယာပီမီးတောင်ပေါက်ကွဲ မီးတောင်ပြာများ ကီလိုမီတာ ၅၀၀၀ အထိ မှုတ်ထုတ်

**ဂျကာတာ မေ ၁၁**

ကမ္ဘာပေါ်တွင် လှုပ်ရှားမှုအများဆုံး မီးတောင်များထဲမှ တစ်လုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ မီယာပီမီးတောင်သည် မေ ၁၁ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ မီးတောင်၏ အနီးဝန်းကျင်တွင်နေထိုင်ကြသော ကျေးရွာသားများသည် ဘေးလွတ်ရာသို့ ပြောင်းရွှေ့တိမ်းရှောင်နေကြရကြောင်း၊ အဆိုပါမီးတောင်မှ မီးတောင်ပြာများနှင့် မီးခိုးလုံးများမှာ လေထုအတွင်းသို့ ကီလိုမီတာ ၅၀၀၀ (ပေ ၁၆၄၀၀)အထိ မြင့်တက်ပျံ့လွင့်နေကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဂျာဗားကျွန်းရှိ အဆိုပါမီးတောင်ထိပ်ဝမှ ငါးကီလိုမီတာ(သုံးမိုင်)ပတ်ပတ်လည် နယ်မြေအတွင်း နေထိုင်ကြသည့် ဒေသခံများ နေရပ်စွန့်ခွာကြရန် အစိုးရက အမိန့်ထုတ်ပြန်ထားသည်။ မီးတောင်မှ ထွက်ပေါ်လာသည့် မီးတောင်ပြာများသည် မီးတောင်မှ ကီလိုမီတာ ၃၀ အကွာရှိ ယဉ်ကျေးမှုမြို့တော် ယော့ဂျကာတာမြို့၏အနီးဝန်းကျင်လူနေဒေသအထိတိုင် ပျံ့နှံ့ရောက်ရှိခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက ပြည်နယ်မြို့တော်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယာယီခိုလှုံရေးစခန်းနှစ်ခုဖွင့်လှစ်ခဲ့ပြီး လေကြောင်းပျံသန်းမှုခရီးစဉ်နှစ်ဒါဇင်ခန့်ကို ဖျက်သိမ်းခဲ့သည်။

မီယာပီမီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူလူဦးရေမည်မျှ ယာယီခိုလှုံရေးစခန်းများသို့ ရောက်ရှိခိုလှုံနေသည်ကို ရှင်းလင်းစွာ မသိရှိရသေးပေ။ လူပေါင်း ၁၂၀၀၀ သည် မီးတောင်ဝန်းကျင်တွင် နေထိုင်ကြသည်။

မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်ချိန်တွင် တောင်တက်သမားဦးရေ ၁၂၀ ခန့်မှာ အဆိုပါမီးတောင်ပေါ်သို့ တက်ရောက်နေကြပြီး ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုရှိကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားသည်။

မီယာပီမီးတောင်သည် ၂၀၁၀ ခုနှစ်အတွင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးပြီး လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။ လူပေါင်း ၂၈၀၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ ယင်းမှာ ၁၉၃၀ ပြည့်နှစ်နောက်ပိုင်း အင်အားအပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုဖြစ်ကြောင်း ယုံကြည်ယူဆရသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင် တရားရုံးချုပ်တရားသူကြီးချုပ်အား ရာထူးမှ ဖယ်ရှားရန် မဲခွဲဆုံးဖြတ်

**မနီလာ မေ ၁၁**

ဖိလစ်ပိုင်နိုင်ငံ တရားရုံးချုပ်၏ တရားသူကြီးချုပ် လော်ဒက်စ် ဆာရီနိုအား ရာထူးမှဖယ်ရှားရန် မေ ၁၁ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းအားထောက်ခံသူလူ ၂၀၀၀ ခန့်က မြို့တော်မနီလာရှိ တရားရုံးချုပ်အနီးတွင် စုဝေးဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ အမြင့်ဆုံးတရားရုံး၏ အကြီးအကဲ ဆာရီနိုသည် တရားရုံးချုပ်၏ ဖယ်ရှားမှုကို တွေ့ကြုံရသည့် ပထမဆုံးသော တရားသူကြီးချုပ်ဖြစ်သည်။

မေ ၁၁ ရက်က သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ်ကို ပြုလုပ်ရာတွင် တရားသူကြီးချုပ်အား ရာထူးမှဖယ်ရှားရန် တရားသူကြီး ရှစ်ဦးက ထောက်ခံမဲပေးခဲ့ကြပြီး ခြောက်ဦးက ကန့်ကွက်မဲပေးခဲ့ကြသည်။

ဆာရီနိုသည် ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး တရားသူကြီးချုပ်ဖြစ်ပြီး သမ္မတဒူတာတေးအား ဝေဖန်မှုဖြင့် ပစ်မှတ်ထားခံရသူ အထက်တန်းတာဝန်ရှိသူများတွင် ပါဝင်သည်။

နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးတွင် တာဝန်ထမ်းဆောင်ရန် ဆာရီနို အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်ချက်တွင် ဖော်ပြထားကြောင်း တရားရုံးချုပ်ပြောရေးဆိုခွင့်ရှိသူ သီအိုဒိုတဲက သတင်းထောက်များအား ပြောကြားသည်။

ဆာရီနိုသည် ယခင်နှစ်များအတွင်း ၎င်းပိုင် ခနဉစ္စာများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာရန် ပျက်ကွက်ခဲ့သည်ဟု ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော်လည်း ယင်းစွပ်စွဲချက်ကို ၎င်းက လုံးလုံးလျားလျား ငြင်းဆိုခဲ့သည်။

ထိုစဉ်အတွင်း ဆာရီနိုအား အောက်လွှတ်တော်က စွဲချက်တင် ပြစ်တင်ရှုတ်ချရန် စီစဉ်လျက်ရှိသည်။ သမ္မတဒူတာတေးသည် လူ့အခွင့်အရေး ချိုးဖောက်သူဖြစ်သည်ဟု ဝေဖန်ပြောကြားကြသူများကို ပစ်မှတ်ထားကာ ရာထူးမှ ဖယ်ရှားနိုင်ရန် လုပ်ဆောင်မှုများရှိလာကြောင်း သတင်းတွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

### ✪ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးမှ

တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့သည့်အတွက် သက်တမ်းတစ်နှစ်ခွဲကျော်ပြီ ဖြစ်ပါကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းစဉ်ကတည်းက လုပ်ငန်းတာဝန် ငါးရပ်ချမှတ်ခဲ့ပြီး အဆိုပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ငါးခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

#### ဖြေရှင်းပေးလျက်ရှိ

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် လုပ်ငန်းကော်မတီ ငါးခု၏ ဆောင်ရွက်မှုများကို နှစ်လတစ်ကြိမ်ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး ဖြေရှင်းပေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအထိ တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း ၁၆ ကြိမ်ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက် စုစုပေါင်း ၂၄၅ ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားပေးပြီးဖြစ်ပါကြောင်း။

#### ဖြေလျှော့ဆောင်ရွက်

အချို့ကိစ္စရပ်များသည် မပြီးပြတ်သေးဘဲ ဆက်လက် ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသည့်အတွက် လုပ်ငန်းကော်မတီ ၅ ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public - Private Dialogue)များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာစေရေးအတွက် နိုင်ငံတော်က ခေတ်စနစ်နှင့် လျော်ညီသည့် ဥပဒေမူဘောင်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်များကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

#### တားဆီးထိန်းချုပ်

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ရပ်တည်နိုင်ရန် နယ်စပ်ဒေသမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ တရားမဝင်ကုန်သွယ်မှုများ ဝင်ရောက်လာနိုင်သည့် ရှောင်ကွင်းလမ်းကြောင်းများကို တားဆီးထိန်းချုပ်နိုင်ရန် အထူးအဖွဲ့များ ဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် Doing Business နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ သုံးနှစ်အတွင်း အဆင့် ၁၀၀ အောက်ရောက်ရှိရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက် အောင်မြင်စေရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ဒုတိယဝန်ကြီး
ဦးအောင်ထူး



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ
ဦးဇော်မင်းဝင်း

#### ကြေညာသွားမည်

Ease of Doing Business Indicator များအလိုက် ညွှန်းကိန်း ၁၀ ခုကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business ကဏ္ဍ ၁၀ ခုမှ Getting Credit နှင့်စပ်လျဉ်း၍ ချေးငွေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့်အဖွဲ့အစည်း (Credit Bureau)ကို ခွင့်ပြုပေးပြီးဖြစ်ပါကြောင်းနှင့် မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း။

Ease of Doing Business Ranking တိုးတက်ရေးအတွက် မေးခွန်းများ ဖြေကြားရာတွင် ဖြေကြားသူများ(Respondents)ဘက်မှ ဖြေလျှော့ဆောင်ရွက်ပေးမှုများအပေါ် မှန်ကန်စွာဖြေဆိုနိုင်ရေး သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ အဖွဲ့များအား တွေ့ဆုံရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းရှင်များဘက်က စနစ်တကျပြန်လည်ဖြေကြားနိုင်ရေးကိုလည်း UMFCCI မှ ပူးပေါင်းဆောင်ရွက်မှုနှင့် တကယ်လက်တွေ့နယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုတိုးတက်မှုအခြေအနေများကို ပေါ်လွင်အောင်ဖြေကြားနိုင်ရေးကိုလည်း အလေးထားကူညီဆောင်ရွက်ပေးစေလိုကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့ လေးဖွဲ့အနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ဆုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

#### တိုးတက်စေရေး

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက Ease of Doing Business Ranking တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

#### ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကလေး-တမူး နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဂျုံလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။


**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်အဖွဲ့ ပြည်သူ့ဝန်ထမ်းဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုလေ့လာရေးအစီအစဉ်သို့ တက်ရောက်

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ (Chinese Academy of Governance-CAG) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် မေ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုလေ့လာရေးအစီအစဉ်(China-Myanmar Cooperation on Civil Service Affairs)သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ လေ့လာရေးခရီးစဉ်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ(CAG) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာမူဝါဒ၊ မူဝါဒအကြံပေးခြင်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ သုတေသနလုပ်ငန်းများ၊ လေ့ကျင့်ရေးကိစ္စရပ်များနှင့် ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးခြင်း စသည့် နယ်ပယ်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ(CAG)နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အဆိုပါ MoU အပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။



ခရီးစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Governance မှ Vice President , Mr. Chen Li နှင့် သွားရောက်တွေ့ဆုံ၍ အကယ်ဒမီဖွင့်လှစ်တည်ထောင်မှုနှင့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်သင်ကြားပေးရေးဆိုင်ရာကိစ္စများအား ဆွေးနွေးဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပညာသင်ကြားမှုစနစ်များအား လေ့လာဆွေးနွေးခြင်း၊ ဆက်လက်၍ ပီကင်းတက္ကသိုလ်ရှိ Institute of South-South Cooperation and Development (ISSCAD) သို့ သွားရောက်ကာ Leadership Development Programme နှင့် ပတ်သက်၍ လေ့လာဆွေးနွေးခြင်း၊ Chinese Bureau of Civil Service ရှိ Department of the Central Committee of the CPC မှ ဌာနအကြီးအကဲနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များအား ဆွေးနွေးလေ့လာခဲ့သည်။ မေ ၁၀ ရက်တွင် ရှန်ဟိုင်းပြည်နယ်၏ ဒုတိယမြို့တော်ဝန် Shanghai Institute of Administration ၏ ဥက္ကဋ္ဌ Mr.PENG Chenlei နှင့် တွေ့ဆုံကာ ရှန်ဟိုင်းပြည်နယ်၏ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုစနစ်အား ဆွေးနွေးခဲ့ပြီး မေ ၁၁ ရက်တွင် ကူမင်းမြို့ရှိ Yunnan Institute of Administration သို့ သွားရောက်၍ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ပေးမှုနှင့် နိုင်ငံ့ဝန်ထမ်းရေးရာ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကျောင်းစာကြည့်တိုက်များ ဖွင့်ရမည်

■ ခင်မောင်ဌေး(ပညာရေး)

ကျောင်းစာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်ကိုဖွင့်ကြရမည် ဖြစ်သည်။ ဤခေါင်းစီးမျိုးမတပ်ချင်ပါ။ သို့သော် မရနိုင်တော့ပါ။ အကြောင်းမှာ လောကတွင် လုပ်သင့်သည် (Should do) နှင့် လုပ်ကိုလုပ်ရမည် (Must do)ဟူ၍ ရှိသည်။ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ရမည့်အရေးမှာ လုပ်သင့်သော အလုပ်မဟုတ်၊ လုပ်ကိုလုပ်ရမည့် အလုပ်ပင်ဖြစ်သည်။

အခြေခံကျောင်းများတွင် ကျောင်းစာကြည့်တိုက်များရှိပါသည်။ အတန်အသင့်သော စာအုပ်စာတမ်းများလည်း ရှိကြပါသည်။ သို့သော် စာကြည့်တိုက်များသည် ကျောင်းသား ကျောင်းသူများ ရံဖန်ရံခါ အားလပ်သည့်အချိန်များတွင်သာ အသုံးပြုသည့်နေရာ ဖြစ်နေပါသည်။ အခြေခံပညာကျောင်းများ၏ စာသင်ချိန်များကိုကြည့်လျှင် စာသင်ချိန်များဖြင့်သာ ပြည့်နေတတ်သည်။ စာရိတ္တပညာ၊ ဂီတ၊ ကွန်ပျူတာ၊ ပန်းချီ စသဖြင့် အချိန်အချို့တွေ့ရ၏။ သို့သော် ကလေးများအတွက် စာဖတ်ချိန်မရှိ။ စာဖတ်ချိန်သည် ကလေးများ ကစားချိန်၊ ထမင်းစားချိန်များမှ ဖဲ့၍သုံးလျှင်သာ ရနိုင်မည်ဖြစ်၏။ အခြေခံပညာအထက်တန်းအဆင့်ဖြစ်သည့် နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ၏ အချိန်စာရင်းကိုကြည့်လျှင် စာသင်ချိန်များသာ ပြည့်နေမည်ဖြစ်၏။

မကြာသေးမီကပင် မြန်မာနိုင်ငံတွင် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားကို အိမ်ရှင်အဖြစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC II)၌ ကျင်းပခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ကျင်းပလာသည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ၏သက်တမ်းသည် ၄၈ နှစ်ထဲသို့ ရောက်ရှိနေပြီဖြစ်၏။ ညီလာခံကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အရှေ့ တောင်အာရှအတွင်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာစာကြည့်တိုက် အဝန်းအဝိုင်းထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် စာဖတ်ခြင်းနှင့်ပတ်သက်၍ "စာဖတ်ခြင်းသည် ကလေးတစ်ယောက်၏ ဘဝတွင် လေ့လာစရာများကို လေ့လာပြီး အောင်မြင်မှုရရှိရန်အတွက် အခြေခံအကျဆုံး အရည်အသွေးများကို ပေးစွမ်းနိုင်ပါကြောင်း၊ စာဖတ်သည့်အလေ့အထကို ကလေးများရရှိရန် ငယ်ရွယ်စဉ်ကတည်းကစပြီး လေ့ကျင့်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့ဘောင် အသိုင်းအဝိုင်းတွင် ကျောင်းစာကြည့်တိုက်များ တိုးပွားလာရေးနှင့် စာကြည့်တိုက် အသုံးပြုတတ်ကြစေရေး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာရေးသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ရုံသာမက ကျောင်းသား ကျောင်းသူများ စာပေ၊ လူမှုရေး၊ သိပ္ပံ၊ သမိုင်းနှင့် လူ့သဘောသဘာဝအကြောင်းများကို ချစ်မြတ်နိုးတတ်လာစေရေး စာကြည့်တိုက်များက လေ့ကျင့်ပျိုးထောင်ပေးရန်လိုပါကြောင်း" စသဖြင့် ထည့်သွင်းပြောကြားသွားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်သွားခဲ့သည့်အတိုင်း ကလေးများစာပေဗဟုသုတ ပြန့်ပွားဖို့၊ စာဖတ်ခြင်းအလေ့အထ စွဲမြဲဖို့သည် ကျောင်းစာကြည့်တိုက်များက စတင်ကြရမည်ဖြစ်သည်။ ငယ်စဉ်က စာဖတ်ခြင်းဝါသနာကို ပြုစုပျိုးထောင်ပေးနိုင်မှသာ စာပေအပေါ် ချစ်ခင်မြတ်နိုးစိတ်နှင့် စာဖတ်ခြင်းအလေ့အထ စွဲမြဲသွားနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အထက်တန်းပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အထက်တန်းပညာရေးအတွက် အခြေခံလိုအပ်ချက်မှာ စာကြည့်တိုက်များဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရက ပညာရေးမူဝါဒချမှတ်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ပြဌာန်းခြင်းတို့ကို တစ်ပါတည်း ချမှတ်ဆောင်ရွက်ရပါကြောင်း၊ ပြည်သူ့စာကြည့်တိုက်များမှာ ကျောင်းပြင်ပ ပညာရေးကို လေ့လာသင်ယူနိုင်သောနေရာများအဖြစ် ဖော်ဆောင်ပေးရမည့်နေရာဖြစ်ပါကြောင်း" ပြောကြားသွားသည်။

ယခုအခါ တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်တွင် မေးခွန်းပုံစံ ပြောင်းလဲစစ်ဆေးတော့မည်ဖြစ်သည်။ မြန်မာစာဘာသာရပ်အတွက် ဆိုလျှင်ပင် ယခင်ကကဲ့သို့ အလွတ်ကျက်မှတ်ဖြေဆိုရုံဖြင့် မရနိုင်တော့ပါ။ ပြောင်းလဲလိုက်သည့် မေးခွန်းနံပါတ် ၆(ခ)ဆိုလျှင် အဆိုတစ်ခုကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း စသည့် စဉ်းစားတွေးခေါ်၍ သုံးသပ်ဖြေဆိုရမည့်ပုံစံ ပါဝင်လာသည်ကို တွေ့ရသည်။ ကျောင်းသား ကျောင်းသူများမှာ မူလကပင် စာစီစာကုံးကို ကိုယ်ပိုင်ဟန်ဖြင့် စီကုံးရေးသားခြင်းထက် အသင့်ပြင်ဆင်ထားသည့် အထူးထုတ်များမှ အလွတ်ကျက်မှတ် ဖြေဆိုနေကြလေသည်။ သို့ဖြစ်ရာ ယခုကဲ့သို့ စဉ်းစားတွေးခေါ်၍ ဖြေဆိုရန်မှာ အခက်အခဲရှိကြဦးမည် ဖြစ်သည်။ သို့ဖြစ်၍ ယခင်ကကဲ့သို့ ကျောင်းစာ(ပြဋ္ဌာန်းစာ)သက်သက် ကျက်မှတ်နေရုံဖြင့် မရနိုင်တော့ပါ။ စာမျိုးစုံ ဖတ်မှတ်လေ့လာရန် လိုလာပါသည်။ ဆွေးနွေးခြင်း ဝေဖန်သုံးသပ်ကြည့်ခြင်းများ လိုလာပါသည်။ ဆရာ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူများပါ စာများများဖတ်ခြင်းဖြင့် မိမိတို့၏ စွမ်းရည်များကိုပါ မြင့်မားလာရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

စင်စစ် စာကြည့်တိုက်များသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် သုတ၊ ရသပညာရပ်များနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးမျှဝေပေးရာ နေရာဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် မြန်မာနိုင်ငံတစ်ဝန်း စာဖတ်ရှိန်မြင့်မားလာရေး စာကြည့်တိုက်များကို ပိုမိုလက်လှမ်းမီ သုံးစွဲခွင့်ရရေး၊ နည်းပညာအသုံးပြုမှု မြင့်မားလာရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့အတူ စာဖတ်သူများကို မှန်ကန်သော သတင်းအချက်အလက်များပေးနိုင်ရေး စာကြည့်တိုက်များ အသွင်ပြောင်းလာရေးနှင့် စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည်မြင့်မားလာရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရ၏။

> ကလေးများ စာပေဗဟုသုတ ပြန့်ပွားဖို့၊ စာဖတ်ခြင်း အလေ့အထ စွဲမြဲဖို့သည် ကျောင်းစာကြည့်တိုက်များက စတင်ကြရမည်ဖြစ်သည်။ ငယ်စဉ်က စာဖတ်ခြင်း ဝါသနာကို ပြုစုပျိုးထောင်ပေးနိုင်မှသာ စာပေအပေါ် ချစ်ခင်မြတ်နိုးစိတ်နှင့် စာဖတ်ခြင်း အလေ့အထ စွဲမြဲသွားနိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ အချုပ်ဆိုရလျှင် ကလေးများအား ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အထ စွဲမြဲလာစေရန် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ခြင်း၊ ကလေးများ၏ အသိပညာ ဗဟုသုတ ပိုမိုကြွယ်ဝလာစေရန် စာဖတ်ခြင်းကသာ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် အထက်တန်းအဆင့်ပညာရေး ဆက်လက်ဆည်းပူးသည်နှင့်အမျှ စာကြည့်တိုက်များ၏အခန်းကဏ္ဍ ပိုမိုမြင့်မားလာခြင်းတို့ကြောင့် ကျောင်းများတွင်ရှိသည့် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားလာဖို့လိုသည်။ "ကျောင်းစာကြည့်တိုက်များ ဖွင့်ကြပါစို့"ဟု ဆိုရုံမျှနှင့် မရနိုင်။ "အလိမ္မာ စာမှာရှိ" ဟု ပြောရုံနှင့်လည်း မပြီး။ အခြေခံပညာကျောင်းတိုင်းရှိ စာကြည့်တိုက်များ ဖွင့်ကို ဖွင့်ရမည်။ကျောင်းသား ကျောင်းသူများအတွက် စာဖတ်ချိန် သီးသန့်ပေးရမည်။ စာဖတ်ခြင်းအလေ့အထကို မဖြစ်မနေ ပြုစုပျိုးထောင်ပေးရမည် ဟူ၍သာ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပေးသင့်ပါသည်။ နိုင်ငံတော်ကလည်း လိုအပ်နေသော စာအုပ်စာတမ်းများနှင့် စည်းရုံးရေးစွမ်းရည် ပြည့်ဝ၍ ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ခန့်ထားပေးခြင်းဖြင့် ကျောင်းစာကြည့်တိုက်တံခါးများ ပွင့်လင်းလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

## CEO Conference 2018 ဆွေးနွေးပွဲ စကားဝိုင်းတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကြောင်းအရာများပါဝင်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ လမ်းညွှန်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် 7 Day TV မှ ကျင်းပသည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စသည့် အကြောင်းအရာများ ပါဝင်သည့် CEO Conference 2018 စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Max Yangon ဟိုတယ်၌ ပြုလုပ်သည်။



"ဒီပွဲကို 7 Day TV က ကျင်းပတာ၊ ကျွန်တော်တို့က ပူးပေါင်းပါဝင်တာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေကို ဥပဒေတွေနဲ့ပတ်သက်ပြီး သိရှိမှုအားနည်းနေသေးတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် သိရှိလာဖို့နဲ့ အခွင့်အလမ်းတွေ တော်တော်များများကို သိရှိလာဖို့အတွက်ရည်ရွယ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏက ပြောသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးရှိ လုပ်ငန်းကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံပါကရရှိနိုင်မည့်အားသာချက်များနှင့် အကျိုးအမြတ်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် CEO Conference 2018 စကားဝိုင်းသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်တို့က လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးဆိုင်ရာအကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် နယ်ပယ်အသီးသီးမှ ဦးဆောင်ပုဂ္ဂိုလ်များ၏ စီးပွားရေးဆိုင်ရာ မူဝါဒနှင့် စည်းမျဉ်းများ ပြောင်းလဲလာမှုများ၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍပြောင်းလဲလာမှု၊ မြန်မာနိုင်ငံငွေကြေးကဏ္ဍ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးစသည့် အကြောင်းအရာ ဆွေးနွေးပွဲ စကားဝိုင်းများ၊ မေးမြန်းမှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ စီစဉ်သည့် DICA Leagal Workshop များ ပါဝင်ကြောင်း သိရသည်။


ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်း စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးအပါအဝင် သာယာလှပသော လူနေမှုဘဝ တည်ဆောက်ရေး အစီအမံများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာလူငယ်လုပ်ငန်းရှင် လူငယ်လေးဦးတို့က မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ စီးပွားရေးနယ်ပယ် အသီးသီးမှ ထိပ်သီးခေါင်းဆောင်များ၊ အမှုဆောင်အရာရှိချုပ်များ၊ စွန့်ဦးတီထွင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အကြီးတန်းအရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သီသီမင်း**

## မေလထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင် ဆန်းသစ်ဝေဆာစွာ ထွက်ပြီ

**ရန်ကုန် မေ ၁၁**

သုတပဒေသာ စာစောင်(မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။



မေလထုတ် သုတပဒေသာ စာစောင်တွင် ဆရာကိုဇော်ဌေး (ယဉ်ကျေးမှု)၊ သန်းဇော(စီပီအေ)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ မြသိန်းတို့၏ "ရေသယံဇာတများ စနစ်တကျ ထိန်းသိမ်းကြ" မျက်နှာဖုံး ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ မောင်မိုးယံ၊ အေးဖြူ၊ ထင်ဇော်မျိုးသင်၊ ကြည်မင်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ သာလူရှည်၊ ထီလာစိုးမြင့်ထယ်တို့၏ နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ ဝေဖြိုးသာ၊ တင်ညွန့်တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ကိုကိုအောင်(အလုပ်သမား)၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများနှင့် ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကိုရောင်စုံဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ရုံးဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က နေပြည်တော် ကောင်စီနယ်မြေ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါနယ်မြေရှိ အားကစားလေ့ကျင့်ရေးစခန်း Cluster-3, Building (၇) ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းတို့က ဖဲကြိုးဖြတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရုံးဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို ဖွဲ့စည်းရခြင်းမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့်တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု၊ စိတ်ကောင်း စေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည်ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊ ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊ ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊ အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ် ဖွဲ့စည်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Smt. Sushma Swaraj အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတွင် နှစ်ဖက်တပ်များပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်မြေတည်ငြိမ်အေးချမ်းလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှု၊ ရခိုင်ဒေသ ဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို လေးစားမှုရှိရန် အရေးကြီးမှု၊ အခြေအနေမှန်များကို အိန္ဒိယနိုင်ငံက မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာသိရှိရန် အသိပေးရှင်းလင်းပြောကြားပေးမည့်အခြေအနေ၊ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ဆိုင်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို မေလနောက်ဆုံးပတ်တွင် ကျင်းပနိုင်ရန် ရည်မှန်းထားပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအားလုံးသည် မိမိတို့ရည်မှန်းချက်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်အောင်မြင်မြင် ချောချောမောမောကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ညီလာခံ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်များနေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအပြင် စိတ်အေးချမ်းသာ အဆင်ပြေစွာ နိုင်ငံရေးဆွေးနွေးပွဲများ တက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များအားလုံးကို တာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင် ရာဝန်ကြီးဌာနများအနေဖြင့် ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး ပိုမိုကောင်းမွန်၊ ပိုမိုပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၏ အားနည်းချက်၊ အားသာချက်များနှင့် တတိယအစည်းအဝေးအတွက် အချိန်မီကြိုတင်ဖိတ်ကြားရေး၊ နေရာထိုင်ခင်းအတွက် ကြိုတင်ပြင်ဆင်ရေး၊ လိုအပ်သည့် IT ပစ္စည်းများပံ့ပိုးရေး၊ အဆင်ပြေစွာ မှတ်တမ်းရယူနိုင်ရေး၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ချိတ်ဆက်မှုပိုမိုကောင်းမွန်ရေး၊ နေထိုင်၊ စားသောက်မှုကိစ္စများ အဆင်ပြေစေရေးတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ထို့နောက် ဖိတ်ကြားရေးလုပ်ငန်းကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ခန်းမအတွင်းနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်း ကော်မတီနှင့် ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီတို့မှ အတွင်းရေးမှူးများက ကဏ္ဍအလိုက် အားသာချက်၊ အားနည်းချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

❒ **အမျိုးသားအဆင့်မှ** အကျိုးရှိစွာ အသုံးချနိုင်ရေး၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း။

**အထောက်အကူပြုနိုင်**

ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းလိုအပ်ချက်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီဝင်များက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည့်အတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်ရာတွင် များစွာ အထောက်အကူပြုနိုင်ခဲ့ပါကြောင်း။

**တိုက်တွန်းပြောကြား**

ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သော အကျိုးရလဒ်များရရှိစေရန် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Sustainable Development Goals)ကို ဆက်လက်ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း။

၂၀၁၈ ခုနှစ် မတ်လအတွင်း ဘရာဇီးနိုင်ငံ ဘရာစီးလီးယားမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ၏ရလဒ်များကို တင်ပြခွင့်ရခဲ့သည့်အပြင် ကမ္ဘာ့ရေဖိုရမ်၏ ဝန်ကြီးအဆင့်ကြေညာစာတမ်း၌ မြန်မာနိုင်ငံ၏ ပါဝင်မှုကို ထည့်သွင်းဆွေးနွေးခွင့် ရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ရေနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များအနေဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ စီမံအုပ်ချုပ်လျက်ရှိသည့်ဝန်ထမ်းများပါ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်စေရန် အလေးထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ရေဆိုင်ရာ အခန်းကဏ္ဍတွင် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုနှင့် ရေအသုံးချမှု ဖြစ်ပေါ်စေရေး၊ တိုင်းရင်းသားပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေး၊ ရေနှင့် ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး၊ နယ်စပ်ဖြတ်ကျော်မြစ်များတွင် အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နည်းပညာများရယူပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ရေဆိုင်ရာ အချက်အလက်များ စုစည်းပြုစုပြီး ပြန်လည်ဖြန့်ဝေရေး တို့အတွက် ပံ့ပိုးပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းညှိနှိုင်း**

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွှယ်သည့် လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများနှင့်ပတ်သက်ပြီးလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီပြီး အမှန်တကယ် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများကိုသာ ဦးစားပေးညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများအပြင် အာဆီယံ လန်ချန်း - မဲခေါင် စသည့် ဒေသတွင်းနိုင်ငံများနှင့် ဆက်နွှယ်သည့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင်လည်း လိုအပ်သည့် ရှေ့လုပ်ငန်းစဉ်များ၊ စီမံကိန်းများ အတွက် ပြင်ဆင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဝင်များကို မိမိတို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ရေနှင့် ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြား ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကြံပြုချက်များကို ယခုအစည်းအဝေးတွင် တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့် ထိရောက်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

> **ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သော အကျိုးရလဒ်များရရှိစေရန် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Sustainable Development Goals) ကို ဆက်လက်ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်း**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ချောင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ကူးတံတားကြီးများ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စစ်ဆေးခြင်း၊ မြစ်ရေအရည်အသွေး စောင့်ကြည့်လေ့လာခြင်း၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များ တိုင်းတာ၍ အများပြည်သူသို့ ထုတ်ပြန်ခြင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ခြင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေယာဉ်များနှင့် ခရီးသည်များ အန္တရာယ် ကင်းရှင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးနှင့် ဆက်နွှယ်သည့် ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပုဂံဒေသ၌ မိုးရေစုဆောင်းမှုဆိုင်ရာစနစ် (Rainwater Harvesting System) စသည့် ရေနှင့်သက်ဆိုင်သည့် ကဏ္ဍများတွင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်ဝင်းနှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားရေအရင်းအမြစ် ကော်မတီဝင်များ၊ အကြံပေးအဖွဲ့နှင့် ဌာနဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိမိတို့ ကော်မတီအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအလိုက် ပုံမှန်ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များအပြင် ရေနှင့်ဆက်နွှယ်နေသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ပံ့ပိုးပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု၊ ရေနှင့်ဆက်နွှယ်သော လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ရန်ကုန်ကြေညာစာတမ်း**

အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအနေဖြင့် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရေသယံဇာတ ဆယ်စုနှစ် (၂၀၁၈-၂၀၂၈) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရေဥပဒေမူကြမ်းပြုစုခြင်း၊ ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝရေထွက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ကာကွယ်ထိန်းသိမ်းခြင်း၊ သံလွင်မြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်များ၏ အရည်အသွေး တိုင်းတာစစ်ဆေးခြင်းနှင့် ရေထုညစ်ညမ်းမှု ကာကွယ်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေခြင်းနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း၊ အမျိုးသား မိုးရေခံလှုပ်ရှားမှုနှင့် ဩစတြေးလျနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ လူငယ်ရေပညာရှင် လေ့ကျင့်မွေးထုတ်ရေး စသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ **နှစ်နိုင်ငံမှ** မတ် ၆ ရက်နှင့် မတ် ၇ ရက်တို့တွင် CCTV ကင်မရာ လေးလုံးကိုလည်းကောင်း၊ မတ် ၉ ရက်နှင့် မတ် ၁၀ ရက်တို့တွင် လုံခြုံရေးဆိုလာမီးတိုင် ၁၀ တိုင် ကိုလည်းကောင်း တပ်ဆင်စိုက်ထူထားကြောင်းလည်း သိရသည်။


အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မေ ၈ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ခေါ်ယူတွေ့ဆုံပြီး ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ရာရောက်သဖြင့် ဖယ်ရှားပေးရန်၊ နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံ မဆောက်လုပ်ရန် တားမြစ်ထားသည့်ဇုန်အတွင်းတွင် မြန်မာဘက်ခြမ်း၌ နေအိမ်၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပံ့ပိုးပေးနေမှုများ ရပ်ဆိုင်းပေးရန်နှင့် ယင်းဇုန်အတွင်း၌ တရားမဝင်နေထိုင်လျက်ရှိကြသော နေရပ်စွန့်ခွာသူများ ပြန်လည်ထွက်ခွာကြရေးအတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွန်ခဲ့သောလများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသော ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်လူမျိုး ၃၆၈ ဦးတို့နှင့် ပတ်သက်၍ အသိပေးပြောကြားခဲ့ပြီး ၎င်းတို့အား လိုအပ်သောနိုင်ငံသားစိစစ်မှုများ ဆောလျင်စွာ ပြုလုပ်ရေးနှင့် ၎င်းတို့ဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်သို့ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မိုးရာသီ မကျရောက်မီ စတင်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မြန်မာဘက်မှ စာရင်းပေးပို့ထားသော ရခိုင်ပြည်နယ်တွင်း၌ နေထိုင်ကြသည့် ဟိန္ဒူနှင့် မူဆလင် ၁၂၀၀ ခန့်အား ပြန်လည်ပို့ဆောင်ရေးအတွက် လည်းကောင်း၊ မြန်မာဘက်မှ စိစစ်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားသောစာရင်းပါ လူ ၉၂၉ ဦးတို့ကို ပြန်လည်ပို့ဆောင်ရေးအတွက်လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဆောလျင်စွာပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ Physical Arrangement တွင် သဘောတူညီထားချက်များအရ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ လူစာရင်းများပေးပို့ရန်လိုအပ်ကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအရေးကိစ္စနှင့် အခြားသောနှစ်နိုင်ငံဆိုင်ရာ အကျိုးတူကိစ္စရပ်များကို နှစ်ဖက်စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြေရှင်းသွားစေလိုကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ခန့်မှန်း ပေ၂၀ ခန့် အကွာနေရာတွင် ကွန်ကရစ်ဘန်ကာ တည်ဆောက်ထားမှုကို တွေ့ရစဉ်။**



**ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ခန့်မှန်း ၃၅ ပေခန့်အကွာနေရာတွင် သဲအိတ်/မြေသား အိုဗာဟက်ပစ်ကျင်း တည်ဆောက်ထားမှုကို တွေ့ရစဉ်။**



**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင် ၃၄ နှင့် ၃၅ ကြားတွင် လုံခြုံရေးဆိုလာမီးတိုင် ၁၀ တိုင် စိုက်ထူထားသည်ကို တွေ့ရစဉ်။**

❖ **ကျောဖုံးမှ**

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သတင်းသမားများ၏ မေးမြန်းမှုကို ဖြေကြားပေးရန် သတင်းနှင့် ပြန်ကြားရေးအဖွဲ့များကို ဖွဲ့စည်းထားရှိရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများ ပဋိပက္ခဒေသများသို့ သတင်းသွားရောက်ရယူနိုင်ရေးကိုလည်း အခြေအနေပေးသလောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များရှိနေသေးသည်ကို အသိအမှတ်ပြုပါကြောင်း၊ သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် အဟန့်အတားဖြစ်နေသည့် ဥပဒေများကိုလည်း ပြင်ဆင်နိုင်ရန် စဉ်းစားသုံးသပ်နေပြီး ပယ်ဖျက်သင့်သည်တို့ကို ပယ်ဖျက်ကာ အသစ်ရေးဆွဲသင့်သည်များကိုလည်း အသစ်ရေးဆွဲရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရက် ၁၀၀ ၊ ပထမ (၁)နှစ်တာ၊ ဒုတိယ (၁) နှစ်တာ ဟူ၍ သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အခြေအနေပေးသည့် တစ်နေ့တွင် သတင်းစာရှင်းလင်းပွဲများကို ပုံမှန်ကျင်းပနိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

**တရားစီရင်ရေးစနစ်**

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က မြန်မာနိုင်ငံတရားသူကြီးများအတွက် ၂၀၁၇ ခုနှစ် ဩဂုတ်တွင် တရားစီရင်ရေး ကျင့်ဝတ်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တရားစီရင်ရေး ကျင့်ဝတ်ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် တရားသူကြီးများ၊ တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံး တရားစီရင်ရေးစနစ်အပေါ် ပိုမိုသိရှိလာပြီး ခိုင်မာသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ်များကို ထုတ်ပြန်နိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာကို ၂၀၁၇ ခုနှစ်တွင်



ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာကိုလည်း ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ်ကို ထုတ်ဝေခြင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာပြီး တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများပြည်သူသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အစီရင်ခံစာ စာအုပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်ဆိုက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း။

**ပြည်သူလူထုသိရှိရန်**

အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုအပိုင်းအနေဖြင့် အသိပညာ ပြန့်ပွားရေးအတွက် ပြည်သူလူထုလက်ဝယ်သို့ တရားရုံး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာဇဝတ်အကြောင်းသိကောင်းစရာ၊ တရားမအမှုအကြောင်း သိကောင်းစရာ၊ စာချုန်လွှာအကြောင်း သိကောင်းစရာ၊ သင့်အတွက် တရားရုံးဆိုသည့် လက်ကမ်းစာစောင်များကိုလည်း ပြည်သူလူထုသိရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းများကိုလည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ပြင်ပမှအဖွဲ့အစည်းများကို လာရောက်လည်ပတ်လေ့လာခွင့် ပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာသမားများအတွက် တရားရုံးသတင်းမီဒီယာလက်စွဲစာအုပ် ဖြန့်ဝေပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာနှင့် ဆက်ဆံရာတွင် ဆက်ဆံရေးကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သတင်းမီဒီယာ အထူးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း တရားရုံးနှင့် သတင်းမီဒီယာ ထိတွေ့ဖြေကြားမှု အကြိမ် ၁၅၀ ကျော် ရှိခဲ့ပါကြောင်း၊ သတင်းမီဒီယာနှင့် တရားရုံးများအကြား ယုံကြည်မှုကို အတိုင်းအတာတစ်ခုအထိ တည်ဆောက်နိုင်ခဲ့ပါကြောင်း။

**ပေးအပ်နိုင်ခဲ့**

ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်း အလုပ်သင်ရှေ့နေ ၁၈၁၆ ဦး၊ အထက်တန်းရှေ့နေ ၈၇၉ ဦးကို အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ခဲ့သည့်အပြင် တရားလွှတ်တော်ရှေ့နေ ၂၅၂ ဦးကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပါကြောင်း။

တရားသူကြီးများ အရည်အသွေးမြှင့်တင်ရန်အတွက် နိုင်ငံတကာသို့ ပြည်ပ ပညာတော်သင် ၁၂ ဦး၊ နိုင်ငံတကာတွင် ပြုလုပ်သည့် ပြည်ပအစည်းအဝေးပွဲများသို့ သင်တန်းသား ၁၁၈ ဦး၊ နိုင်ငံတကာနှင့် ပြုလုပ်သည့် ပြည်တွင်းအစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့ သင်တန်းသား ၁၄၄ ဦးတို့ကို စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်ချက်အရ Judicial College ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**အကောင်အထည်ဖော်**

အလားတူ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက** ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာ့တရားစီရင်ရေးကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် တရားရုံးများ ခေတ်မီအောင်ဆောင်ရွက်ရန်အတွက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း တရားစီရင်ရေးဆိုင်ရာ ပြုပြင်မှုများကို မဟာဗျူဟာစီမံကိန်း၏ ဒုတိယနှစ်(၂၀၁၆)နှင့် တတိယနှစ်(၂၀၁၇) လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအသစ် ၂၀၁၈ - ၂၀၂၂ ကိုလည်း စတင်အကောင်အထည်ဖော်နေပါကြောင်း။

**ရှေ့ပြေးတရားရုံးအစီအစဉ်**

တရားရုံးများရှိ ကြန့်ကြာမှုခင်းများ လျှော့ချ၍ တရားရုံးစွမ်းရည်မြင့်မားလာစေရန်အတွက် ခေတ်မီအမှုသွားအမှုလာစီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူများ တရားမျှတမှုနှင့် တရားရုံး သတင်းအချက်အလက်များ လွယ်ကူစွာလက်လှမ်းမီရေးအတွက် အထောက်အပံ့များ၊ အစီအစဉ်များကို စမ်းသပ်အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ရှေ့ပြေးတရားရုံးအစီအစဉ်ကို လှိုင်သာယာ၊ ဘားအံမြို့နယ်တရားရုံးများ၊ တောင်ငူခရိုင်တရားရုံးတို့တွင် ၂၀၁၅ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ချမ်းအေးသာစံ၊ မကွေး၊ ပုသိမ်မြို့နယ်တရားရုံးများ၊ မုံရွာနှင့် မော်လမြိုင်ခရိုင်တရားရုံးတို့တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုသွားအမှုလာစီမံခန့်ခွဲမှု အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်၍ ရာဇဝတ်မှုများနှင့် တရားမမှုများတွင် အမှုမစစ်ဆေးမီ မှုခင်းစီမံခန့်ခွဲမှုကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အမှုအမျိုးအစားခွဲခြားခြင်း၊ အမှုစစ်ဆေးရန် ကြာမြင့်ချိန်သတ်မှတ်ခြင်း၊ အသုံးပြုမည့် စည်းမျဉ်းများ မှုခင်းကြာမြင့်မှုလျှော့ချခြင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

တရားရုံးတွင်စွဲဆိုသည့် မှုခင်းများ၏ အချက်အလက်များ ထည့်သွင်းခြင်း၊ စစ်ဆေးဆဲ အမှုများ၏သက်တမ်းကို စောင့်ကြည့်ခြင်း၊ မှုခင်းအခြေအနေတင်ပြခြင်း၊ မှုခင်းစီမံခန့်ခွဲမှု အချက်အလက်ပြုစုခြင်းတို့ကို ကွန်ပျူတာများ အသုံးပြု၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် တရားရုံး အသုံးပြုသူများ၏ တရားရုံးဝန်ဆောင်မှုများအပေါ် ကျေနပ်မှုကို စစ်တမ်းကောက်ယူခြင်း ပြုလုပ်ခဲ့ပါကြောင်း။

**တရားရုံးအဆင့်ဆင့်၏ မှုခင်းဆောင်ရွက်မှုအခြေအနေ**

တစ်နိုင်ငံလုံး၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၆ ရာခိုင်နှုန်းဖြစ်ပြီး ကနဦးရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၈ ဒသမ ၅ ရာခိုင်နှုန်း၊ တိုးချဲ့ရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်၍ ရလဒ်ပိုမိုကောင်းမွန်သည်ကို တွေ့ရပါကြောင်း၊ ရှေ့ပြေးတရားရုံးအစီအစဉ် အောင်မြင်မှုရရှိသဖြင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း။

အဆိုပါ တရားရုံးများ၏ ဆောင်ရွက်ချက်များကို ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး တရားရုံးနှစ်စဉ် အစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website http://www.unionsupremecourt.gov.mm၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ @ousc.publicrelations လူမှုကွန်ရက်တွင် ရယူနိုင်ပါကြောင်း။

**တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ ပြောင်းလဲသတ်မှတ်ခြင်း**

၂၀၁၇ ခုနှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှစ်ရုံးဖွင့်လှစ်၍ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၇ ဖြင့် လောက်ကိုင်ခရိုင်တရားရုံးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆၉/၂၀၁၇ ဖြင့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွဲ့စည်း၍ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခဲ့ပါကြောင်း။ **စာမျက်နှာ ၁၀ သို့** ❑



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် စင်ကာပူမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် စင်ကာပူနိုင်ငံတွင်ကျင်းပသည့် အာဆီယံ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (14th Conference of the ASEAN Ministers Responsible for Information – AMRI) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၉ မှ

**ဥပဒေလုပ်ထုံးလုပ်နည်းဆောင်ရွက်ချက်များ**

၂၀၁၇ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲရသော ဥပဒေ ၅၂ မျိုးအနက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် ဥပဒေလေးခုအား ပြင်ဆင်ခြင်းနှင့် နည်းဥပဒေထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁/၂၀၁၇)၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၇)၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄/၂၀၁၇)၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅/၂၀၁၇) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းဥပဒေ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၁၉/၂၀၁၇) တို့ ဖြစ်ပါကြောင်း။

**အကျဉ်းထောင်၊ ရဲဘက်စခန်းများနှင့် ရဲတပ်ဖွဲ့အချုပ်ခန်းများအား စစ်ဆေးကြည့်ရှုခြင်း**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများအနေဖြင့် အကျဉ်းထောင်များသို့ ၆၁ ကြိမ်၊ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့ ၄၄၅ ကြိမ်၊ ရဲဘက်စခန်းများသို့ ၂၆ ကြိမ် သွားရောက်စစ်ဆေး၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျ အကျဉ်းသူ အကျဉ်းသားများအတွက် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးစီရင်ရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **"တရားမျှတရေး အတူတကွ မြှင့်တင်ပေး"** (Advancing Justice Together) ဆိုသည့် ဆောင်ပုဒ်နှင့်အတူ မြန်မာနိုင်ငံတရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)ကို ချမှတ်ကာ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် သုံးနှစ်တာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏ အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ် အခြေပြုပြီးနောက် ပြည်သူလူထု၏ ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် မြန်မာ့တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ဆောင်ပုဒ်ဖြင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း အသစ် (၂၀၁၈ - ၂၀၂၂) ကို ချမှတ်၍ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

**ထမ်းဆောင်လျက်ရှိ**

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးစိုင်းထွန်းညိုက** နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အဓိကလုပ်ငန်း နှစ်ခုကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ ပညာဆက်လက်သင်ကြားနိုင်ခြင်းမရှိသည့် ကလေးများအတွက် အသက်မွေးမှု သင်တန်းကျောင်းများကို ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများရှိ ကလေးများအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ဒီဂရီကောလိပ် နှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းများမှ ကျောင်းဆင်းလူငယ်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ မြောက်ပိုင်း ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ခေါင်လန်ဖူးဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် မဂွေဇ-ခေါင်လန်ဖူးလမ်း(၆၅/၄) မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ လေးနှစ်စီမံကိန်းဖြင့် မဂွေဇ-ငါ့လုံဒမ်လမ်းပိုင်း(၂၅/၄)မိုင်၊ ငါ့လုံဒမ်-ရီဒမ်းလမ်းပိုင်း (၁၈/၄)မိုင်နှင့် ရီဒမ်း-ခေါင်လန်ဖူးလမ်းပိုင်း(၂၁/၄)မိုင်ကို ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လေ့လာရေးခရီးစဉ်များစီစဉ်**

နယ်စပ်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုကျောင်း အသစ်လေးကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကို ပခုက္ကူနှင့် ပုသိမ်မြို့တို့၌ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသူ ၁၅၀ ကို အသိအမှတ်ပြုလက်မှတ် ပေးအပ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက ရှင်းလင်းပြောကြားသည်။**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ တိုးတက်မှု အနေဖြင့် မဂ္ဂါဝပ် ၄၀ ရှိ မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မဂ္ဂါဝပ် ၅၀ ရှိ သီလဝါ ဓာတ်အားပေးစက်ရုံ၊ ၁၃၃ မဂ္ဂါဝပ်ရှိ မြင်းခြံဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ပြီးစီးခဲ့သည့်အပြင် မော်လမြိုင်စက်ရုံ၌ Gas Turbine ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ ၇၈ မဂ္ဂါဝပ်ရှိ Combined Cycled Power Plant ကို ၂၀၁၆-၂၀၁၇ တွင် လည်းကောင်း စက်တပ်ဆင်ပြီးစီးခဲ့ကြောင်း။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၁၈ မဂ္ဂါဝပ်ရှိ သထုံဓာတ်အားပေးစက်ရုံ၊ ၁၀၆ မဂ္ဂါဝပ်ရှိ သာကေတ ဓာတ်အားပေးစက်ရုံနှင့် ၂၂၅ မဂ္ဂါဝပ်ရှိ မြင်းခြံ Sembcorp ဓာတ်အားပေးစက်ရုံ စုစုပေါင်းသုံးရုံ ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၂၇၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ခုနစ်သိန်းကျော် ဓာတ်အားရရှိခဲ့ကြောင်း၊ ဓာတ်အားလိုင်း ရှင်းလင်းမှုအနေဖြင့် ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားဆုံးရှုံးမှုကို သုံးရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများမှ ၅၅၃၈ ဒသမ ၇၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းတို့တွင် အသေးစားရေအားလျှပ်စစ်စက်ရုံငယ်များမှ ၃၄ ဒသမ ၁၇ မဂ္ဂါဝပ်နှင့် ဒီဇယ်စက်ရုံများမှ ၈၇ ဒသမ ၆၃ မဂ္ဂါဝပ်တို့ ပါဝင်ကြောင်း။

**နှစ်စဉ်တိုးတက်သုံးစွဲလာ**

အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်(National Electricity Master Plan-NEP) အရ ၂၀၁၅ ခုနှစ်တွင် ၂၅၂၇ မဂ္ဂါဝပ် သုံးစွဲခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ် တိုးတက်သုံးစွဲမည်ဖြစ်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၂၀၀၄ မဂ္ဂါဝပ် ရှိမည်ဖြစ်ကြောင်း၊ နှစ်စဉ် နွေရာသီကာလအတွင်း အမြင့်ဆုံးသုံးစွဲခဲ့သည့် ဓာတ်အားလိုအပ်ချက်အား ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ယင်းထုတ်လုပ်မှုများတွင် နှစ်စဉ်တိုးတက်သုံးစွဲလာသည့် ဓာတ်အားတောင်းခံမှုများကို အပြည့်အဝ ဖြည့်ဆည်းနိုင်ခြင်းမရှိဘဲ ဆိုင်းငံ့ထားရသည့် ဓာတ်အားတောင်းခံမှုများရှိကြောင်း၊ အဆိုပါ ဓာတ်အားတောင်းခံလျှောက်ထားမှုများအား အပြည့်အဝ ဖြည့်ဆည်းပေးပါက တိုးတက်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်း။

**လုပ်ကိုင်ခွင့်ပြု**

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ်အထိ ကမ်းလွန်လုပ်ကွက်အသစ် ခြောက်ခုနှင့် ကုန်းတွင်းလုပ်ကွက်အသစ် လေးခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်း လုပ်ကွက်ပေါင်း ၁၀၄ ကွက်ကို သတ်မှတ်လုပ်ကိုင်ခွင့်ပြုထားကြောင်း။

ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ SIEMENSA.G ကုမ္ပဏီတို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်ဒေသတွင် မဂ္ဂါဝပ် ၁၂၃၀ ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhefu Holding Group Co.,Ltd. နှင့် မြန်မာနိုင်ငံ Supreme Trading Co.,Ltd. တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး မီးလောင်ကျွင်ဒေသတွင် မဂ္ဂါဝပ် ၁၃၉၀ ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ TTCL Public Company Limited ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံတွင် ၃၅၆ မဂ္ဂါဝပ် ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation Limited နှင့် မြန်မာနိုင်ငံ Supreme Trading Co.,Ltd. တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

**ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်**

လက်ရှိရေနံချက် စက်ရုံ သုံးရုံအနက် ချောက်နှင့် သံပရာကန် စက်ရုံနှစ်ရုံသာ လည်ပတ်လျက်ရှိရာ တစ်နေ့လျှင် ရေနံ ဂါလန်သုံးသိန်းခွဲခန့်သာ ချက်လုပ်နိုင်ကြောင်း၊ ပြည်တွင်းရှိ စက်ရုံများ၏ သက်တမ်းမှာ နှစ်ကာလကြာရှည်ခြင်း၊ ဒီဇိုင်းအရ ခေတ်မမီခြင်းတို့ကြောင့် ထွက်ရှိလာသော ဓာတ်ဆီ၊ ဒီဇယ်ဆီများမှာ ခေတ်မီ မော်တော်ယာဉ်များတွင် ထည့်သွင်းသုံးစွဲရန် မသင့်ခြင်း၊ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက် များပြားခြင်းတို့ကြောင့် နှစ်စဉ်ရေနံထွက်ပစ္စည်း ဂါလန်တန်ချိန် လေးသန်းခန့်ကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း။

ပြည်တွင်းရှိ ရေနံချက်စက်ရုံများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် အရွယ်အစားရှိပြီး ခေတ်မီနည်းပညာရပ်များဖြင့် အရည်အသွေးမြင့် ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ရေနံချက်စက်ရုံအသစ် တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း။

**စီးပွားဖြစ် တွက်ခြေကိုက်**

ဓာတ်မြေသြဇာစက်ရုံ ငါးရုံရှိပြီး စက်ရုံနှစ်ရုံမှာ သဘာဝဓာတ်ငွေ့လုံလောက်စွာ မရရှိ၍ ရပ်ဆိုင်းထားကြောင်း၊ လည်ပတ်လျက်ရှိသော စက်ရုံသုံးရုံမှာ စက်စွမ်းအား ကျဆင်းလာခြင်းကြောင့် စီးပွားဖြစ်တွက်ခြေကိုက် ထုတ်လုပ်ရန် ရုန်းကန်လျက်ရှိပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိကြောင်း၊ ပြည်တွင်း လိုအပ်ချက်မှာ နှစ်စဉ်ဓာတ်မြေသြဇာ တန်ချိန် ၁၂ သိန်းဝန်းကျင်ခန့်ရှိပြီး စက်ရုံများမှ ၁ ဒသမ ၂ သိန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် စီးပွားဖြစ်တွက်ခြေကိုက်သော စက်ရုံများဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပြည်သူအားလုံး သုံးစွဲနိုင်ရန်**

ရေနံဓာတ်ငွေ့ရည်ကဏ္ဍ ဖြန့်ဖြူးထုတ်လုပ်မှု တိုးတက်စေရေးအတွက် LPG Terminal တစ်ခုကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စု တစ်သန်းအား ရေနံဓာတ်ငွေ့ရည် တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျော့ကျရေး၊ သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးအတွက် ထင်းမီးသွေး သုံးစွဲမှုကို အစားထိုးနိုင်ရေးနှင့် ကျေးလက်၊ မြို့ပြ ပြည်သူအားလုံး သုံးစွဲနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဟန်မင်းကြူ (သတင်းစဉ်)**



ဦးကိုကိုနိုင်



ဒေါ်တင်နွယ်စိုး



ဦးစိုင်းထွန်းညို



ဦးတင်မောင်ဦး



ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် လာရောက်သတင်းရယူနေကြသော သတင်းမီဒီယာများကို တွေ့ရစဉ်။

# ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သတင်းမီဒီယာအဖွဲ့က တွေ့ဆုံမေးမြန်း

ရန်ကုန် မေ ၁၁

သတင်း- ရဲခေါင်ညွှန့်
ဓာတ်ပုံ- ဖိုးထောင်

**ကချင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှု ခက်ခဲလျက်ရှိသောနေရာများမှ ပြည်သူများအား လုံခြုံစိတ်ချရသောနေရာများသို့ ပြောင်းရွှေ့နေရာချထားရေးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို မီဒီယာများမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပက ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ်(နိုင်ငံခြား)စာတည်းမှူးချုပ် ဦးသာစိန် ဦးဆောင်သော သတင်းမီဒီယာအဖွဲ့သည် မေ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တာ သွားရောက်၍ သတင်းရယူခဲ့ကြသည်။**



ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအား သတင်းမီဒီယာအဖွဲ့ တွေ့ဆုံမေးမြန်းစဉ်။

သတင်းအဖွဲ့သည် မေ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် တန်ဖရဲ မြစ်ဆုံ ကျေးရွာရှိ မာရီယာ ကောင်းကင်ဘုံ သခင်မ ဘုရားကျောင်းနှင့် ကဝါးခ နောင်နန်းကျေးရွာအုပ်စု တြီနတီ နှစ်ခြင်းဘုရားကျောင်းတို့၌ လုံခြုံရေး အခြေအနေကြောင့် နေရပ်ကို ခေတ္တ စွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။ မေ ၁၀ ရက်တွင် တပ်မတော်က ထိန်းချုပ်ထားသည့် KIA တပ်မဟာ(၂) ဌာနချုပ် တည်ရှိရာ တနိုင်းမြို့နယ် အောင်လော့ဒ် ဒေသသို့သွားရောက်၍ တပ်မဟာ (၂)နှင့် အောင်လော့ဒ်ကျေးရွာထိခိုက်ပျက်စီးမှု ရှိ၊ မရှိ အခြေအနေတို့ကို ကြည့်ရှုသည်။

သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရယ်၊ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဂဲနက်(စ်)၊ ကချင်ပြည်နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကချင် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြား ရေးမှူးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးစီး ကော်မတီဝင်များအား သတင်း မီဒီယာအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာ အဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်ကို သွားရောက်တွေ့ဆုံ၍ ကချင်ပြည်နယ် အတွင်း တပ်မတော်၏ သဘောထား၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေ နှင့် ကချင်ပြည်နယ် ကျေးရွာအချို့မှ လုံခြုံရေးအခြေအနေကြောင့် နေရပ် ကို ခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိ သည့် ကျေးရွာသူ ကျေးရွာသားများ အတွက် တပ်မတော်က ဆောင်ရွက် ပေးနိုင်မည့် အခြေအနေတို့ကို မေးမြန်းသည်။

သတင်းမီဒီယာအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနား လေဆိပ်မှ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး နှင့် ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တို့အား ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မေးမြန်း ဖြေကြားခဲ့သည်များကို ဖော်ပြလိုက် ပါသည်။

**မေး။ ။ နိုင်ငံတကာက အကူအညီ ပေးချင်တယ်။ ဒါကို ကချင်ပြည်နယ် အစိုးရက ငြင်းပယ်နေတယ်ဆိုတာ ဟုတ်ပါသလား။**

ဝန်ကြီးချုပ် ဖြေ။ ။ တပ်နဲ့ KIA နဲ့ ထိတွေ့တဲ့နေရာတွေမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နဲ့ ညှိနှိုင်းပြီးတော့ သွားပြီး ကူညီမယ့်သူတွေရဲ့ လုံခြုံရေးကို ခွင့်ပြုရခြင်း ဖြစ်တယ်။ မသွားပါနဲ့ ဆိုတာမျိုး မရှိပါဘူး။ ပြည်နယ်အစိုးရ ကို သွားရောက်ကူညီဖို့ တောင်းဆိုတာ ရှိပါတယ်။ အခုက မိုင်းထောင် ထားတာတွေရှိတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေက သွားရောက် ကူညီတဲ့အခါ တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့အစိုးရရဲ့ တာဝန် ဖြစ်မယ်။ ကျွန်တော်တို့က သက်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခ နယ်မြေတွေကို သွားရမှာ ဖြစ်တဲ့ အတွက် သက်ဆိုင်ရာ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်နဲ့ ညှိနှိုင်းပြီးသွားလို့ ရတဲ့အချိန် ခွင့်ပြုပါတယ်။ မသွားရဘူး ဆိုတာတော့ မရှိပါဘူး။

**မေး။ ။ ဒီဒေသထဲမှာ တိုက်ပွဲကြောင့် ပဲ ဖြစ်ဖြစ်၊ လုံခြုံရေးကြောင့်ပဲ ဖြစ်ဖြစ် ပိတ်မိနေသူတွေ မရှိဘူးလို့ ပြောနိုင် ပါသလား။**

ဖြေ။ ။ မရှိဘူးဆိုတာတော့ ပြောလို့ မရဘူး။ တလောက လူငယ်တွေ ဆန္ဒ ပြတယ်။ လူငယ်တွေကို ကျွန်တော်တို့ ပြောတယ်။ လူငယ်တွေနဲ့ ကျွန်တော် တို့ ရည်ရွယ်ချက်ချင်းတူတယ်။ ကယ်ထုတ်နိုင်ဖို့အတွက်ဆို ကျွန်တော် တို့ကိုပြောပါ။ ဘယ်နေရာမှာ ဘယ်သူ တွေ ဒုက္ခရောက်နေသလဲ။ ကျန်းမာရေး အရ ဘယ်သူတွေက အရေးပေါ် စောင့်ရှောက်ဖို့ လိုသလဲဆိုတာ ပြောပါ။ ကျွန်တော်တို့ အစိုးရက သက်သက် ကူညီနိုင်တာဆိုရင် ကျွန်တော်တို့ပဲ ကူညီမယ်။ တပ်နဲ့ ညှိနှိုင်းပြီးမှ ကူညီရမယ်ဆိုရင်လည်း ညှိနှိုင်းပြီး ကူညီမယ်။ ပိတ်မိသူတွေ ဆိုပြီး အလျှိုလျှိုတော့ ထွက်လာကြ ပါပြီ။ အဲ့ဒီမှာရှိနေတဲ့ ပြည်သူတွေ အသံပေးမှ ကျွန်တော်တို့ သိရမယ်။ ကျွန်တော်တို့ ကော်မတီတွေ ဖွဲ့ထား ပြီးသား။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့်အထိ ကူညီဖို့ အတွက် အဆင်သင့်ရှိနေပါတယ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ်
ဒေါက်တာ ခက်အောင်



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီး သူရမျိုးတင်



လူမှုရေးဝန်ကြီး
ဒေါက်တာ သင်းလွင်



ကြက်ခြေနီကြီးကြပ်မှု
ကော်မတီဥက္ကဋ္ဌ ဦးဂဲနက်(စ်)

**မေး။ ။ စွပ်စွဲမှုတွေပေါ်ပေါက်နေ တယ်။ လူတွေ စိုးရိမ်နေတယ်။ ဒါဟာ နိုင်ငံရေးပယောဂတွေ ပါနေလား။ ပုံမှန်ပြန်ဖြစ်သွားဖို့ ဘယ်လို ဆောင်ရွက်မလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံရေး ပယောဂ ပါကောင်း ပါလိမ့်မယ်။ အခိုကက ငြိမ်းချမ်းရေး မရသေးတာပါ။ ငြိမ်းချမ်းရေးရဖို့ ကျွန်တော်တို့ ဝိုင်းပြီးလုပ်ရမယ်။

**မေး။ ။ ပိတ်မိတယ်လို့ ပြောနေ ကြတယ်။ အရင်ဘယ်နေရာ၊ လူဦးရေ ဘယ်လောက်ရှိတယ်ဆိုတာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရှိမှာပါ။ အခု ပြေးလာတယ်ဆိုတာနဲ့ ဘယ်လောက်ကွာဟနေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့မှာ အစိုးရ အုပ်ချုပ်နိုင်တဲ့ ဧရိယာရှိတယ်။ လက်လှမ်းမမီတဲ့ ဧရိယာရှိတယ်။ မနေ့က သတင်းထောက်အဖွဲ့တွေ သွားခဲ့တဲ့ အောင်လော့ဒ်ဆိုတဲ့ နေရာ ဟာ အရင်ကဆို အစိုးရဧရိယာ မဟုတ်ဘူးပေါ့။ အခုမှ ကျွန်တော်တို့ အစိုးရအုပ်ချုပ်တဲ့နေရာကို ရောက်လာ တာပါ။ ပထမ မန်ဝယ်မှာဆို ကယ်ထုတ်ဖို့ သတင်းရတာ လူ ၁၆၀ ရှိတယ်။ အဲဒီမှာ လူ ၃၀ က အိမ်ထောင်စု စာရင်းမရှိသေးဘူး ပြောတယ်။ အဲဒီမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဒါဟာ ပြည်ထောင်စု နိုင်ငံသားတွေ ဖြစ်တယ်။ မှတ်ပုံတင် လုပ်ပေးလိုက်ဆိုပြီး ကျွန်တော်တို့ ညွှန်ကြားခဲ့ပါတယ်။ အသေးစိတ် သိချင်ရင် လူဝင်မှုကြီးကြပ်ရေးဦးစီး ဌာနက ညွှန်ကြားရေးမှူးရှိတယ်။ ပြည်နယ်မှူးရှိတယ်။ လူမှုရေးဝန်ကြီး ရှိတယ်။ နယ်/လုံဝန်ကြီးရှိတယ်။ အသေးစိတ် ဖြေပါလိမ့်မယ်။

**မေး။ ။ ခေတ္တ နေရပ်စွန့်ခွာသူတွေ ကို ပြည်နယ်အစိုးရဖွဲ့ပေးထားတဲ့ ကော်မတီတွေက IDP စခန်းတွေ မပို့ဘဲ သူတို့နဲ့နီးစပ်တဲ့ ဆွေမျိုးအိမ် တွေကို ပို့တယ်လို့ ပြောနေပါတယ်။ တနိုင်းမှာ စစ်ရှောင်စခန်း IDP လုပ်ခွင့်မရှိဘူးဆိုတဲ့ အပေါ်မှာရော ဘယ်လိုများ ပြောပြချင်ပါသလဲ။**

ဖြေ။ ။ ဆွေမျိုးအိမ်ကို ပို့တယ်ဆိုတာ သူတို့ရဲ့ သဘောဆန္ဒအတိုင်း လုပ်ပေး တာပါ။ နောက် လုံခြုံရေးမရှိခင် စပ်ကြားမှာ ဘုရားကျောင်းတို့၊ ဘုန်းတော်ကြီးကျောင်းတို့မှာ ခဏ ထားတဲ့ အနေအထားပါ။ နောက် IDP ရှိနေပြီးသား IDPs Camp တွေက များနေပါပြီ။ နောက်ထပ်စခန်း တွေထပ်ဖွင့်ဖို့ အစီအစဉ် မရှိဘူး။ လိုအပ်တာတွေကိုတော့ ပြည်ထောင်စု အစိုးရနဲ့ ကျွန်တော်တို့အစိုးရ ဝိုင်းဝန်း ပံ့ပိုးပါမယ်။ လူမှုရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ NGO၊ INGO တွေကလည်း ကူညီပါတယ်။ အခု ခေတ္တ သူတို့ရဲ့နေရပ်ကို မပြန် နိုင်သေးခင် လိုအပ်တဲ့ကူညီမှုတွေ လုပ်ပေးမှာပါ။ ကျန်းမာရေး စောင့်ရှောက်မှုက အစပေါ့။

**မေး။ ။ ပိတ်မိသူတွေ ရှိတယ်လို့ ပြည်နယ်အစိုးရက ကူညီဖို့ဖွဲ့ထားတဲ့ ကော်မတီတွေက ပြောလာရင် ကူညီဖို့ အသင့်ပါပဲလို့ ပြောပါတယ်။ ဘယ်လို ဆောင်ရွက်သွားဖို့ ရှိမလဲ။**

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖြေ။ ။ ပိတ်မိနေတယ်ဆိုရင် နေရပ် အိမ်အထိရောက်ဖို့ ကူညီမယ်လို့ တပ်မတော်ပိုင်းက တာဝန်ရှိတဲ့သူတွေ က ပြောပြီးပါပြီ။ ကျွန်တော်တို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရဲ့ တိုင်းမှူးကိုယ်တိုင်ကလည်း ပြောပြီး ပါပြီ။ ထမ်းပိုးဖို့လိုအပ်တဲ့ ပစ္စည်းတွေ ကအစ ကူညီထမ်းပိုးပါမယ်။ ကားလို ရင် ကား၊ နောက်ဆုံး ကျန်းမာရေး အတွက်လိုအပ်ရင် ရဟတ်ယာဉ် အသုံးပြုပြီး ရွှေ့ပြောင်းကူညီပေးပါ မယ်လို့ ပြောထားတာရှိပါတယ်။ အဓိက အရေးကြီးတာက ကာယကံ ရှင်ပါ။ IDP နဲ့ ပတ်သက်ရင်လည်း ကျွန်တော်ထပ်ပြီး ပြောပြပါမယ်။ ကျွန်တော်တို့ဆီမှာ အစိုးရထိန်းချုပ် ထားတဲ့ Government Area နဲ့ ထိန်းချုပ်မှုမရှိတဲ့ Non-Government Area တွေမှာပါ စစ်ရှောင်စခန်း (IDPs) ၉၀ ကျော် ၁၀၀ နီးပါး ရှိပါ တယ်။ ဒါဟာ မကောင်းတဲ့ လက္ခဏာ ပါ။ မန်ဝယ်ကသူတွေကို ဆွေမျိုးတွေဆီ ပို့တာ သူတို့ရဲ့ ဆန္ဒအရပါ။ ဒေသထဲ မှာ နေလို့ရပါတယ်။ နေပါလို့ပြောတာ ကို ထွက်ချင်တယ်ဆိုပြီး ပြောလို့ ချက်ချင်းခေါ်ထုတ်ပြီး သူတို့ဆွေမျိုး တွေဆီ ပို့ပေးတာပါ။ အိမ်ပြန်ဖို့ အတွက် တစ်ခုခုရဲ့ လွှမ်းမိုးမှု ဖိအား ကြောင့် သူတို့တွေမှာ တွေဝေနေတဲ့ လက္ခဏာရှိပါတယ်။

လူမှုရေးဝန်ကြီး ဖြေ။ ။ မန်ဝယ် ဒေသ လိုင်နောင်ခူးကနေ ကာမိုင်း ကို ရွှေ့ပေးပါတယ်။ ရွှေ့ပေးတဲ့နေရာ မှာလည်း အတင်းအဓမ္မ ရွှေ့တယ် ပြောတယ်။ ပထမဦးဆုံး ကျွန်တော်တို့ တတိယအဖွဲ့အစည်းဖြစ်တဲ့ ကြက်ခြေနီ ကို စေလွှတ်ပါတယ်။ အဲဒီမှာ ဘယ်သူကတော့ ဘယ်ဆွေမျိုး သားချင်းအိမ်မှာ နေချင်ပါတယ်ဆိုပြီး သူတို့ကိုယ်တိုင် ဆန္ဒပြုထားတဲ့ စာရင်းကို ကျွန်တော်တို့ရပါတယ်။ အဲဒီစာရင်းကို ကချင်ပြည်နယ် ကြက်ခြေနီဥက္ကဋ္ဌ ဦးဂဲနက်(စ်)ဆီက ယူကြည့်နိုင်ပါတယ်။ ဦးဂဲနက်(စ်) ဖြေကြားပေးစေချင်ပါတယ်။

ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဖြေ။ ။ ပထမဆုံး အနေနဲ့ ကျွန်တော်တို့ အဲဒီဒေသကို ရောက်တော့ ဘယ်သူက ဘယ်ဆွေမျိုး အိမ်မှာ နေချင်ပါတယ်ဆိုပြီး ဆန္ဒပြု လွှာတွေ ရပါတယ်။ အိမ်ထောင်စု ၂၈ စုကနေ ဘယ်မှာ သွားနေချင်ပါ တယ်ဆိုတဲ့ ဆန္ဒပြုလွှာတွေရတော့ ပြည်နယ်အစိုးရဆီကို ပေးပါတယ်။ တစ်ယောက်ဆို သူ့အိမ်က ကာမိုင်းမှာ ရှိတယ်။ အဲဒီမှာပဲ နေမယ်လို့ ပြောပါ တယ်။ သူတို့ရဲ့ဆန္ဒအရ ပြည်နယ် အစိုးရက လိုက်လံပို့ဆောင်တဲ့အခါ ကျွန်တော်တို့ ကြက်ခြေနီလည်း ပါပါ တယ်။

**စာမျက်နှာ ၁၃ သို့ »»**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်အား သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းစဉ်။

# မြိတ်-ထားဝယ်လမ်းပိုင်းတွင် ကွန်တိန်နာယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**မြိတ် မေ ၁၁**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မြိတ်-ထားဝယ်ကားလမ်း မိုင်တိုင်(၅၄/၇)နှင့် (၅၅)ကြားတွင် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မြိတ်သို့ ယာဉ်မောင်းအောင်အောင်(ခ)ကစ္စနား (၂၃)နှစ် ကန်ဖျားရပ် မြိတ်မြို့နေသူနှင့်အတူ ယာဉ်ပေါ်တွင် သုံးဦးတို့လိုက်ပါလာပြီး ကြက်စာ၊ ဘဲစာကြိတ်ရန် ကဗျက်ခေါင်းငါး ၆၀၀၀ ကီလိုဂရမ် တင်ဆောင် မောင်းနှင်လာသည့် ယာဉ်အမှတ် 6N/---- ခြောက်ဘီး (အဖြူရောင်) ကွန်တိန်နာယာဉ်သည် နောက်ဘီး ဘရိတ်ရှူးငြိကာ အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားရာသို့ သရက်ချောင်း မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသက်နိုင်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပလောက်မြို့ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါယာဉ်မှာ တစ်စီးလုံး မီးလောင်သွားကြောင်း သိရသည်။

ယာဉ်မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်နှင့် ကုန်ပစ္စည်းများ ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၄၀၀ ကျော်ခန့်ရှိခဲ့ပြီး ယာဉ်မောင်း အောင်အောင်(ခ) ကစ္စနားအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စန်းထူး(မြိတ်ကိုယ်ပွား)**



## ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၁၈ မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၁၁**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မေ ၂ ရက်က ခိုးမှုပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေ လမင်း(ခ)သကြ်န်(၂၀)နှစ်၊ ကျော်ဝင်းလှိုင်(ခ)မျောက်ကြီး(၁၉)နှစ်နှင့် သူရအောင်(၁၈)နှစ်တို့မှာ ထပ်မံ၍ ခိုးမှုများကျူးလွန်ထားကြောင်း သတင်းအရ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ငွေလမင်းလမ်းမပေါ်မှ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ လမင်း(ခ) သကြ်န်ပါ သုံးဦးတို့အား စစ်ဆေးခဲ့ရာ ၎င်းတို့သည် ၂၀၁၇ ခုနှစ် ဇူလိုင်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်းက လှိုင်သာယာမြို့နယ်အတွင်းမှ လက်ကိုင်ဖုန်းရှစ်လုံး ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ မတ်၊ ဧပြီလများအတွင်းကလည်း လှိုင်သာယာမြို့နယ်အတွင်း လက်ကိုင်ဖုန်း ၁၀ လုံး ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ လမင်း(ခ) သကြ်န်ပါ သုံးဦးတို့အား လှိုင်သာယာမြို့မရဲစခန်းနှင့် လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတို့တွင် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၆ စီး၊ သွင်းကုန် ၈၇၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၆ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၇၄၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၂၉၀ သန်းခန့်)စုစုပေါင်းတားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၀၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် OPPO Handset ၅၀၈ လုံး၊ KENBO Handset ၂၉၅ လုံး၊ Smart Phone V9 Handset ၈၂ လုံး၊ Vivo Handset အလုံး ၃၀၊ ivvi Handset ခုနစ်လုံး၊ အပင်ပိုးသတ်ဆေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၈၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒိုက်ဦးမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ရည်ရွယ်၍ ဒိုက်ဦးမြို့မဈေးကြီးရှေ့၌ မေ ၈ ရက်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒိုက်ဦးမြို့မရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်ကိုတို့က ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကျော်ကျော်(ဒိုက်ဦး)

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**
မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် ညနေ ၈ နာရီတွင် မိုးမောက်မြို့နယ် ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ခေါ်ဘောမ် မောင်းနှင်လာသည့် TOYOTA HIACE ယာဉ်ကို ရှာဖွေရာ ယာဉ်၏ခေါင်မိုးပေါ်ရှိ အံဝှက်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၈၅၉ ခွက်(ဘိန်းဖြူ အလေးချိန် ၉ ဒသမ ၄၄၉ ကီလို)၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၄၅၀၀၀၀ အား လည်းကောင်း၊ အလားတူ ယင်းနေ့ ညပိုင်းက အမှတ်(၂)မိတ္ထီလာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ဝေမိုးလွင်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား၊ လေသေနတ်လေးလက်၊ သေနတ်ဒင်ပိုင်းတစ်ခု၊ သံဘောစေ့ အလုံး ၃၅၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၂၀၀၀၀ အားလည်းကောင်း၊ မေ ၈ ရက် ညနေ ၄ နာရီခွဲက မကွေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာအုပ်စု နတ်မောက်-စိုင်ကောင်းကားလမ်းတွင် ဇော်မင်းနိုင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဧယျာသီရိမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် လျှပ်စစ်မီးတိုင်အချို့ ပျက်စီး

**နေပြည်တော် မေ ၁၁**
နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မေ ၁၀ ရက် ည ၉ နာရီခွဲက ရုတ်တရက် လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်း ခဲ့၍ မအူတောကျေးရွာအုပ်စု၊ သာစည်ကျေးရွာအုပ်စု၊ ရေဆင်းကျေးရွာ အုပ်စုတို့တွင် လူနေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရေဆင်းကျေးရွာအုပ်စု ရေဆင်းကျေးရွာတွင် နေအိမ် ကိုးလုံး၊ ကြက်ခြံတစ်ခြံ အမိုးလန်ပျက်စီးခဲ့ပြီး ဦးမင်းသိန်း၏သမီး မဝိုင်းချစ်(၁၃)နှစ် အဌမတန်းကျောင်းသူ၏ ဘယ်ခြေထောက် ပြင်းထန်စွာ ဒဏ်ရာရရှိကာ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ထို့အပြင် မအူတောကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာတွင် မန်ကျည်းပင်လဲကျ၍ ဆံပင်ညှပ်ဆိုင်နှင့် ဂိုဒေါင်နှစ်ခန်း၊ သာစည်ကျေးရွာအုပ်စု ဗောဓိမြိုင်ကျေးရွာတွင် နေအိမ်သုံးလုံးနှင့် လျှပ်စစ်မီးတိုင် တစ်တိုင်၊ မြို့နယ်ထွေ/အုပ် ဝန်ထမ်းအိမ်ရာ အနီးရှိ လက်ပံပင်ပိ၍ လျှပ်စစ်မီးတိုင်နှစ်တိုင် ပြိုလဲပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများသို့ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**

# အင်းမမြို့ ရန်ကုန်-ပြည်လမ်းမပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၊ ရှစ်ဦးသေဆုံး

**သဲကုန်း မေ ၁၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်(၁၅၃/၅)၌ ယနေ့ နံနက် ၁ နာရီ မိနစ် ၄၀ ခန့်က တောင်တွင်းကြီး-ရန်ကုန် ပြေးဆွဲသည့် မြရတနာ Express ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းအတိုင်း ပြည်မှ ရန်ကုန်သို့ ယာဉ်မောင်း ကိုဖြိုး(ခ)ဖြိုးလေး မောင်းနှင်လာသော ယာဉ်အမှတ် YGN-7J/---- Sunlong အမျိုးအစား မြရတနာခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ မိုးရေကြောင့် လမ်းချော်မှုဖြစ်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၄၈ ဦးအနက် အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်းရှစ်ဦး သေဆုံးခဲ့ပြီး ခရီးသည် ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အင်းမတိုက်နယ်ပြည်သူ့ဆေးရုံနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ပြီး ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ အင်းမနယ်မြေရဲစခန်းက



ယာဉ်မောင်း ကိုဖြိုး(ခ)ဖြိုးလေးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

# JMC-U ၏ (၁၆)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကျင်းပ

**ရန်ကုန် မေ ၁၁**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၆) ကြိမ်မြောက်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး၊ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံနှင့် အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။



JMC-U တာဝန်ရှိသူများ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်က "ပြီးခဲ့တဲ့ရက်ပိုင်းက ကျင်းပခဲ့တဲ့ JMC ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး လုပ်ခဲ့တယ်၊ အဲဒီကရရှိလာတဲ့ ဆုံးဖြတ်ချက်တွေ၊ မှတ်တမ်းတွေကို JMC မှာ ဆက်လက်ပြီး အတည်ပြုပေးဖို့လိုအပ်တဲ့ ကိစ္စတွေကို JMC-U အစည်းအဝေးမှာပဲ အတည်ပြုတာမျိုးလုပ်ခဲ့ပါတယ်၊ ဒါ့အပြင် ရုံးလုပ်ငန်းလည်ပတ်ရေးကိစ္စတွေ၊ ဝန်ထမ်းကိစ္စတွေစတဲ့ လိုအပ်တဲ့ဖွဲ့စည်းမှုတွေကိုလည်း အတည်ပြုပေးခဲ့ပါတယ်၊ နောက်တစ်ခုကတော့ လောလောဆယ်ဖြစ်နေတဲ့ KNU တပ်မဟာ (၅)ကိစ္စကိုလည်း ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်"ပြောကြားသည်။

အဆိုပါအစည်းအဝေးကို မေ ၁၀ ရက်မှ စတင်ကာ နှစ်ရက်ကြာပြုလုပ်ရာတွင် (၁၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများကို တင်ပြခြင်း၊ JMC အဆင့်ဆင့်၏ အတွင်းရေးမှူးများ တွေ့ဆုံပွဲမှ ဆွေးနွေးချက်များကို တင်ပြခြင်း၊ တတိယအကြိမ် JMC အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံပွဲမှ ဆွေးနွေးချက်များကို တင်ပြခြင်း၊ JMC မျက်နှာစုံညီအစည်းအဝေး ဒုတိယအကြိမ်တွေ့ဆုံပွဲမှ ဆွေးနွေးချက်များကို အနှစ်ချုပ်တင်ပြခြင်း၊ JMC-U ၏ (၁၅) ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

နှစ်ရက်ကြာဆွေးနွေးခဲ့မှုများနှင့်ပတ်သက်၍ ယနေ့အစည်းအဝေးအပြီးတွင် JMC-U တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ပြီး မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာတွင် JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "ဖာပွန်ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ JMC ဆိုတာ ပစ်ခတ်တိုက်ခိုက်မှုလျှော့ချရမယ်၊ ရပ်ဆိုင်းရမယ်ဆိုတဲ့ အခြေခံပေါ်မှာမူတည်ပြီးတော့ JMC မှာလည်းဆွေးနွေးပါတယ်၊ ဆွေးနွေးတဲ့အခါကျတော့ ဘာလုပ်လုပ်နှစ်ဖက်ပူးပေါင်းပြီးတော့ ဆွေးနွေးညှိနှိုင်းရမယ်ဆိုတဲ့ အခြေခံတဲ့အတွက် ဆွေးနွေးခဲ့ပါတယ်၊ ဆွေးနွေးတဲ့အခါမှာ လိုအပ်ချက်အရလည်း JMC အရပ်သားတွေဖွဲ့စည်းပြီးတော့ ကြားဝင်စေ့စပ်ညှိနှိုင်းရေး အဖွဲ့တွေလည်းစေလွှတ်ပြီး ဆွေးနွေးခဲ့ပါတယ်၊ ဒါကြောင့် ဆွေးနွေးမှုတွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်၊ သတင်းထုတ်ပြန်ချက်နဲ့ပတ်သက်ပြီးတော့လည်း တပ်မတော်ရဲ့သတင်းထုတ်ပြန်ချက်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်၊ သတင်းထုတ်ပြန်ချက်တွေအပေါ်မှာတော့ လက်ရှိ မြေပြင်အနေအထားအရ သတင်းထုတ်ပြန်နေတာ တွေ့ရှိပါတယ်၊ တပ်မတော်အနေနဲ့ သတင်းထုတ်ပြန်ချက်နဲ့အညီပဲ ဆွေးနွေးပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်"ဟု ပြောသည်။

အလားတူ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်က "JMC ကတော့ စောင့်ကြည့်ရေးတာဝန်ယူရသလို ဖြစ်ပေါ်လာတဲ့ပြဿနာတွေ၊ ထိတွေ့မှုတွေကို ဘယ်လိုရှောင်ရှားမလဲ၊ လျှော့ချနိုင်မလဲ၊ ချုပ်ငြိမ်းသွားအောင် ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားခဲ့ပါတယ်၊ ဒါကြောင့် ပထမအနေနဲ့ ဖြစ်ပေါ်တဲ့အခြေအနေအပေါ်မှာ JMC အနေနဲ့ တိုက်ရိုက်ဝင်ရောက်ဖြေရှင်းဖို့ မဖြစ်နိုင်တဲ့အတွက်ကြောင့် နည်းလမ်းအမျိုးမျိုးရှာခဲ့ပါတယ်၊ JMC ထဲမှာပါတဲ့ အရပ်သားတွေကို စေလွှတ်ပြီးတော့ သွားရောက်တွေ့ဆုံစေခဲ့ပါတယ်၊ နှစ်ကြိမ်ရှိသွားပါပြီ၊ အခုတတိယအကြိမ်လည်း သွားနေတုန်းပဲထင်ပါတယ်၊ အဲဒီလိုနည်းနဲ့ ပထမဖြေရှင်းပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "နောက်တစ်ခုကတော့ ဒီကိစ္စတွေမှာဆိုရင် အစိုးရဘက်က ဒီလမ်းကို ဘာကြောင့်ဖောက်လုပ်ရလဲဆိုတာ အသေးစိတ်ရှင်းပြတာတွေရှိပါတယ်၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် အကောင်းဆုံးကတော့ အချင်းချင်းနှစ်ဖက်တွေ့ဆုံပြီး ညှိနှိုင်းဖို့ စီစဉ်ခဲ့ပါတယ်၊ ပြီးခဲ့တဲ့ မတ် ၂၉ ရက်နဲ့ ၃၀ ရက်လောက်က အစီအစဉ်တစ်ခုပျက်ပြားသွားခဲ့ပါတယ်၊ ဒါကြောင့် ဒီတစ်ခေါက်မှာလည်း အချင်းချင်းပြန်လည်ပြီးတော့ အစည်းအဝေးမှာညှိနှိုင်းတာမျိုးမဟုတ်ဘဲနဲ့ အစည်းအဝေးပြင်ပမှာလည်း ညှိနှိုင်းမှုတွေလုပ်ပြီးတော့ ဒီတစ်ခေါက်မှာထပ်မံတွေ့ဆုံနိုင်အောင် စီစဉ်နေပါတယ်၊ မေလ တတိယပတ်အတွင်းလောက် အမြန်ဆုံးတွေ့နိုင်ရေးအတွက် စီစဉ်နေပါတယ်" ဟု မီဒီယာများအား ရှင်းလင်းပြောကြားသည်။

JMC-U ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယအကြိမ် JMC မျက်နှာစုံညီအစည်းအဝေးမှ ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများကို အတည်ပြုပေးနိုင်ခဲ့သည့်အပြင် KNU တပ်မဟာ (၅) ဖြစ်စဉ်ကိုလည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ JMC အဆင့်ဆင့်၏ အတွင်းရေးမှူးများ အစည်းအဝေးကို မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် JMC မျက်နှာစုံညီ အစည်းအဝေးကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင်လည်းကောင်း ရန်ကုန်မြို့၌ အသီးသီးကျင်းပခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာ့လက်ရွေးစင်အသင်း လိဒ်ယူနိုက်တက်ကို ရှုံးနိမ့်

**မန္တလေး မေ ၁၁**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသည်။

လိဒ်ယူနိုက်တက် - နှစ်ဂိုး

မြန်မာ့လက်ရွေးစင် - ဂိုးမရှိ

မြန်မာ့လက်ရွေးစင်အသင်း ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပွဲထက် အားပိုထည့်လာသည့် လိဒ်ယူနိုက်တက်အသင်း ကစားပုံကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ လိဒ်ယူနိုက်တက်အသင်းသည် ကစားသမား ၂၂ ဦးစလုံး အသုံးပြုခဲ့သော်လည်း MNL All Star အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ခံလူ ဇော်မင်းထွန်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ မျိုးကိုထွန်း၊ ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ တင်ဝင်းအောင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ စည်သူအောင်၊ မောင်မောင်စိုး၊ ဝင်းနိုင်စိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ လိဒ်ယူနိုက်တက်အသင်းမှာလည်း ပထမပွဲကစားခဲ့သည့် လူစာရင်းကို အပြောင်းအလဲလုပ်ကာ အေလင်၊ ကီမင် စသည့် အမာခံကစားသမားအများစုကို အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက ပွဲကိုထိန်းကစားနေ၍ လိဒ်ယူနိုက်တက်အသင်း အခွင့်အရေးသိပ်မရခဲ့သလို မြန်မာအသင်းလည်း ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့သည်။ ၂၅ မိနစ်တွင် မြန်မာအသင်း ဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း ဝင်းနိုင်စိုး၏ ကန်သွင်းမှုကို လိဒ်ယူနိုက်တက်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ လိဒ်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်အနည်းငယ်ရခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်းအစတွင် မိုးရွာလာ၍ နှစ်သင်းစလုံး ပုံမှန်ထက် ပိုအားထုတ်ခဲ့ရပြီး လိဒ်ယူနိုက်တက်အသင်း အနိုင်ဂိုးရရန် အားထည့်ကစားခဲ့သည်။ ၅၈ မိနစ်တွင် လိဒ်ယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ရှိုင်ယန်ဒေးဗစ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းချေပဂိုးရရန် ကြိုးစားလာသလို ကစားသမားများအပြောင်းအလဲ ပြုလုပ်ကာ ကစားအားမြှင့်တင်ခဲ့သည်။ မြန်မာအသင်းချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ လိဒ်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ၈၅ မိနစ်တွင် ဂျေးရှိုင်က သွင်းယူခဲ့သည်။

**ရှိုင်းထက်ဇော်**

»»» စာမျက်နှာ ၁၁ မှ

**မေး။ ။ သတင်းအမျိုးမျိုးထွက်နေတဲ့အချိန်မှာ ဝန်ကြီးချုပ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကမှာကြားတဲ့ အရေးကြီးတဲ့ အချက်တွေနဲ့ သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေက ဘာတွေများဖြစ်မလဲဆိုတာကို ဖြေကြားစေချင်ပါတယ်။**

ဝန်ကြီးချုပ် ဖြေ။ ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြားချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ နံပါတ်တစ်က ငြိမ်းချမ်းရေးမြန်မြန်ရဖို့နဲ့ နောက်တစ်ခုက တရားဥပဒေစိုးမိုးဖို့ပါပဲ။ တရားဥပဒေစိုးမိုးဖို့ မူးယစ်ဆေးဝါးကအစ အကုန်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးမရသေးခင်မှာ အပြည့်အဝ အကောင်အထည်မဖော်နိုင်ဘူး။ နောက်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ပါတယ်။ Social economic development ပေါ့။ ပြည်သူအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ပါ။ ငြိမ်းချမ်းရေးမရသေးတော့ ကျွန်တော်တို့ တစ်တိုင်းပြည်လုံး ရှိပြီးသားပြဿနာကို ရင်ဆိုင်နေရပါတယ်။ နှုတ်ကနေ ငြိမ်းချမ်းရေးလိုချင်ပါတယ် မပြောဘဲ တကယ့်ကို ရင်ထဲစိတ်ထဲကနေ နိုင်ငံသူနိုင်ငံသားကို ချစ်တဲ့စိတ်၊ တိုးတက်ဖွံ့ဖြိုးချမ်းသာစေချင်တဲ့ စိတ်ကို အရင်မွေးပြီးမှ ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာကိုသွားရင် ငြိမ်းချမ်းရေး ရကိုရတယ်။

ကျေးဇူးတင်ပါတယ်။



# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်ပြီ

**နေပြည်တော် မေ ၁၁**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို မြန်မာစံတော်ချိန် ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။ ဆီမီးပွဲများတွင် မြန်မာအသင်းက လာအိုအသင်းကို ပင်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုး၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် လာအိုအသင်းနှင့် သာမန်ပွဲချိန်အတွင်း တစ်ဂိုးစီသရေ၊ ပင်နယ်တီတွင် ငါးဂိုး-လေးဂိုး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် ခြေစွမ်းပြခဲ့သည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး လာအိုအသင်းကို ရင်ဆိုင်ခဲ့သည်။ လာအိုအသင်းမှာလည်း ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ကြိုးစားသည့်အပြင် မြန်မာအသင်းထက် နားရက်ပိုရထားသောကြောင့် အင်အားပြည့်ကစားနိုင်ခဲ့သည်။ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းမှ မြတ်နိုးခင် ဦးဆောင်သည့်တိုက်စစ်ကို လာအိုနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ၂၈ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် လာအိုအသင်း ချေပဂိုးပြန်ရခဲ့ပြီး ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲစည်းမျဉ်းအရ အချိန်ပိုမကန်ဘဲ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရှစ်လုံးအထိကန်ခဲ့ရပြီး မြန်မာအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ တတိယလုပွဲအဖြစ် ဗီယက်နမ်နှင့် လာအိုအသင်းတို့ မေ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

## ကြော်ငြာ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### အစိုးရနည်းပညာအထက်တန်းကျောင်း (ပလက်ဝ)
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) အထိ အစိုးရနည်းပညာ အထက်တန်းကျောင်း (ပလက်ဝ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၉၂'×၃၈') စာသင်ဆောင် RCသုံးထပ် (၁)လုံး
(ခ) (၁၅၀'×၇၅') တစ်ထပ် အလုပ်ရုံ Steel Structure တစ်ထပ် (၁)လုံး
(ဂ) ရေ (ဂါလန် ၁၀၀၀၀ ဆံ့ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်အမြင့် ၂၀ပေ၊ ၄ လက်မ အဝီစိတွင်း ၃၀၀ ပေ Pump (3HP), ပြင်ပ ၂လက်မ ပိုက်သွယ်တန်းခြင်းအရှည် ၁၅၀၀ပေ)
(ဃ) လျှပ်စစ်မီး (11/0.4 KV,315 KVA Transformer (၁)လုံး၊ ၄၀၀ ဗို့လိုင်း ၁၂၀၀ပေ၊ Aerial Cable ဖြင့်လိုင်းဆွဲခြင်း)
(င) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (Chain Link 2000)

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန် - ၁၅-၅-၂၀၁၈ရက်၊ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၆-၂၀၁၈ရက်၊ ညနေ ၄း၃၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီး ဖုန်း-၀၉-၂၅၈၃၉၆၈၈၁၊ ၀၉-၄၅၁၂၃၇၀၅၅၊ ၀၉-၄၅၇၀၀၂၁၂၂ စီမံရေးရာဌာနဖုန်းသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်မြို့)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှစက်တင်ဘာလ)အထိ အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၃၀×၆၀×၁၂)ပေ နှစ်ထပ်အလုပ်ရုံ RCနှစ်ထပ် (၁)လုံး
(ခ) (၈၀×၄၀)ပေ ဆရာ/ဆရာမ ဆောင် RCနှစ်ထပ် (၁)လုံး
(ဂ) လျှပ်စစ်မီး၊ လမ်းမီး၊ Aerial Cableဖြင့်လိုင်းဆွဲခြင်း မီးတိုင်၁၀လုံး

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန် - ၁၅-၅-၂၀၁၈ရက် နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၆-၂၀၁၈ရက် ညနေ၄း၃၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီး ဖုန်း-၀၉-၂၅၈၃၉၆၈၈၁၊ ၀၉-၄၅၁၂၃၇၀၅၅၊ ၀၉-၄၅၇၀၀၂၁၂၂ စီမံရေးရာဌာနဖုန်း သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်မြို့)**

### မြို့နယ်စည်ပင်သာယာရေးကော်မတီ
### ပြင်ဦးလွင်မြို့
### ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ သီရိပဒေသာယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ ဂိတ်ခန်းအား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ရွှင်မှ အောက်ဖော်ပြပါပိုင်ရှင်သို့ အပြီးတိုင် လွှဲပြောင်းရောင်းချပြီးဖြစ်သဖြင့် ပိုင်ရှင်အမည်ပေါက်ပိုင်ဆိုင်ခွင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | ဂိတ်ခန်းအမှတ် |
|---|---|---|
| - | ဒေါ်ပြုံးပြုံးရီ | A-11 |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ဂိတ်ခန်းပိုင်ရှင်အမည်လွှဲပြောင်းထမ်းဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ ဒေါ်ခိုင်ဆွေဦး[၁၄/ဝခမ(နိုင်)၁၃၉၁၈၄]၏သမီး အထက(၁) ဒဂုံ တတိယတန်း(A)မှ မဖြိုးရတနာဦးအား မမေပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေပြည့်စုံ**


Steel Structure
Ph:09-5031107, 09-5028986, 09-5008411





### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### Dip in ELTM

Diploma in English Language Teaching Methodology (Dip in ELTM)

[illegible]

### Master of Arts (TEFL)

Master of Arts (Teaching of English as a Foreign Language) MA (TEFL)

[illegible]


### ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

လှည်းကူးမြို့ပေါ်ရပ်ကွက်၊ (၃၇)ကားဂိတ်အနီး၊
ပေ (၄၀×၆၀)၊ (၁၂၀)သိန်း။
ပေ (၂၅×၅၀) (၇၅)သိန်း (ညှိနှိုင်းဈေး)။
ဖုန်း-၀၉-၄၂၁၁၆၁၁၉၈၊ ၀၉-၄၅၀၃၇၈၃၇၇။

T.V (ရန်ကုန်)
ဘားအောင်း - စင်္ကြံမြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-77914498
09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340
09-260111947
09-779144479


### အများသိစေရန်ကြေညာခြင်း

[illegible]

PH:09 421017815

ဗလငါးတန် ဖွံ့ဖြိုးဖို့ ခါအုပ်ခါပေ လေ့လာစို့

# လိပ်ခေါင်းရောဂါ သတိပြုစရာ




လိပ်ခေါင်းရောဂါသည် (၁) လမ်းလျှောက်နည်း၍ အထိုင်များခြင်း။ (၂) မာကျောသောအစာ၊ ဝမ်းချုပ်စေသောအစာ အစားများခြင်း။ (၃) ပူစပ်သောအစာနှင့် အကြော်အလှော်အစားများခြင်း။ (၄) ရေနွေးကြမ်းအဖန်ရည်၊ လက်ဖက်ခြောက်အကျရည် အသောက်များပြီး ရေအေးအသောက်နည်းခြင်း စသော အနေအထိုင် အစားအသောက် မှုမမှန်ခြင်းတို့ကြောင့် ဖြစ်ရသည်။

ရှေးက လူကြီးများတွင်သာ လိပ်ခေါင်းရောဂါ ဖြစ်ပွားလေ့ရှိသော်လည်း ယခုအခါ လူငယ်များတွင်ပါ အထိုင်များခြင်း၊ ဖုန်းအသုံးများခြင်း၊ ကွန်ပျူတာဖြင့်ထိုင်ချိန်များခြင်း၊ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် လိပ်ခေါင်းရောဂါ ဖြစ်လာသည်ကို တွေ့ရှိရသည်။

လိပ်ခေါင်းရောဂါတွင် အတွင်းလိပ်ခေါင်းနှင့် အပြင်လိပ်ခေါင်းဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးလုံးကြောင့် လိပ်ခေါင်းသွေးကျရောဂါ ဖြစ်နိုင်သည်။ အနောက်တိုင်းနည်းအားဖြင့် လိပ်ခေါင်းရောဂါတွင် အဆင့်သုံးဆင့်ရှိသည်။ (ပထမအဆင့်) လိပ်ခေါင်းရောဂါတွင် လိပ်ခေါင်းသည် အပြင်သို့မထွက် အစားမှားသောအခါ၊ ဝမ်းချုပ်သောအခါ၊ အပူအစပ်အစားများသောအခါ စအိုဝတွင် ပူခြင်း၊ ယားခြင်း၊ ဝမ်းနှင့်အတူ သွေးစအနည်းငယ်ပါခြင်းတို့ဖြစ်လာသည်။ ထိုသို့ဖြစ်ပြီး တစ်နှစ်ခန့်အကြာတွင် အတွင်းလိပ်ခေါင်းရောဂါ ဖြစ်၍ မကြာခဏ သွေးကျတတ်သည်။ (ဒုတိယအဆင့်) လိပ်ခေါင်းရောဂါတွင် ဝမ်းသွားသောအခါ ညှစ်အားသုံးလိုက်လျှင် လိပ်ခေါင်းသည် လက်တစ်ဆစ်ခန့် စအိုအပြင်သို့ ထွက်လာပြီး ဝမ်းသွားပြီးသောအခါ ရေဖြင့်သန့်စင်ပြီး ပြန်သွင်းလိုက်သောအခါ စအိုအတွင်းသို့ ပြန်ဝင်သွားခြင်း ဖြစ်သည်။ (တတိယအဆင့်) လိပ်ခေါင်းရောဂါမှာ ဝမ်းသွား၍ ညှစ်ထုတ်လိုက်သောလိပ်ခေါင်းမှာ ရေသုံးပြီး အတွင်းသို့ ပြန်သွင်းသော်လည်း မရနိုင်တော့ဘဲ စအိုအပြင်တွင် အမြဲထွက်နေခြင်း သွေးယိုစိမ့်မှုရှိနေသော လိပ်ခေါင်းရောဂါမျိုး ဖြစ်သည်။

လိပ်ခေါင်းရောဂါကို ပထမအဆင့်တွင် အစားရှောင်ပြီး မာကျောသောအစာ၊ ပူစပ်သောအစာ၊ ဝမ်းချုပ်စေသောအစာ ဆင်ခြင်ပြီးဝမ်းမှန်စေရန်အတွက် နေ့စဉ်လမ်းလျှောက်ပေးခြင်း၊ အသီးအနှံများများ စားပေးခြင်း၊ သင်္ဘောသီးမှည့်၊ ငှက်ပျောသီး၊ မန်ကျည်းဖျော်ရည်စသော ဝမ်းမှန်စေသည့် အစားအသောက် အနေအထိုင် ပြုပြင်ခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ (ဒုတိယအဆင့်) လိပ်ခေါင်းရောဂါဖြစ်လျှင် အစားအသောက်အနေအထိုင် ဆင်ခြင်ရုံသာမက ဝမ်းမှန်စေသော အပျော့စားဝမ်းနုတ်ဆေး တစ်မျိုးမျိုးကို နေ့စဉ် သို့မဟုတ် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် သုံးစွဲသင့်သောအဆင့်ဖြစ်သည်။ (တတိယအဆင့်) လိပ်ခေါင်းမှာ ထာဝရအပြင်ထွက်နေသည့် အဆင့်ဖြစ်သည့်အပြင် သွေးယို၊ သွေးကျသောအဆင့်ဖြစ်သဖြင့် ဆေးစားဆေးသောက်ရုံသာမက ခွဲစိတ်ကုသရန် လိုအပ်သောအဆင့်သို့ ရောက်နေပြီဖြစ်သည်။

ရှေးဟောင်း ဆေးကျမ်းများတွင် လိပ်ခေါင်းရောဂါအမျိုးနှစ်ဆယ်ရှိသည်ဟု ဖော်ပြထားသည်။ (၁) ခနိသီးလိပ်ခေါင်း၊ (၂) ပဒိုင်းသီး(၃) အူဗိုင်းတောင့် (၄)ကြက်အူ (၅) လိပ်ကျောက်ကျော (၆) ကြက်ဥ (၇) ညောင်ဖူး (၈) ကျီးခြေ (၉) ဓားရိုးလိပ်ခေါင်း (၁၀) လိပ်ခေါင်းညီနောင် (၁၁) ဖရုံညှာလိပ်ခေါင်း (၁၂) ကညင်းသီး (၁၃) သားပြွန် (၁၄) စလောင်းပြန် (၁၅) ကျွဲသဲမှို (၁၆) ပါးမဲ (၁၇) သပွတ်အူ (၁၈) ဆင်နှာမောင်း (၁၉) လိပ်ကြက်ညှာ (၂၀) ကျောက်လိပ်ခေါင်း ဟူ၍ ဖြစ်ပြီး ဤလိပ်ခေါင်းရောဂါအားလုံး သွေးယိုသွေးကျသော လိပ်ခေါင်းများဖြစ်သည်။

ယခုအခါ လိပ်ခေါင်းရောဂါကို ခွဲစိတ်ကုသခြင်းဖြင့် အမြစ်ပြတ်အောင် ကုသနိုင်ပြီဖြစ်သည်။ ရှေးကထက် ကုထုံးများ ခေတ်မီလာပြီဖြစ်သည်။ ကျုံ့ဆေးထိုးခြင်း၊ သားရေကွင်းပစ်ခြင်းစသည့် လွန်ခဲ့သည့်နှစ် ၂၀ ကျော်ကုသနည်းဟောင်းများကို အသုံးမပြုတော့ဘဲ စမ်းသပ်သည့်နေရာတွင် MRI ခေါ် သံလိုက်ဓာတ်မှန်ကြီးဖြင့် အတိအကျ ပုံရိပ်ဖော်ပြီး ခွဲစိတ်ကုသမှုနည်းလမ်းများမှာလည်း ခေတ်မီတိုးတက်လာသည်။ ရှေးကနည်းများကဲ့သို့ ရက်အကြာကြီးစောင့်စရာမလို။ သားရေကွင်းပစ်နည်းကဲ့သို့ ဝေဒနာ ခံစားစရာမလို။ ရက်အနည်းငယ်ဆေးရုံတက်ရုံဖြင့် ပျောက်ကင်းနိုင်ပြီဖြစ်သည်။

သို့သော် မြန်မာလူမျိုးတို့၏ စိတ်တွင် အမြစ်တွယ်နေသော ဆေးရုံကြောက်ရောဂါကြောင့် ပြင်ပလိပ်ခေါင်းကုဆရာများနှင့် ခေတ်မမီသော ကုထုံးနည်းလမ်းများဖြင့် အနာခံ ကုသနေကြဆဲဖြစ်သည်ကို တွေ့ရှိနေရသည်။ လိပ်ခေါင်းကို စားဆေးတင်၍ ကုသမှု ခံယူနေသည်ကို တွေ့နေရဆဲဖြစ်သည်။ စားဆေးတင်လွန်သွားသဖြင့် စအိုကြွက်သား အားလုံးပါသွားပြီး ဝမ်းမထိန်းနိုင်တော့သော လူကြီးတစ်ဦးကို မကြာသေးမီကမှ တွေ့ရသေးသည်။

> “နံနက်သဘော်၊ ည ငှက်ပျောဟူသော ရှေးစာနှင့်အညီ နံနက်စာစားပြီးလျှင် သဘော်သီးအမှည့်ကို စားသုံးပေးပါ။ ညစာစားပြီးလျှင် ဖီးကြမ်းငှက်ပျောသီး အမှည့် တစ်လုံး၊နှစ်လုံး စားသုံးပေးလျှင် ဝမ်းမှန်ပြီး လိပ်ခေါင်းရောဂါမှ ကာကွယ်နိုင် ...”

လိပ်ခေါင်းရောဂါ အဆင့်မမြင့်သေးလျှင် မြန်မာဆေးရှေးက ဆေးနည်းကောင်းများဖြင့် ပျောက်ကင်းနိုင်ပါသည်။ ဆေးမှန်မှန်စား ဝမ်းမှန်အောင် ဂရုစိုက်၊ မတည့်သောအစာ အပူအစပ်၊ ကောက်ညှင်း စသည်များကို ရှောင်စားလျှင် အတွင်းစားဆေးဖြင့် ပျောက်ကင်းနိုင်ပါသည်။ ရှေးဆေးကျမ်းပါ အတွင်းလိပ်ခေါင်းရောဂါပျောက်ကင်းနိုင်သည့် ဆေးနည်းကို တင်ပြလိုက်ပါသည်။

**လိပ်ခေါင်းရောဂါ အတွင်းစားဆေး**

| | |
|---|---|
| ၁။ မက်လင်ချဉ် | ၁ ကျပ် |
| ၂။ ဆီးဖြူသီးခြောက် | ၁ ကျပ် |
| ၃။ နွယ်ချို | ၂ ကျပ် |
| ၄။ မန်ကျည်းရွက်ကြမ်း | ၂ ကျပ် |
| ၅။ ဆားပုပ် | ၃ ကျပ် |
| ၆။ ဇဝက်သာ | ၄ ကျပ် |
| ၇။ သိန္ဓော | ၄ ကျပ် |
| ၈။ ဆေးပိုးတီ | ၅ ကျပ် |
| ၉။ ပွေးကိုင်း(လှော်) | ၁၀ ကျပ် |
| စုစုပေါင်းဆေးချိန် | ၃၂ ကျပ်သား |

အထက်ပါဆေးများကို အမှုန့်ပြုလုပ်ပြီး ညအိပ်ရာဝင်တိုင်း ဝမ်းအခြေအနေကို ကြည့်၍ နှစ်ပဲသားမှ လေးပဲသားအထိ တိုက်ကျွေးနိုင်သည်။ သွေးကျရောဂါဖြစ်ပါက မုရားကြီးရွက်ပြုတ်ရည်ဖြင့် တိုက်ရမည်ဟု ၉၆ ပါးကုထုံးဆေးကျမ်းတွင် ဖော်ပြထားသည်ကို တင်ပြလိုက်ရပေသည်။

**လိပ်ခေါင်းရောဂါ မဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်လိုလျှင်**

၁။ ဝမ်းမချုပ်စေရန် ရေများများသောက်ပါ။ အသီးအနှံ များများစားပါ။

၂။ မာကျောသောအစာ (ကောက်ညှင်း၊ဆန်စေး) ရှောင်စားပါ။ ဆန်ကြမ်း၊ ဖွဲနုမကုန်အောင် ဖွပ်ထားသော ဆန်သည် အူလမ်းကြောင်းနှင့်သင့်သည်။ ဝမ်းချုပ်၍ စမြင်းမခံစေတတ်။

၃။ အထိုင်များသော အလုပ်ကို ရှောင်ပါ။ မလွှဲသာ၍ ထိုင်လုပ်ရလျှင် နှစ်နာရီတစ်ကြိမ်ထ၍ လမ်းလျှောက်ပေးပါ။

၄။ နံနက်စောစောထ၍ ရေအဝသောက်ပြီး လမ်းလျှောက်ပေးလျှင် ဝမ်းမှန်၍ လေအောက်သို့သက်ပြီး လိပ်ခေါင်းရောဂါမှ ကာကွယ်နိုင်သည်။

၅။ ထမင်းချက်ရာတွင် ရေခန်းမချက်ဘဲ ရှေးမြန်မာများ ချက်သည့် နည်းလမ်းအတိုင်း ထမင်းရည်ငှဲ့၍ ချက်စားပါ။ ရေခန်းချက်သော ထမင်းတွင် အစေးဓာတ်များ၍ ဝမ်းချုပ်စေသည်။ ဝမ်းကို ညှစ်၍သွားရစေသည်။ ရေငှဲ့ချက်သောထမင်းမှာ ဖွယ်ပြီး အစေးဓာတ်နည်းသည်။ အစာကြေလွယ်သည်။ ဝမ်းကို မညှစ်ရဘဲ လွယ်ကူစွာ သွားနိုင်သဖြင့် လိပ်ခေါင်းရောဂါမှ ကာကွယ်နိုင်သည်။

၆။ ငရုတ်သီး၊ အပူအစပ် အစားများလျှင် ဝမ်းသွားရာ အူမကြီးနှင့် စအိုပေါက်တွင် အပူလောင်စေနိုင်သဖြင့် သွေးပါခြင်း၊ အတွင်းလိပ်ရောဂါဖြစ်ခြင်း၊ စအိုပူခြင်း၊ အောင့်ခြင်း၊ ရောင်ခြင်းဖြစ်စေနိုင်သည်။ အထူးသဖြင့် ငရုတ်သီးခြောက်နှင့် အရောင်တင်မှုန့်များကို ရှောင်ကြဉ်ပြီး သဘာဝငရုတ်သီးအစိမ်းကိုသာ စားသုံးပါ။

၇။ နံနက်သဘော်၊ ည ငှက်ပျောဟူသော ရှေးစာနှင့်အညီ နံနက်စာစားပြီးလျှင် သဘော်သီးအမှည့်ကို စားသုံးပေးပါ။ ညစာစားပြီးလျှင် ဖီးကြမ်းငှက်ပျောသီး အမှည့် တစ်လုံး၊နှစ်လုံး စားသုံးပေးလျှင် ဝမ်းမှန်ပြီး လိပ်ခေါင်းရောဂါမှ ကာကွယ်နိုင်သည်။


၈။ လိပ်ခေါင်းရောဂါရှိသူများသည် ဝမ်းလွယ်စေရန် ပွေးကိုင်း၊ ကနခို၊ မင်းကိုကာပါသော ဝမ်းနုတ်ဆေး အပြင်းများကို တစ်ခါတစ်ရံ စားနိုင်သော်လည်း နေ့စဉ်ရေရှည်စွဲမစားသင့်ပါ။ သဘာဝဝမ်းမှန်ဆေးဖြစ်သော မန်ကျည်းမှည့်နှင့် ထန်းလျက် ဖျော်ရည်ကို ညအိပ်ရာဝင်ခါနီး ပုံမှန်သောက်ပေးခြင်း၊ လိုအပ်လျှင် ဆားခါးလှော် သင့်ရုံထည့်၍ ဝမ်းမှန်အောင် သောက်သုံးပေးပါ။

၉။ ပဲအမျိုးမျိုးသည် လူနှင့် သင့်သော်လည်း လိပ်ခေါင်းရောဂါရှိသူများသည် ကုလားပဲနှင့် မသင့်ပါ။ ကုလားပဲသည် အားဖြစ်စေသော်လည်း ဝမ်းချုပ်စေသည်။ ဝမ်းမာစေသည်။ တစ်ခါတစ်ရံ ဝမ်းပျက်စေသည်။ လိပ်ခေါင်းရောဂါနှင့် သင့်သောပဲမှာ ပဲရာဇာခေါ် ပဲနီလေးနှင့် ပဲစင်းငုံ၊ စွန်တာနီ၊ ပဲကြား၊ စားတော်ပဲများကို စားသုံးနိုင်ပါသည်။

၁၀။ နွားနို့သည် လိပ်ခေါင်းရောဂါရှိသူများနှင့် သင့်ပါသည်။သန့်ရှင်းသော၊ ရောဂါဘယကင်းသောနွားမှ ညှစ်၍ ရသောနွားနို့ ၂၅ ကျပ်သားကို ဆားစိမ်းသင့်အောင်ခတ်၍ နံနက်အစာမစားမီ သောက်သုံးပေးလျှင် ဝမ်းမှန်ပြီး လိပ်ခေါင်းရောဂါ ပျောက်ကင်းစေနိုင်သည်ဟု ရှေးဆေးကျမ်းများတွင် တွေ့ရှိရသည်။ ။







# စစ်ကိုင်းမြို့ရောက်သူတိုင်း အားထားသွားရောက်သည့် ရွှေတောင်ဦးမော်ရှုမျှော်ခင်း



**စစ်ကိုင်း မတ် ၁၁**

မြန်မာနိုင်ငံတွင် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်တန်းသည် ထင်ရှားလှသည်။ တေးပြုစာဆိုများကမူ တံတားညီနောင် မြစ်ညီမနှင့် နတ်ရေးတဲ့အလှပန်းချီဟုပင် တင်စားထားသည်။ ဧရာဝတီမြစ်ရစ်ခွေကာ စီးဆင်းပြီး မြောက်မှတောင်စီးဆင်းရာမှသည် အရှေ့အနောက် စကိုင်းစီးဆင်းသည့်အတွက် စကိုင်းမှသည်စစ်ကိုင်းဟုခေါ်ကြောင်း မှတ်သားသိရသည်။ စစ်ကိုင်းမြို့ကို အသင်္ခယာစောယွမ်းမှ သက္ကရာဇ် ၆၇၇ တွင် အတုလဝတီမြို့ကိုတည်ထောင်ခြင်းမှသည် စစ်ကိုင်းမြို့သမိုင်းကို အစပြုသည်ဆိုထားသည်။ မြို့တည်ရာတစ်ပြိုင်တည်းတည်သော ကိုးဌာနဖြစ်သည့် ရွှေနန်းတော်၊ ရွှေမြို့တော်၊ အရှေ့တံခါး၊ အနောက်တံခါး၊ တောင်တံခါး၊ မြောက်တံခါး၊ စေတီလှစည်းခုံဘုရား၊ သောတပန်နတ်ကွန်း၊ ဆင်ဖြူကန်များမှသည်ချောင်ကိုးချောင်၊ တောင်ကိုးတောင်မှစတင်ခဲ့သည်ဟုစာပေပညာရှင်များ၏ မှတ်တမ်းများအရ သိရသည်။

စစ်ကိုင်းမြို့သို့ ဝင်လိုက်သည်နှင့် ဖူးမြော်စရာဘုရားများစွာကို မြင်တွေ့နေရသည်။ ထိုအထဲတွင် ခရီးသွားဧည့်သည်များ အများစုသွားရောက်ဖူးမြော်သော စေတီများထဲတွင် ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်၊ ရှင်ပင်နန်ကိုင်းရန်အောင်မြင်စေတီ၊ ကောင်းမှုတော်ဘုရားနှင့်အတူ ထူပါရုံ၊ ငါးထပ်ကြီးဘုရား၊ တောင်ဖီလာစေတီ၊ လေးကျွန်းမာန်အောင်စေတီ၊ ရွှေတောင်ဦးမော်စေတီ၊ ရွှေမုဋ္ဌောစေတီ၊ မရှိခဏဘုရား၊ အဘယစေတီ၊ စေတီလှ၊ အိမ်တော်ရာအောင်မြေ လောကစေတီ၊ ပတ္တမြားစေတီ၊ စေတဝန်စေတီ၊ ချမ်းသာကြီးချမ်းသာရဘုရားတို့ကို အများဆုံးသွားရောက်ဖူးမြော်ကြသည်။

ထိုအထဲတွင် တေးပြုစာဆို မြို့မငြိမ်းရေးဖွဲ့ခဲ့သောသီချင်းစာသားထဲမှအတိုင်း ဧရာဝတီမြစ်၏အလှကို နီးနီးကပ်ကပ် ခံစားရှုမြင်နိုင်သောဘုရားမှာ ရွှေတောင်ဦးမော်စေတီပင်ဖြစ်သည်။ စေတီတော်ရင်ပြင်ပေါ်တွင် ဧရာဝတီမြစ်ဘက်သို့ ကြည့်ရှုနိုင်ရန်အတွက် ရွှေတောင်ဦးမော်ရှုမျှော်ခင်းမြစ်တွင်း သာယာဝေနေရာလေးကိုသပ်ရပ်လှပစွာ ပြုလုပ်ထားသည်။

စာဆိုများ စာပေဝါသနာရှင်များအတွက်လည်း ကျောက်စားပွဲအဝိုင်းကလေးကို ချထားပေးသည်။ ထို့အတူပင် သပ္ပာယ်ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်ကြီးကိုလည်း ဖူးမြော်နိုင်သည်။ ဧရာဝတီမြစ်အတွင်းမှကြည့်ပါက ရွှေတောင်ဦးမော်စေတီနေရာသည်ထူးခြားပြီး လှပနေသောနေရာအဖြစ် မြင်တွေ့နိုင်သည်။

ရွှေတောင်ဦးမော်စေတီကို သာသနာနှစ် ၂၁၈ တွင် နန်းတက်သော အာသောကမင်းကြီးက တည်ထားခဲ့သည်။ စေတီတောင်ဘက်တွင် ကာမာကူရဂျပန်ဘုရားကြီးနှင့် ရဟန်းများပုံကို မြစ်အတွင်းမှပင် ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။ လက်ရှိကာလတွင် စစ်ကိုင်းမြို့သို့ ဘုရားဖူးလာရောက်သူတိုင်း ရွှေတောင်ဦးမော်ဘုရားဖူးမြော်ကာ ဧရာဝတီ၏အလှအပကို နီးနီးကပ်ကပ်ကြည့်ရှုခံစားနိုင်ရန် ရွှေတောင်ဦးမော် ရှုမျှော်ခင်းသို့ သွားရောက်မှုများလာကြောင်း သိရသည်။

**တိမ်တမန်**

# ပွင့်ဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ် ၁၂၅ လုံးပျက်စီး

**ပွင့်ဖြူ မေ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မေ ၁၀ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုအရှိန်ကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူနေအိမ် ၁၂၅ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတို့ အမိုးလန်ပျက်စီးခြင်းနှင့် ဘုရားတစ်ဆူ ထီးတော်မြေခမှု ဖြစ်ပွားခဲ့ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မေ ၁၀ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ လေပြင်းတိုက်ခတ်မှု အရှိန်ကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကနီကျေးရွာတွင် လူနေအိမ် ၂၂ လုံး၊ ချင်းကုန်းကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခြင်း၊ ရွာသစ်ကျေးရွာတွင် လူနေအိမ် လေးလုံး၊ ဇီးကုန်းကျေးရွာတွင် လူနေအိမ် လေးလုံး၊ အရှေ့အင်းကုန်း ကျေးရွာတွင် လူနေအိမ် နှစ်လုံး ၊ မဒဲ(မ)ကျေးရွာတွင် လူနေအိမ် ၅၃ လုံး၊ မဒဲ(တ)ကျေးရွာတွင် လူနေအိမ် လေးလုံး ၊ ထိန်အိုင်ကျေးရွာတွင် လူနေအိမ် နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ကျစ်ကိုင်းကျေးရွာအုပ်စုရှိ မြို့စဖိုလ်ဘုရားကြီး အရှေ့ဘက်မျက်နှာစာရှိ ဉာဏ်တော်အမြင့် ၃၅ ပေခန့် လေးမျက်နှာအရံ စေတီတော် ထီးတော်မြေခမှု ဖြစ်ပွားခဲ့ခြင်းနှင့် ကျစ်ကိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ လူနေအိမ် ၃၃ လုံး အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ရာ ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများမှ စုစုပေါင်း လူနေအိမ် ၁၂၅ လုံးနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး ဘုရားတစ်ဆူ ထီးတော်မြေခပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လတ်တလောအခြေအနေတွင် အဆိုပါ လေဘေးသင့် ပျက်စီးခဲ့သည့် လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားတစ်ဆူ ထီးတော်မြေခမှုတို့အား ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်အတွင်းရှိ တိမ်ကောနေသောစည်သူမြောင်းအားပြန်လည်ဆယ်ယူ

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်အတွင်းရှိ (မြို့ရေထွက်ပေါက်) တိမ်ကောနေသော စည်သူမြောင်းအား မေ ၁၀ နံနက် ၉ နာရီကပြန်လည်ဆယ်ယူခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မိတ္ထီလာကန်ကူးတံတား အရှေ့ဘက်ခြမ်း (မိတ္ထီလာမြို့ပေါ်ဧရိယာ၏ တစ်ဝက်ခန့်)မှ ရေများသည် စည်သူမြောင်းအတွင်းသို့ ဝင်ရောက်စီးဆင်းနေသောကြောင့် မြောင်းအကျယ်အဝန်းနှင့် ရေဝင်ရောက်စီးဆင်းမှုမှာ မမျှတ၍ မိုးရာသီတွင် မြောင်းဘေးရှိ လူနေအိမ်များအတွင်းသို့ ရေများလျှံတက်ကာ ရေဆိုးရေညစ်များဝင်ရောက်ခြင်း၊ နွေရာသီနှင့်ဆောင်းရာသီများတွင် မြောင်းအတွင်း မိလ္လာသွယ်ခြင်းနှင့် အညစ်အကြေးအမှိုက်များပစ်ခြင်းကြောင့် မြောင်းဘေးတွင်နေထိုင်သော ပြည်သူများမှာ အနံ့အသက်ဆိုးများခံစားရပြီး ကျန်းမာရေးထိခိုက်မှုဖြစ်မည်ကို စိုးရိမ်ရသည်။

အဆိုပါမြောင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ပူးပေါင်း၍ မြောင်းပြန်လည်ဆည်ယူရေးနှင့် သန့်ရှင်းရေးကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ဆယ်မြောင်းဦးစီးဌာန၏ COMATSU PC 220 မြေတူးစက်ဖြင့် အကျယ် ၁၅ ပေခန့်၊ အနက်လေးပေခန့်ရှိ မြောင်း၏ အရှည်ပေ ၃၀၀၀ ခန့်ကို ပြန်လည်ဆယ်ယူခြင်းဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီက မြောင်းသန့်ရှင်းရေးအတွက် မြောင်းအတွင်း မိလ္လာပိုက်သွယ်ခြင်း၊ အညစ်အကြေးနှင့်အမှိုက်ပစ်ခြင်းများမပြုလုပ်ရန် လိုက်လံစိစစ်နေကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြဝတီနယ်စပ်မြို့၌ ပထမဦးဆုံးနေရာအဖြစ် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် စတင်အသုံးပြုသွားမည်

**ဘားအံ မေ ၁၁**

သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာအဆင့်မီစနစ်တစ်ခုဖြစ်သည့် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် (MACCS)ကို နယ်စပ်ဒေသများတွင် ပထမဦးဆုံးနေရာအဖြစ် မြဝတီနယ်စပ်မြို့၌ ယခုနှစ် ဇွန်လမှစတင်ကာ အသုံးပြုသွားမည်ဖြစ်ရာ အဆိုပါစနစ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကရင်ပြည်နယ်အတွင်း သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းရှင်များအား ရှင်းလင်းခြင်းကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ သီရိဘားအံဟိုတယ် မင်္ဂလာဖားစည်ခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။



မြန်မာ အလိုအလျောက်နည်းသုံး ကုန်စည် ရှင်းလင်းရေးစနစ် (MACCS)ကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရန်ကုန်ဧရိယာအတွင်းတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ အသုံးပြုခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည်။ နယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ဒေသ၌ ယခုနှစ် ဇွန်မှ စတင်အသုံးပြုဆောင်ရွက်မည့် မြန်မာအလိုအလျောက် နည်းသုံး ကုန်စည် ရှင်းလင်းရေးစနစ် (MACCS) သည် သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာအဆင့်မီ (Automation) စနစ်အဖြစ် အသုံးပြုဆောင်ရွက်နိုင်မည် ဖြစ်သည့်အပြင် သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် အစိုးရဌာနဆိုင်ရာများကလည်း (MACCS) စနစ်နှင့်ချိတ်ဆက် အသုံးပြုသွားမည်ဖြစ်သည့်အတွက် National Single Window အထောက်အကူပြုစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဂျပန်အကောက်ခွန်မှ ညွှန်ကြားရေးမှူး Mr.Michihito Kojima၊ ကရင်ပြည်နယ် အကောက်ခွန်ဦးစီးဌာန ပြည်နယ် ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဝင်းသန်းနှင့် ဂျပန်နိုင်ငံ MACCS Centerမှ မန်နေဂျာMr.Tatsuya Isobe တို့က MACCS စနစ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲများဆက်လက် ကျင်းပ




**နေပြည်တော် မေ ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ပူးပေါင်း၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သော လူငယ်၊ လူရွယ်များ ဖြစ်ပေါ်လာစေရေး၊ ကြက်တောင်အားကစားနည်းကို ယခုထက် ပိုမိုတိုးတက် ဖွံ့ဖြိုးစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင်ကစားသမား ၁၇၈ ဦးဖြင့် မေ ၁၁ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဇော်**

# အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများ ရရှိခံစားနိုင်မည်



**သန်လျင် မေ ၁၁**

ပြည်သူလူထုလိုအပ်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးငယ်နှင့် ကလေးသူငယ်များအတွက် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ရည်ရွယ်ချက်ဖြင့် အူရီဒူးမြန်မာ၏ ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်တွင် ဆေးစစ်ခန်း၊ ကုသခန်း၊ သားဖွားခန်း၊ ကျန်းမာရေးစောင့်ရှောက်ကုသခန်း၊ လူနာနားနေခန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်၊ ရေအရင်းအမြစ် ရရှိရေးနှင့် သိုလှောင်ရေးစနစ်နှင့် ဥည့်ဆောင်တို့ပါရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အခြေခံကျန်းမာရေးကွန်ရက် ၁၇ ခုကို ဆောက်လုပ်ပေးဖို့ အူရီဒူးမြန်မာက ကူညီပံ့ပိုးပေးထားတဲ့အတွက် ပြည်သူလူထုအနေနဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်တော့မှာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်ဝန်ဆောင်မိခင် သေဆုံးနှုန်း၊ မွေးကင်းစကလေးအပါ အဝင် ငါးနှစ်အောက် ကလေးသူငယ်များ သေဆုံးနှုန်းတွေ လျော့ကျလာနိုင်ဖို့အတွက် ကာကွယ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်၊ အဲဒီကနေတစ်ဆင့် သူတို့တွေ ကျန်းမာပျော်ရွှင်တဲ့ ဘဝတွေ ရရှိပိုင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု အူရီဒူးမြန်မာ၏ စီအီးအိုဖြစ်သူ Mr.Vikram Sinha က ပြောသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုအတွင်းရှိ မြို့ပြကျေးလက်နှင့်ဝေးကွာသော ဒေသနေ ပြည်သူလူထုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းကို မတည်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များ အသေအပျောက်နှုန်း ကျဆင်းလျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံကျန်းမာရေးကွန်ရက် ၁၇ ခုကို ဆောက်လုပ်ရန် အူရီဒူးမြန်မာက ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

ယခင်က စစ်ပင်ကွင်းကျေးရွာရှိ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် သန်လျင်မြို့ပေါ်သို့ သွားရောက်ခဲ့ရပြီး ယခုအခါတွင် မြို့ပေါ်သို့သွားရောက်ရန် မလိုအပ်တော့ဘဲ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုအကျိုးကို ရရှိခံစားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# ရန်ကုန်–လပွတ္တာရေယာဉ်လိုင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အဓိကထားပြေးဆွဲပေး

**ဖျာပုံ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာခရိုင် လပွတ္တာမြို့သို့ သွားလာရန် လမ်းပန်းဆက်သွယ်ရေးမှာ ကားလမ်းနှင့်ရေလမ်းခရီးများရှိပြီး ယခုနှစ် ဧပြီ ၁ ရက်က ရန်ကုန်-လပွတ္တာမော်တော်ကားလမ်းပေါ်ရှိ မြောင်းမြမြစ်ကူးကြိုးတံတား ပြတ်ကျခဲ့သဖြင့် ခရီးသည်နှင့်ကုန်ပစ္စည်းများရေလမ်းခရီးဖြင့် သွားလာပို့ဆောင်လျက်ရှိကြောင်းသိရသည်။

ရန်ကုန်-လပွတ္တာရေလမ်းခရီးနှင့်ပတ်သက်ပြီး သိရှိနိုင်ရန် မေလပထမပတ်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲလက်ထောက်အထွေထွေမန်နေဂျာဦးသိန်းမြင့်အား ဆက်သွယ်မေးမြန်းရာ "ရန်ကုန်-လပွတ္တာရေလမ်းက ယခင်ကတည်းကရှိပြီးသားပါ၊ မြောင်းမြမြစ်ကူးကြိုးတံတားပြတ်ကျတော့ခရီးသည်သွားလာမှုနဲ့ ကုန်ပစ္စည်းတွေက ရေလမ်းခရီးမှာပိုများလာပါတယ်၊ ရန်ကုန်မြို့ကနေ လပွတ္တာမြို့ကို အင်္ဂါနေ့နဲ့သောကြာနေ့ တစ်ပတ်နှစ်ကြိမ် ရန်ကုန်ဘုန်းကြီးလမ်း ဇေတံတားမှ မွန်းလွဲ ၂ နာရီမှာ ရေယာဉ်များပုံမှန်ထွက်ပေးလျက်ရှိပါတယ်၊ လှိုင်းဒဏ်လေဒဏ်ပိုမိုစိတ်ချရတဲ့ ဝေဿန္တရာရေယာဉ်နဲ့ ဗလရာဇာရေယာဉ်တွေနဲ့ ပြေးဆွဲပေးလျက်ရှိပါတယ်၊ ကြားဆိပ်ကမ်းတွေဖြစ်တဲ့ တွံတေး၊ မအူပင်၊ ရွှေလောင်း၊ ဝါးခယ်မ၊ ကြာကန်၊ ကျုံမငေး၊ ကံဘဲ့၊ ဘီတွတ်စတဲ့မြို့တွေနဲ့ ကျေးရွာတွေက ခရီးသည်တွေအတွက် သွားလာရေးအဆင်ပြေဖို့ပါ၊ ဒေသထွက်ကုန်တွေစီးဆင်းမှု မှန်ကန်မြန်ဆန်ရေးက အဓိကကျပါတယ်၊ ရန်ကုန်က အထွက်မှာတော့ မီးဖိုချောင်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများတင်ဆောင်ပြီး လပွတ္တာက အထွက်မှာတော့ရေထွက်ကုန်ပစ္စည်းများ၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ဆားအိတ်များနှင့်အခြားဒေသထွက်ပစ္စည်းတင်ဆောင်ထွက်ခွာပါတယ်၊ ဧပြီလကစပြီး နောက်ပိုင်းဝင်ငွေကောင်းလျက်ရှိပါတယ်"ဟု ပြောသည်။



&efukef vywåÂy;qaeonf\v &mZma& , mOf ("mwfyk&rpf0)

မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအနက် လပွတ္တာရေလမ်းခရီးသည်ပုံမှန်ဝင်ငွေရရှိရာမှ ယခုရက်ပိုင်းဝင်ငွေကောင်းနေသော ရေလမ်းခရီးစဉ်တစ်ခုဖြစ်လာကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

# မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဟသ်ာတ မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သော စီမံကိန်းဝင်ကျေးရွာများပူးပေါင်းပါဝင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၁၀နာရီက ဆယ်ထပ်ကြီး သာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာသန်းသန်းမူ၊ စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင် ဦးလှရှိန်၊ ဦးမန်းသိန်းလွင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခိုင်ချိုလွင်တို့က စီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ဘဏ္ဍာရေးနှစ်အလိုက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၄၀မှ စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက စီမံကိန်း၏အားနည်းချက်၊ အားသာချက်များကို အုပ်စုလိုက် သုံးသပ်ဆွေးနွေးပြီး သိရှိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိစီမံကိန်းယူနစ် ၉၅ ယူနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းလည်ပတ်ရန်ပုံငွေနှင့် အတိုးငွေစုစုပေါင်း ကျပ် ၇၁၄၈၅ ဒသမ ၄၆၇သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ **ကျော်ကျော်(ပြန်/ဆက်)**



# ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ဆောင်ရွက်

**သုံးခွ မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် သုံးခွမြို့နယ်မှ ခရမ်းမြို့နယ်ပိန်းကန်ကျေးရွာသို့ သွယ်တန်းထားသော ၃၃ ကေဗွီ Spar lineတွင် ငှက်များကြောင့် လိုင်းအပြစ်ဖြစ်ကာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်လေ့ရှိသည်။

လိုင်းအပြစ်ဖြစ်လေ့ရှိသောနေရာ ၁၀ နေရာ၌ မေ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထက်နိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်မောင်ထွေးတို့ဦးဆောင်၍ လိုင်းမင်းများက ငှက်များ ခြောက်လှန့်ရန်ကိရိယာ(ကိရိယာတစ်ခုစီတွင် ဆုံလည်ဒလက်သုံးခုပါရှိပြီး ဒလက်တစ်ခုစီတွင် မှန်ခွက်များတပ်ဆင်ထားသဖြင့် မှန်များအလင်းပြန်မှုကြောင့် ငှက်များလန့်၍ မနားနိုင်အောင်ပြုလုပ်ထားသော ကိရိယာ)များကို တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**

# ဝါးခယ်မမြို့နယ်တွင် ဘီပိုးကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**ဝါးခယ်မ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအရောက် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်း၍ ဘီပိုးကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး မေ ၁၀ ရက် နံနက်က စာရေးကုန်းရပ်ကွက်၌ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းအနေဖြင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသော ကလေးငယ်များနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသော အသက် ၁၅ နှစ်အောက် ကလေးငယ်များအား ပြန်လည် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါအနေဖြင့် အသက် ၁၅ နှစ်အောက် ကလေးများတွင် အများဆုံးတွေ့ရှိရပြီး ဂျပန်ဦးနှောက်ရောင်ရောဂါ ဗိုင်းရပ်ပိုးသယ်ဆောင်လာသော ခြင်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း၊ ခြင်ကိုက်ခံရပြီး ဂျပန်ဦးနှောက်ရောင်ရောဂါဗိုင်းရပ်ပိုး ကူးစက်ခံရပါက ဦးနှောက်ရောင်ရမ်းခြင်း၊ ဦးနှောက်နှင့် ကျောရိုးနာ့ဗ်ကြောမအပါအဝင် ဗဟိုအာရုံကြောစနစ် အစိတ်အပိုင်းများကို ထိခိုက်စေနိုင်ကြောင်း၊ ရောဂါအခြေအနေ ဆိုးရွားလာသည့်အခါ စိတ်ရှုပ်ထွေးတွေဝေခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပွားနိုင်ပြီး တချို့လူနာများအနေဖြင့် သတိလစ်မေ့မြောခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

# ရေကူးလူရွေးပြိုင်ပွဲ ကျင်းပမည်

**ဒဂုံ မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလားရေကူးလူရွေးပြိုင်ပွဲကို ဇွန် ၂ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မေ ၁၆ ရက် မှ ၁၉ ရက်အထိ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအတွင်း ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး သိရှိလိုပါက ဖုန်း ၀၉-၅၀၄၆၆၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ရေကူးပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# လမ်းကြောင့် မှောက်တာလား၊ လူကြောင့် တိုက်တာလား

**အောင်ဟိန်းကျော်**

ကားဆိုတာ ခေါင်းနဲ့မောင်းတာ။ ခေါင်းနဲ့မောင်းတယ်ဆိုတော့ ဆန်းနေမှာပေါ့။ ဘယ်လက်ခံချင်မလဲ။ ခြေတွေလက်တွေနဲ့မောင်းတာပဲ တွေ့နေရတာကိုး။ တကယ်တော့ ခြေတွေ လက်တွေကို ခေါင်းကခိုင်းတာ။ ခေါင်းမှာ ဦးနှောက်ရှိတယ်။ အဲဒီမှာ အမှန်၊ အမှားကိုအဆုံးအဖြတ်ပေးနိုင်တဲ့ အသိဉာဏ်၊ အသိတရားရောပဲ။ အဲဒီ အသိဉာဏ်က ခိုင်းလိုက်တာကို ခြေတွေ၊ လက်တွေက လိုက်လုပ်ပေးရတာ။ အသိဉာဏ်က ဆုံးဖြတ်ပေးတာ။ အသိဉာဏ်ကခိုင်းတာ။ ခြေတွေလက်တွေကိုလည်း ဖယ်ထားလို့ မရဘူး။ သူ့အပိုင်းနဲ့သူပေါ့။ တစ်ဆင့်ချင်း ပြောပါ့မယ်။

ကားမောင်းတာတင် မဟုတ်ဘူးနော်။ လေယာဉ်၊ သင်္ဘောကအစ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်လှေအဆုံးပဲ။ ဘာပဲမောင်းမောင်း အသိဉာဏ်နဲ့မောင်းရတာ။ ဒါကြောင့်လေယာဉ်မောင်းသူတွေကို ပထမဆုံးဉာဏ်ရည် (I.Q) စစ်တယ်။ ဉာဏ်ရည်မီသူတွေကိုပဲ သင်တန်းတက်ခွင့်ပေးတယ်။ ဉာဏ်မမီသူတွေကို လေယာဉ်၊ သင်္ဘောတွေမောင်းခွင့်မပေးဘူး။ အရေးကြုံတဲ့အခါ ရုတ်တရက်ဆုံးဖြတ်ဖို့ ဖြတ်ထိုးဉာဏ်လိုတယ်။ ဒါကြောင့် အရာရှိဖြစ်မယ့်သူတွေ (ရာထူးဝင်)ကို ဉာဏ်ရည် (I.Q test) စစ်တယ်။ စာတွေ့အမှတ်တွေ ဘယ်လောက်ပဲကောင်းနေနေ ဉာဏ်ရည်မမီရင် အရာရှိမဖြစ်ဘူး။

### ဉာဏ်ရည်မတူကြ

စကားစပ်လို့ ဉာဏ်ရည်အဆင့်အကြောင်း ပြောချင်သေးတယ်။ ဉာဏ်ရည်ကို သင်ယူလို့မရဘူး။ ကျွမ်းကျင်မှုကို သင်ယူလေ့ကျင့်လို့ရတယ်။ မွေးလာကတည်းက တစ်ယောက်နဲ့တစ်ယောက် ဉာဏ်ရည်မတူကြဘူး။ သာမန်ဉာဏ်ရည် (Everage IQ 100) ကို အခြေခံပြီး တိုင်းတာစစ်ဆေးတယ်။ ဉာဏ်ရည်မြင့်ရင် (High IQ) ခေါ်ပြီး ဉာဏ်ရည်နိမ့်ရင်(Low IQ) ခေါ်တယ်။ ဉာဏ်ရည်တိုင်းတာဖို့အတွက် သီးသန့်စာမေးပွဲတွေလုပ်ရတယ်။

ယေဘုယျအားဖြင့်တော့ ဉာဏ်ရည်မြင့်သူတွေဟာ တိုးတက်မြင့်မားတယ်။ ဉာဏ်ရည်နည်းသူတွေကတော့ နိမ့်ကျပြီး အဆင်မပြေမှုတွေနဲ့ ကြုံရတယ်။ ဉာဏ်ထိုင်းပြီး အမှားမှားအယွင်းယွင်းတွေဖြစ်၊ ဆုံးဖြတ်ချက်တွေမှား၊ ဒီတော့ လုပ်ဆောင်ချက်တွေလည်း မှားတော့တာပေါ့။

မ. ထ. သ က ထုတ်ပြန်ထားတာရှိတယ်။ ဘတ်(စ်)ကားမောင်းသူတွေဟာ အလယ်တန်းအဆင့်လောက်ရှိပြီး နောက်လိုက်တွေကတော့ မူလတန်းအဆင့်လောက်ရှိတယ်တဲ့။ နောက်လိုက်တွေကလည်း တစ်နေ့မှာ မောင်းသူတွေဖြစ်လာကြတာ။ ဘတ်(စ်)ကားတင် မဟုတ်ပါဘူး။ တခြားကားမောင်းပြီး အသက်မွေးတဲ့လူတွေလည်း ဒီတိုင်းပါပဲ။ တက္ကစီ၊ ကုန်တင်ယာဉ် (ကြီး/ငယ်)၊ ကွန်တိန်နာ၊ အုတ်သဲကျောက်၊ ထရပ်မောင်းသူတွေလည်း ဒီအလုပ်နဲ့ အသက်မွေးကြရတာ။ အိမ်စီးကားတွေမှာလည်း အငှားယာဉ်မောင်းတွေရှိတယ်။ အဲဒီလူတွေ အားလုံး ပညာရေးအားနည်းကြတာတော့ မဟုတ်ဘူး။ ဘွဲ့ရပြီး တက္ကစီမောင်းသူတွေလည်းရှိပါတယ်။ ဒါပေမယ့် မတူဘူး။ အသိပညာရှိသူနဲ့မရှိသူ မောင်းပုံချင်း မတူဘူး။ ပညာရေးအားနည်းတယ်ဆိုတာ ဉာဏ်ရည်(IQ)နည်းလို့။

ရန်ကုန် မဟာဗန္ဓုလတံတားအဆင်းမှာ ကွန်တိန်နာကားကြီးက တခြားကားတွေကို လမ်းပြောင်းပြန် ကျော်တယ်။ ခုံးဆင်းအဆုံးမှာ လမ်းလယ်က ဘလောက်တုံးတွေတွေ့တော့ ညာဘက်လမ်းကြောင်းပြန်ဝင်တယ်။ အရှိန်များတော့ တံတားလက်ရန်းကိုတိုက်ပြီး အောက်ကို ထိုးကျ။ ကံကောင်းလို့ တစ်ဝက်လောက်မှာ ရပ်နေတာ။ လက်ရန်းအောက်မှာ ပလက်ဖောင်းနဲ့ငြိသွားလို့။ ဒီတံတားမှာ ဒါမျိုးဖြစ်တာ ခဏခဏ။

နောက်တစ်ခုက ခြေတွေလက်တွေ။ ကားမောင်းတာမှာ ခြေတွေလက်တွေရော အရေးမပါဘူးလားလို့ မေးစရာရှိတယ်။ သူ့နေရာနဲ့သူ။ ဒါက ကျွမ်းကျင်မှုအပိုင်း။ အလုပ်တစ်ခုမှာ ကျွမ်းကျင်မှုဆိုတာ သင်ယူခြင်းနဲ့ အလေ့အကျင့်ပေါ်မှာ မူတည်တယ်။ အတွေ့အကြုံများလေလေ ပိုကျွမ်းကျင်လေလေပဲ။ သင်ယူခြင်းကလည်း ဉာဏ်ရည်ပေါ်မူတည်တယ်။ ဉာဏ်ပညာထက်မြက်ရင် ကျွမ်းကျင်တတ်မြောက်လွယ်တယ်။

ကျွမ်းကျင်ရုံနဲ့ကားမောင်းလို့ မရသေးဘူး။ အန္တရာယ်ကင်းဖို့က အသိဉာဏ်ပဲ။ ခြေတွေလက်တွေက အန္တရာယ်ကို မမြင်နိုင်ဘူး။ အသိဉာဏ်က အန္တရာယ်ကို ကြိုတင်မြင်နိုင်တာ။ ကျွမ်းကျင်မှုကို အသိဉာဏ်ကဦးဆောင်တယ်။ ခြေတွေလက်တွေကို အသိဉာဏ်က ခိုင်းစေတယ်။ ဒါကြောင့် ကားမောင်းတယ်ဆိုတာ ခေါင်း (အသိဉာဏ်) နဲ့ မောင်းတာ။

> ကားမောင်းတဲ့အခါ ခေါင်းအေးအေးထားရတယ်။
> နားနဲ့မျက်စိအာရုံ အားလုံးကို ရှေ့ကမြင်ကွင်းပေါ်မှာ
> စုစည်းထား။ ဒါမှ တော်ရုံကျတာ။
> အာရုံလွင့်သွားလို့မရဘူး . . .
>
> ဘီးပေါက်တယ်၊ ဘရိတ်ပေါက်တယ်၊
> တိုင်းရော့ပြုတ်တယ် . . .
> ခရီးမထွက်ခင်က ကြိုတင်ပြင်ဆင်မှုအားနည်း . . .

### ခွဲခြမ်းစိတ်ဖြာ

နေ့တိုင်းဖြစ်နေတဲ့ ကားတိုက်(ကားမှောက်)မှု၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီတိုက်မှုတွေကို ခွဲခြမ်းစိတ်ဖြာကြည့်လိုက်။ လူကြောင့်ဖြစ်တာ အများဆုံး။ ယာဉ်ကြောင့်ဖြစ်တာ နည်းနည်းပါ။ လမ်းကြောင့်ဖြစ်တာ အလွန့်အလွန်ကို နည်းလွန်းတယ်။ တိုက်ပုံတိုက်နည်း၊ မှောက်ပုံမှောက်နည်းတွေကို ကြည့်။ အရှိန်လွန်ပြီးဖြစ်တာ အများဆုံးပဲ။ အရှိန်နဲ့မမောင်းသင့်တဲ့နေရာမှာ အရှိန်ပြင်းပြင်းမောင်းတယ်။ အရှိန်လျှော့သင့်တဲ့နေရာမှာ မလျှော့ဘူး။

အရှိန်လွန်ပြီးတိုက်တာမှာ သုံးမျိုးရှိတယ်။ ‘ကွေ့’ မှာ အရှိန်လွန်တာ၊ ကားကျော်တာ၊ ရှေ့ကားကို အရှိန်လွန်ပြီးတိုက်တာ။ ကွေ့တွေမှာ အရှိန်လျှော့ရမယ်ဆိုတာ ကားမမောင်းဖူးသူတွေတောင်သိတယ်။ ဒါပေမယ့် လျှော့ပုံလျှော့နည်းရှိတယ်။ ‘ကွေ့’ မရောက်ခင်စပြီးကပဲ လျှော့ရတယ်။ “ကွေ့” အလယ်တည့်တည့်ရောက်ပြီး ကွေ့ထဲကမထွက်ခင်စပြီး အရှိန်မြှင့်ရတယ်။ ကွေ့ဆုံးအောင်စောင့်နေစရာ မလိုဘူး။ ဒါက ဦးနှောက်ရှိတဲ့သူမောင်းတဲ့နည်း။ ဦးနှောက်မရှိတဲ့သူကတော့ ကွေ့ထဲရောက်မှ အရှိန်လျှော့တယ်။ မရတော့ဘူးလေ။ ပက်ပက်စက်စက် မှောက်ပြီပေါ့။

### အတွေ့အကြုံပေါ်မူတည်

အရှိန်လွန်တဲ့နောက်တစ်မျိုးကတော့ ကားကျော်တာ။ ကားကျော်တဲ့နေရာမှာ ဦးနှောက်ရဲ့ အခန်းကဏ္ဍ အရေးကြီးဆုံးပဲ။ ဦးနှောက်ကဆုံးဖြတ်တာ။ ဆုံးဖြတ်ချက်နည်းနည်းလေးမှလွဲလို့မရဘူး။ ဘယ်အချိန်၊ ဘယ်နေရာမှာ ကျော်သင့်တယ်၊ မကျော်သင့်ဘူး သိဖို့လိုတယ်။ သေချာမှကျော်။ မသေချာရင် အခွင့်သာအောင်စောင့်။ အခွင့်ရပြီဆိုရင်လည်း အဲ့ဒီအခွင့်အရေးကို မလွတ်တမ်းယူလိုက်။ ဒါတွေအားလုံးက ဖြတ်ထိုးဉာဏ်ပဲ။ အသိဉာဏ်က အတွေ့အကြုံပေါ်မူတည်ပြီး ဆုံးဖြတ်တာ။ မသေချာဘဲ ကျော်တက်လိုက်ရင် တစ်ဖက်ယာဉ်ကြောက လာတဲ့ ကားနဲ့ထိပ်တိုက်တိုး။ အကာအရံနဲ့ဘလောက်တုံးတွေကို တိုက်။

အရှိန်လွန်တာနောက်တစ်မျိုးရှိသေးတယ်။ ရှေ့ကသွားနေတဲ့ကားကို နောက်ကားကအရှိန်လွန်ပြီး တိုက်တာ။ စဉ်းစားချင့်ချိန်ဉာဏ်နည်းလို့။ နောက်ကကပ်ပြီး လိုက်ရင် ဖြစ်မှာပဲ။ ရှေ့ကားက အကြောင်းတစ်ခုကြောင့် အရှိန်လျှော့လိုက်ရင် ဝင်တိုက်ရော။

ဒါတွေက ရန်ကုန်-မန္တလေးအမြန်လမ်းမှာ မကြာခဏဖြစ်နေကျ။ လမ်းမကောင်းလို့ဆိုပြီး လမ်းကို အပြစ်ပုံချတယ်။ အမြန်လမ်း အဆင့်မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ ဖြစ်တာ ဆင်ခြင်တုံတရားကြောင့်။ လူကြောင့်ဖြစ်တာ။ ခုပြောခဲ့တဲ့ အရှိန်လွန်ကားတိုက်မှုတွေ အမြန်လမ်းမှာ ဖြစ်နေတာ နေ့တိုင်းလိုလို။ မတရားမောင်းလာလို့ မထိန်းနိုင်တော့ဘဲ တိုက်ရင်တိုက်၊ မတိုက်ရင် မှောက်။ မကျော်သင့်ဘဲ ကျော်ပြီး တစ်ဖက်ယာဉ်ကြောကိုရောက်။ ရှေ့ကားကို ကပ်ပြီး အရှိန်ပြင်းပြင်းမောင်းလာ။ နောက်ကဝင်တိုက်။ရန်ကုန်မှာဆိုရင် မီးနီလို့ရပ်ထားတဲ့ ကားတွေကိုတောင် နောက်ကဝင်တိုက်တာ။ ဘတ်(စ်)ကားတွေက အရှိန်ပြင်းပြင်းမောင်း။ မီးပွိုင့်ရောက်တော့ ဘရိတ်နင်း။ မရတော့ဘူးလေ။ နောက်ကျသွားပြီ။ တိုက်ဆို အပုံလိုက်ကိုတိုက်တာ။ ဒါတွေအားလုံး အသိပညာ၊ အသိတရားကြောင့်ပဲဖြစ်တာ။ ဘီးကွဲတယ်ဆိုတာ ဖြစ်တောင့်ဖြစ်ခဲ။ အိပ်ငိုက်တာတောင် အသိဉာဏ်နဲ့ဆိုင်တယ်။

ဉာဏ်ပညာအမြော်အမြင်ရှိသူတွေလည်း အကြောင်းတစ်ခုခုကြောင့် လောနေရင်ဖြစ်တာပဲ။ ကားမောင်းတဲ့အခါ ခေါင်းအေးအေးထားရတယ်။ နားနဲ့မျက်စိအာရုံ အားလုံးကို ရှေ့ကမြင်ကွင်းပေါ်မှာ စုစည်းထား။ ဒါမှ တော်ရုံကျတာ။ အာရုံလွင့်သွားလို့မရဘူး။

ယာဉ်တိုက်မှုထဲမှာ နာမည်ဆိုးနဲ့ ဒုတိယနေရာ ရပ်တည်နေတာကတော့ မော်တော်ဆိုင်ကယ်။ အရှိန်လွန်ပြီးဖြစ်တာချည်းပဲ။ မော်တော်ဆိုင်ကယ်က ကားနဲ့မတူဘူး။ နည်းနည်းလေးဟန်ချက်ပျက်သွားတာနဲ့လဲပြီ။ အတိမ်းအစောင်းမခံဘူး။ အရှိန်ပြင်းပြင်းမောင်းတော့ ပိုဆိုးသေး။ အဝေးပြေးလမ်းမကြီးတွေမှာ နှစ်စီးမျက်နှာချင်းဆိုင်တိုက်အောင်မောင်းတယ်။ အရှိန်ပြင်းလွန်းလို့ မထိန်းနိုင်ဘဲတိုက်တာ။ ရှေ့ကကားကိုကျော်တက်။ ကားနဲ့ငြိ။ တစ်ဖက်ယာဉ်ကြောက ကားအောက်ရောက်သွား။ လမ်းမပေါ်မှာ အတုံးအရုံး။ အားလုံးပွဲချင်းပြီး။ မော်တော်ဆိုင်ကယ်ဆိုတာ ကိုယ်နိုင်တဲ့အရှိန်နဲ့ မောင်းရတာမျိုး။ ဆင်ခြင်တုံတရားနည်းလို့ ရေတိမ်နစ်ရတာ။ ရုတ်တရက် ဆုံးဖြတ်ချက်အမှားကြောင့် ဘဝပြောင်းသွားတာ မနည်းဘူး။ ထော်လာဂျီကတော့ ယာဉ်ကြံ့ခိုင်မှုအားနည်းလို့ ဖြစ်တာများတယ်။

### ကြိုတင်ပြင်ဆင်မှုအားနည်း

ယာဉ်တိုက်မှုဖြစ်ရတဲ့ ဒုတိယအကြောင်းရင်းက ယာဉ်ကြောင့်။ ဒါကလည်းနည်းပါတယ်။ ဘီးပေါက်တယ်၊ ဘရိတ်ပေါက်တယ်၊ တိုင်းရော့ပြုတ်တယ်။ ဘီးကွဲတယ်ဆိုတာ ခရီးမထွက်ခင်က ကြိုတင်ပြင်ဆင်မှုအားနည်းလို့။ ဘရိတ်ပေါက်တာကတော့ ဘရိတ်တစ်ခုတည်းပြောလို့မရဘူး။ မောင်းသူနဲ့ အများကြီး သက်ဆိုင်တယ်။ အရှိန်ပြင်းပြင်းမောင်း။ ခဏခဏဘရိတ်ဆောင့်နင်း။ ကြာလာတော့ ဘယ်ခံနိုင်မလဲ။ မီးနီနေတာမြင်ရဲ့သားနဲ့အရှိန်မလျှော့ဘူး။ အနားရောက်မှ ဆောင့်နင်း။ ပေါက်ရော။

တတိယအချက်က လမ်းကြောင့်ဖြစ်တာ။ ဒါကလည်းရှားပါတယ်။ တောင်ကျော်လမ်း၊ အကွေ့၊ အကောက်တွေမှာပဲဖြစ်တာ။ မြေပြန့်မှာ ဖြစ်တာက လူကြောင့်။ လမ်းကို အပြစ်ပြောလို့မရဘူး။ မူးယစ်သောက်စား၊ အိပ်ငိုက်တာတွေကိုလည်း လူကပဲလုပ်တာ မဟုတ်ဘူးလား။

ကားမောင်းတာမှာ “အထာ” ရှိတယ်။ ရှေ့ကား၊ နောက်ကား၊ ဘေးကား။ လမ်းကြောပြောင်းမလား၊ ဝင်မလား၊ ဖြတ်မလား၊ ကျော်မလား။ လမ်းဘေးကလူကူးမလား၊ မကူးဘူးလား။ အရိပ်အကဲသိမှ ကြိုတင်ရှောင်နိုင်မယ်။ ကိုယ်ကလည်း ဘာလုပ်လုပ် မီးပြ။ လက်ပြစရာ မလိုဘူး။ အလောတကြီး မမောင်းရင် အန္တရာယ် ရှောင်နိုင်ပါတယ်။

ကားကို ခေါင်းနဲ့မောင်းပါ။

## တာချီလိတ်၌ ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၉ နာရီက မကာဟိုခမ်း ရပ်ကွက်ရှိ တာချီလိတ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ စတင်ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက ကျောင်းသား လူငယ်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းရည်ကို အပြည့်အဝ အသုံးချနိုင်ရေးနှင့် ဘဝတစ်လျှောက်လုံး ပညာသင်ယူလိုစိတ် ဖြစ်ထွန်းလာစေရေးအတွက် အရည်အသွေးရှိသော ပညာရေးစနစ်တစ်ခုကို ထူထောင်ရန် ရည်ရွယ်မျှော်လင့်ထားကြောင်း ပြောကြားသည်။ တာချီလိတ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးသိန်းက သင်တန်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများကို ရှင်းလင်း ပြောကြားသည်။

ဆွေးနွေးပွဲကို မူလတန်းအဆင့်သင် ဆရာ ဆရာမများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများနှင့် ရပ်ရွာများမှ လူထုခန့် ဆရာ ဆရာမများ သင်တန်းသား ၅၀၀ ဖြင့် ဒုတိယတန်းသင်ရိုးသစ် ဘာသာရပ် ၁၀ မျိုးကို မေ ၂၃ ရက်အထိ ဆွေးနွေးပို့ချမည် ဖြစ်သည်။ **ဝေယံလင်း(ပြန်/ဆက်)**



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (တောင်ပိုင်းခရိုင်) FDA မှ ဒေါက်တာနီလာငြိမ်းဦးဆောင်သောအဖွဲ့သည် ကျောက်တန်းမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မေ ၉ ရက် နံနက် ၉ နာရီခွဲက စည်ပင်သာယာမြို့မဈေးအတွင်းနှင့် မြို့အတွင်း ရောင်းချနေသော ဆေးဝါး၊ စားသောက်ကုန်နှင့် အလှကုန်ဆိုင်များအား ရောင်းချနေသည့်ပစ္စည်းများကို မှတ်ပုံတင်ထားခြင်းရှိ၊ မရှိနှင့် စားသောက်ကုန်များ ဓာတုဆိုးဆေးများပါဝင်ခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ပြီး မြို့မဈေးတာဝန်ခံရုံးခန်း၌ ရောင်းချသူနှင့်ဈေးသူ၊ ဈေးသားများအား ဆေးဝါး၊ စားသောက်ကုန်၊ အလှကုန်များနှင့်ပက်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။ **ကြေးမုံ**

# ဆေးခြောက်သုံးစွဲကြောင်း ပေါ်ပေါက်ခဲ့တဲ့ ဟန်ဂျိုဝန်

တောင်ကိုရီးယား မင်းသားတစ်ဦးဖြစ်တဲ့ ဟန်ဂျိုဝန်ဟာ လတ်တလောမှာတော့ ဆေးခြောက်သုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားဟာ ဆေးခြောက်သုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးတဲ့နောက် ပြစ်ဒဏ်ကျခံခဲ့ရတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုးလ်အနောက်ပိုင်းခရိုင်တရားရုံးက ပြီးခဲ့တဲ့လအတွင်း ဟန်ဂျိုဝန်ကို ဆေးခြောက်သုံးစွဲကြောင်း သံသယနဲ့ စစ်ဆေးမှုတွေပြုခဲ့ပြီးနောက် နောက်ဆုံးမှာတော့ သုံးစွဲကြောင်း တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူဟာ နှစ်နှစ်တာအတွင်း ဆေးခြောက်နောက်ထပ်သုံးစွဲခဲ့ပါက ထောင်ဒဏ်ရှစ်လ ကျခံသွားဖွယ်ရာ ရှိနေပါတယ်။ ဒ့ါအပြင် သူဟာ ဒဏ်ကြေးအဖြစ် ကိုရီးယားဝမ် ၃၂၀၀၀၀ ပေးဆောင်သွားဖို့ရာ အမိန့်ချမှတ်ခံခဲ့ရပြီး ပြန်လည်ထူထောင်ရေးတွေကိုလည်း နာရီ ၄၀ ကြာ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ထွက်ပေါ်လာတဲ့ သတင်းများအရ ဟန်ဂျိုဝန်ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ဆေးခြောက် ၁၀ ကီလိုဂရမ် သုံးစွဲခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် သူဝယ်နေကျသူဆီက နောက်ထပ်ဝယ်ယူဖို့ရာ ကြိုးပမ်းခဲ့တာပါ။ ဟန်ဂျိုဝန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း သူ့ရဲ့ ဆေးခြောက်သုံးစွဲမှုနဲ့ ပတ်သက်ပြီး ဟုတ်မှန်ကြောင်းနဲ့ သူ့ရဲ့လုပ်ဆောင်မှုတွေကို ပြန်လည်သုံးသပ်ဖို့ရာ အချိန်လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။



ဟန်ဂျိုဝန်ဟာ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ ရုပ်ရှင်များစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ အဲဒီထဲမှာ ကျော်ကြားတဲ့ ရုပ်ရှင်တွေကတော့ "Wang's Family"၊ "Joseon Gunman"၊ "School 2017"နဲ့ "Melo-Holic "တို့ပဲ ဖြစ်ကြပါတယ်။



မကြာမီ ဝေလမင်းသား ဟယ်ရီနဲ့ မင်္ဂလာပွဲကျင်းပသွားမယ့် သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်ရဲ့ ဖယောင်းရုပ်တုကို တွေ့ရစဉ်။

(ယင်းရုပ်တုကို မင်္ဂလာပွဲအကြိုအဖြစ် မက်ဒမ်တူးဆော့ပြတိုက်မှာ မကြာသေးမီက ဖွင့်လှစ်ပြသထားပြီး နောက်ပိုင်းမှာတော့ ဟယ်ရီရဲ့ ဖယောင်းရုပ်တုဘေးမှာ တွဲဖက်ပြသထားမှာ ဖြစ်ပါတယ်)

## "Revenge Note 2"နဲ့ သရုပ်ဆောင်နယ်ပယ်မှာ ပွဲဦးထွက်လာမယ့် ဆမ်မြူရယ်ကင်

တေးသံရှင်တစ်ဦးဖြစ်သူ ဆမ်မြူရယ်ကင်ဟာ သရုပ်ဆောင်တစ်ဦးအဖြစ် ခြေလှမ်းစရာမှာတော့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ " Revenge Note 2" နဲ့ ပွဲဦးထွက်မှာဖြစ်တယ်လို့ သိရပါတယ်။ ယင်းဇာတ်လမ်းတွဲဟာ ဒုတိယမြောက်ရာသီအဖြစ် ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲဖြစ်တယ်လို့လည်း သိရပါတယ်။

ကျော်ကြားတဲ့ ဝက်ဘ်ဒရမ်မာတစ်ခုဖြစ်တဲ့ "'Revenge Note "ရဲ့ နောက်ဆက်တွဲရုပ်ရှင်ကို ရိုက်ကူးထုတ်လွှင့်သွားဖို့ရာ ဆုံးဖြတ်ခဲ့ပြီးတဲ့နောက် ယင်းရုပ်ရှင်သစ်မှာ ဆမ်မြူရယ်ကင် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ အဓိက အမျိုးသမီးသရုပ်ဆောင်အဖြစ် ကလေးသရုပ်ဆောင်တစ်ဦးဖြစ်သူ အာဆိုးဟွန်က ပါဝင်ပေးသွားမှာဖြစ်ပြီး သူနဲ့အတူ ဆမ်မြူရယ်ကင်၊ ဂျီမင်ဟွတ်ခ်၊ ကမ်ဂျီယောင်းတို့ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

"Revenge Note "ဟာ ဆယ်ကျော်သက်ဇာတ်ကောင်ကို အဓိကဇာတ်လိုက်အဖြစ် ဖန်တီးအသက်သွင်းထားတာဖြစ်ပြီး ကျောင်းသူတစ်ဦးဟာ သူ့အတွက် ပြန်လည်လက်စားချေဖို့ရာ ကူညီပေးနိုင်မယ့် အပလီကေးရှင်းတစ်ခုကို တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ "Revenge Note 2" ဇာတ်လမ်းတွဲကိုတော့ လာမယ့် ဇူလိုင်လအတွင်း ထုတ်လွှင့်ဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့်ရေးသားသည်

## T-ara အဖွဲ့ဝင် ကျူရီနဲ့ ဂျန်ချန်းတို့ရဲ့ ဓာတ်ပုံများ ပေါ်ထွက်လာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျူရီနဲ့ ရှေ့နေတစ်ဦးဖြစ်သူ ဂျန်ချန်းတို့ ဂျပန်နိုင်ငံမှာ ရောက်ရှိနေတဲ့ ပုံရိပ်တွေ ပါဝင်တဲ့ ဓာတ်ပုံတွေဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာပေါ်မှာ ပေါ်ထွက်လာတာ တွေ့ရပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း ယခင်ကလည်း သတင်းတွေ ထွက်ခဲ့ပြီး ဒီလို ဂျပန်မှာ အတူရှိနေတဲ့ဓာတ်ပုံတွေ ပေါ်ထွက်လာချိန်မှာတော့ ချစ်သူတွေဖြစ်နေကြကြောင်း ကောလာဟလတွေဟာ နောက်တစ်ကြိမ် ပြန်လည်စတင်လာခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၀ ရက်မှာ ကျူရီနဲ့ ဂျန်ချန်းတို့ ဂျပန်နိုင်ငံမှာ ရောက်ရှိနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေ စတင်ပေါ်ထွက်လာတာပါ။ ဒီပုံတွေကိုတော့ သူတို့ကို သိတဲ့သူတစ်ဦးက တွေ့ခဲ့တာကြောင့် ရိုက်ကူးထားတာဖြစ်ပြီး ယင်းဓာတ်ပုံတွေမှာတော့ သူတို့နှစ်ဦးဟာ ဈေးဝယ်ထွက်နေတာဖြစ်ပါတယ်။ နိုးကတ်နယူးစ်ရဲ့ ဖော်ပြချက်အရ သူတို့နှစ်ဦးဟာ စတိုးဆိုင်တစ်ဆိုင်မှာ တစ်ယောက်ကို တစ်ယောက် ဖိနပ်ရွေးပေးနေကြတာဖြစ်တယ်လို့ သိရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ချစ်သူတွေဖြစ်နေကြကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ "T-ara"ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဘီကေအန်တာတိန်းမန့်က သူတို့နှစ်ဦးဟာ အခမ်းအနားတစ်ခုမှာ တွေ့ဆုံးဖူးကြတာဖြစ်ပေမယ့် ပုဂ္ဂိုလ်ရေးအရ အဆက်အဆံရှိသူတွေမဟုတ်ကြောင်း တုံ့ပြန်ပြောကြားကာ ကောလာဟလတွေကို ငြင်းဆိုခဲ့တာဖြစ်ပါတယ်။

ရှေ့နေဂျန်ချန်းကို လူသိရှင်ကြားဖြစ်စေခဲ့တာက "Heart Signal" ရုပ်သံအစီအစဉ်မှာ ပါဝင်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒ့ါအပြင် ဂျန်ချန်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း "T-ara "အဖွဲ့ဝင်တွေနဲ့ အေဂျင်စီအကြား ဖြစ်ခဲ့တဲ့ တရားရင်ဆိုင်မှုမှာလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီအမှုမှာ အဖွဲ့ဝင်တွေဟာ အေဂျင်စီနဲ့ လမ်းခွဲပြီးနောက် အဖွဲ့ရဲ့အမည်ကို ဆက်လက်အသုံးပြုလိုကြောင်း လျှောက်ထားပေမယ့် အဆုံးမှာတော့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒီအမှုမှာ ဂျန်ချန်းက "T-ara "အဖွဲ့ဝင်တွေဘက်က ရပ်တည်ပေးခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။





## ယူကျူပေါ်မှာ မှတ်တိုင်သစ်စိုက်ထူခဲ့တဲ့ "BIGBANG"

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG " ဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ယူကျူပေါ်မှာ အောင်မြင်မှုမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ အဖွဲ့ရဲ့ တေးဗီဒီယိုတစ်ခုဟာ ကြည့်ရှုသူ သန်း ၃၅၀ ကျော်လွန်သွားခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" BIGBANG "ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Fantastic Baby " ရဲ့ တေးဗီဒီယိုဟာ ယူကျူပေါ်မှာ ထုတ်လွှင့်ခဲ့ရာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် လက်ရှိအချိန်မှာတော့ ကြည့်ရှုသူပရိသတ် သန်း ၃၅၀ ကျော် ပိုင်ဆိုင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေ ၁၀ ရက်မှာ ယင်းတေးဗီဒီယိုဟာ ပရိသတ် သန်း ၃၅၀ ပြည့်မြောက်ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုကို ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မတ် ၂၇ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာကြောင့် ခြောက်နှစ်ကျော်ကာလအတွင်းမှ ယခုလို မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။

"Fantastic Baby"တေးဗီဒီယိုဟာ ကေပေ့ါပ်အဖွဲ့တွေရဲ့ တေးဗီဒီယိုတွေအနက် ကြည့်ရှုသူ သန်း ၃၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ တတိယမြောက်တေးဗီဒီယိုပါ။ ပြီးခဲ့တဲ့လအတွင်းမှာတော့ "BTS"ရဲ့ "DNA"နဲ့ "TWICE"ရဲ့ "TT" တေးဗီဒီယိုတို့ဟာ ယင်းအတိုင်းအတာကို ပြည့်မြောက်ခဲ့ကြပြီးဖြစ်ပါတယ်။ ကြည့်ရှုသူပရိသတ် သန်း ၃၀၀ ကျော်ခဲ့ပြီဖြစ်တဲ့ ကေပေ့ါပ်တေးဗီဒီယိုတွေကတော့ "BIGBANG"ရဲ့ "Bang Bang Bang"၊ "BTS"ရဲ့ "Fire"နဲ့ "Drope"နဲ့ "BLACKPINK"ရဲ့ "Boombayah"တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။



## မုံရွာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာရှိ မဟာစေတီလှဘုရားဝင်းအတွင်းရှိ ဓမ္မာရုံတွင် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီက မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဥပဒေရေးရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လျှပ်စစ်မီးလင်းရေး၊ စိုက်ပျိုးရေပေးဝေရရှိရေးကဏ္ဍများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကဆွေးနွေးကြပြီး ကျေးလက်နေပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဌာနအလိုက်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းသို့ မုံရွာမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်အမာကြည်၊ မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သာစည်ကျေးရွာအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## လားရှိုးမြို့တွင် လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**လားရှိုး မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပထမအကြိမ်ပြည်သူ့စကားဝိုင်းကို မေ ၁၀ မွန်းလွဲ ၁ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်းက အစိုးရနှင့်ပြည်သူများအကြား ယခုလို စကားဝိုင်းများကျင်းပခြင်းကြောင့် ပြည်သူများက မိမိတို့လိုလားချက်များကို ပွင့်လင်းစွာ တင်ပြနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများဖြင့် နိုင်ငံတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေခြင်းကြောင့် ပြည်သူများမှ မိမိတို့သိရှိဆွေးနွေးလိုသည်များကို ဆွေးနွေးကြရန်ပြောကြားသည်။

ဆက်လက်၍ လားရှိုးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြုလုပ်သည့် လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ လားရှိုးခရိုင်တွင် ပထမဆုံးကျင်းပသည့်အတွက် ဒီမိုကရေစီအလေ့အကျင့်ကောင်းများဖြစ်သော ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ခြင်း၊ ကြောင်းကျိုးသင့် အဖြေရှာခြင်း၊ ပြည်သူတို့ရဲ့ အရေးအရာများကို မျက်ခြည်ပြတ်လျစ်လျူရှုမှုမဖြစ်စေဘဲ ပြည်သူကို အခွင့်အာဏာပေးရာရောက်ခြင်း၊ ပြည်သူများကိုယ်တိုင် မှန်ကန်စွာ စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်စွမ်းများ ရှိလာစေခြင်းများကို ပြည်သူ့စကားဝိုင်းများမှ ရရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း၊ အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးရီထွန်းသန်း၊ ကျန်းမာရေးဦးစီးဌာနမှ သမားတော်ကြီး ဒေါက်တာကျော်ထင်၊ Mynamar Anti Narcotics Association(MANA)မှ ဒေါက်တာတင့်ဆွေ၊ မြို့နယ်ဥပဒေအရာရှိ ဦးစောကဲဒို၊ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးခိုင်ဝင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဗဟိုအလုပ်အမှုဆောင်စာရင်းစစ်မှူး ဒေါ်ခင်သန်းနွဲ့တို့က ဦးဆောင်၍ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြင်ဆင်လိုက်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းသည် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းများဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဆွေးနွေးမှုများအပေါ် လားရှိုးမြို့နယ်အတွင်းမှ တက်ရောက်လာသည့် လူငယ်များနှင့် ပြည်သူများက သိရှိလိုသည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအကြောင်းကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

ပြည်သူ့စကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လားရှိုးခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသည့် ပြည်သူများ ၂၀၀ ခန့် တက်ရောက်ကြသည်။ **လားရှိုး(ပြန်/ဆက်)**

# နမ့်စန်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီး

**နမ့်စန်(တ) မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စုတွင် မေ ၁၀ ရက် ညနေ ၆နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နမ့်လစ်ကျေးရွာအုပ်စု လွိုင်ဆိုင်းကျေးရွာတွင် နေအိမ် ၁၉ လုံးနှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ အဆောင်တစ်ဆောင်၊ တွံတီးကျေးရွာ ဘုန်းကြီးကျောင်းအတွင်းရှိ အဆောင်တစ်ဆောင် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မေ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါလေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး တင့်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ အပျက်အစီးများနှင့် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**





## မိုင်းယုမြို့တွင် ကလေးငယ်များအား အသည်းရောင်အသားဝါ(ဘီပိုး)ကာကွယ်ဆေးထိုးနှံ

**မိုင်းယု မေ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ပေါ်နှင့် ကျေးလက်နေပြည်သူတို့၏ ကလေးငယ်များအား အသည်းရောင် အသားဝါရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အသည်းရောင် အသားဝါ(ဘီပိုး) ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ ၁၁ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်တာကြန့်ကျေးရွာနှင့် ဝမ်ဒွန်းနွဲ့ကျေးရွာအုပ်စု ဝမ်ဒွန်းနွဲကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်ဝေဝေလွင်တို့က ဦးဆောင်ကာ မိုင်းယုမြို့ပေါ်နှင့် ကျေးရွာ ၁၅ ရွာမှ အသက် ငါးနှစ်မှ ခုနစ်နှစ်အတွင်းရှိ ကလေးငယ် စုစုပေါင်း ၁၁၀ အား အသည်းရောင်အသားဝါ(ဘီပိုး)ကာကွယ်ဆေးကို ပထမအကြိမ်ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုကို အတူတကွ တိုက်ဖျက်ရေး ဆွေးနွေးပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ကျိုင်းတုံနှင့် USAID မှ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အဂတိလိုက်စားမှုကို အတူတကွ တိုက်ဖျက်ရေး အသိပညာပေး အမြင်ဖွင့်ဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ၌ ကျင်းပသည်။

ရန်ကုန်မြို့အခြေစိုက် USAID မှ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး စီမံကိန်းအဖွဲ့၏ အစီအစဉ်တာဝန်ခံ ဒေါ်ကြည်ကြည်ဝင်းနှင့်တရားမျှတမှုလက်လှမ်းမီနိုင်ရေးအဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)အသိပညာပေး တာဝန်ခံ ဦးခွန်သီဟစိုးတို့က အဂတိလိုက်စားမှုဆိုင်ရာများ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ အဂတိလိုက်စားမှု အခွင့်အလမ်းရှာဖွေ ဖော်ထုတ်ခြင်း၊ အတွေ့အကြုံများ မျှဝေခြင်း၊ အဂတိလိုက်စားမှု တွန်းလှန်ခြင်းဆိုင်ရာများ၊ စောင့်ကြည့်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပညာရေးဌာနမှ လက်ထောက်မြို့နယ် ပညာရေးမှူးအပါအဝင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိုင်းကိုးကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်သင့်သည်များကိုအုပ်စုဖွဲ့၍ အဖွဲ့အလိုက်အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်းလှနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကျိုင်းတုံမြို့မှ ကွင်းဆင်းတာဝန်ခံ ဒေါ်နန်းရွှေနွန်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိုင်းကိုးကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများ တက်ရောက်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး မေ ၁၁**

မင်းဘူး(စကု)မြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပသည့် မြို့ပြတစ်ခု ဖြစ်စေရေးအတွက် မြို့ပေါ်ရပ်ကွက်များအား လက်ရှိအမှိုက်သိမ်းယာဉ် လေးစီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းထားသည့် အမှိုက်သိမ်းယာဉ် တစ်စီး စုစုပေါင်း အမှိုက်သိမ်း ငါးစီး အသုံးပြု၍ သန့်ရှင်းရေးလုပ်သား ၁၉ ဦးတို့ဖြင့် နေ့စဉ်အသံချဲ့စက်ဖြင့်ကြေညာခြင်းစနစ်ဖြင့်လည်းကောင်း၊ ခေါင်းလောင်းတီးစနစ်ဖြင့် လည်းကောင်း အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအတွက် အမှိုက်စွန့်ပစ်ရာတွင် အဆင်ပြေလျက်ရှိကြောင်း မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းနိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်ကို မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသာယာလှပတဲ့ မြို့ပြတစ်ခုဖြစ်အောင် သန့်ရှင်းရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်နေပါတယ်၊ အခုလို စနစ်တကျ အမှိုက်သိမ်းစနစ်ကို ဆောင်ရွက်ပေးတဲ့အတွက် မြို့မိမြို့ဖများအနေဖြင့် မီးဖိုချောင်သုံးအမှိုက်များနဲ့ သာမန်အမှိုက်တွေကို စွန့်ပစ်ရာမှာ အဆင်ပြေချောမွေ့စွာ စွန့်ပစ်နိုင်လို့ အဆင်လည်း ပြေစေပါတယ်၊ မြို့မိမြို့ဖများအနေနဲ့ မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသပ်ရပ်မှုရှိတဲ့ မြို့ပြတစ်ခုဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြဖို့နဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ မလုပ်ကြဖို့ ပြောချင်ပါတယ်"ဟု မင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ဇလွန်မြို့နယ်တွင် သဘာဝဘေးဒဏ်ကျရောက်ခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပေး

**ဇလွန် မေ ၁၁**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၂၄ ရက်က ဇလွန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီး ပြိုလဲနေအိမ် ၆၉ လုံးအတွက် Family Kits ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် ဧပြီ ၂၄ ရက်က ဇလွန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီး ပြိုလဲနေအိမ် ၆၉ လုံးအတွက်ထောက်ပံ့ရေးပစ္စည်း Family Kitsများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးစိုးမိုးနှင့်တာဝန်ရှိသူများက အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)



## ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများပါဝင်နိုင်မှုအခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရေး မေ ၁၁**
ရေးမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လိုအပ်ချက်များကိုသိရှိပြီး ဖြည့်ဆည်းနိုင်ရန်အတွက် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ ပါဝင်နိုင်မှုအခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စတင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကံဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်၊ မြို့နယ်စည်ပင်အင်ဂျင်နီယာ ဦးကျော်ခိုင်နှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဇာဇာဝင်းတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနများ ဆောင်ရွက်နေမှုများနှင့် ပြည်သူတို့၏လုပ်ငန်းတစ်ရပ်အနေဖြင့် အပြန်အလှန်ကူညီပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထိုင်းနိုင်ငံသားများပါဝင်သည့်အဖွဲ့ မြန်မာနိုင်ငံအတွင်းလည်ပတ်ရန် မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ ဝင်ရောက်



**မြဝတီ မေ ၁၁**
မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်း နယ်စပ်ဂိတ်များတွင် နိုင်ငံခြားသားလူဝင် လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့် ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအားဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှစတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုခဲ့ရာ Wide View Travels & Tours Co,Ltd ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား ဧည့်သည် Mr. Nonpawit Khampuan အပါအဝင် ထိုင်းနိုင်ငံသားအဖွဲ့ဝင် ၅၀ တို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၂၁ စီးတို့ဖြင့် မြန်မာနိုင်ငံအတွင်း လည်ပတ်ရန် မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ မေ ၁၁ ရက် နံနက် ၇ နာရီက ထိုင်းနိုင်ငံမှ မြဝတီသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ဒီနေ့ မြဝတီကနေ ဘားအံကိုသွားမယ်၊ ဘားအံက ဘုရားတွေ၊ ဂူတွေလည်ပတ်မယ်၊ ပြီးရင် မော်လမြိုင်ကို ထွက်မယ်၊ ဝင်းစိန်တောရကိုသွားမယ်၊ သံဖြူဇရပ်ဘက်သွားမယ်ပေါ့၊ အခုလာမယ့် မေ ၁၃ ရက်မှာ မြဝတီကနေ ထိုင်းကို ပြန်ဝင်မှာပါ" ဟု Wide View Travels & Tours Co,Ltd မှ တာဝန်ရှိသူ ဦးဝင်းမြင့်က ပြောသည်။

အဆိုပါ အဖွဲ့နှင့်အတူ မြဝတီခရိုင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ Wide View Travels & Tours Co,Ltd မှ ဦးဝင်းမြင့်၊ ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးစိုင်းလုံတစ်တို့ လိုက်ပါကာ မြန်မာနိုင်ငံအတွင်း မေ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ လည်ပတ်သွားမည် ဖြစ်ကြောင်းသိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်

**သုဝဏ္ဏဝတီမြို့ မေ ၁၁**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်၌ သိမ်ဆိပ် - ဝီယော် - လေးကေ (မြို့နယ်ချင်းဆက်လမ်း) ပေါ်တွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် လှပစေရန်နှင့် မိုးရာသီအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် သထုံမြို့နယ် လမ်းဦးစီးဌာနက ဦးဆောင်၍ မေ ၁၀ ရက်မှစတင်ကာ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်လျက်ရှိသည်။

"မေ ၈ ရက်က သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေနဲ့ လမ်းနယ်နဲ့ မလွတ်ကင်းတဲ့ အိမ်တွေကို လိုက်လံရှင်းပြပြီးမှ ဆောင်ရွက်တာပါ၊ ကားလမ်းဘေးက ရေမြောင်းအကျယ် နှစ်ပေ၊ အနက် နှစ်ပေ အုတ်စီ ကွန်ကရစ်ရေမြောင်း ပြုလုပ်ပေးမှာပါ၊ မြို့နယ်ချင်းဆက်လမ်းရဲ့ အစဖြစ်တဲ့ သိမ်ဆိပ်ရပ်ကွက်ကနေ တစ်မိုင်အထိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးတာပါ၊ ထပ်မံပြီး ပြည်နယ်ရန်ပုံငွေ ရရှိတဲ့အပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု သထုံမြို့နယ် လမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေဦးက ပြောသည်။

"အခုလို ရေမြောင်းတွေ လာရောက်လုပ်ပေးမယ်ဆိုတော့ အရင်က ဆောက်ထားတဲ့ အဆောက်အအုံတွေနဲ့ တချို့အိမ်တွေက မလွတ်ချင်ဘူး၊ ဒါပေမယ့် ကိုယ်တစ်ဦးတည်းမှ မဟုတ်ဘဲ အများနဲ့ဆိုတော့ လက်ခံပေးရပါတယ်၊ သူတို့က ရေမြောင်းတွေကို အကျယ် ငါးပေ၊ အနက် လေးပေ တူးနေပြီး အောက်ခြေအမာခံ ကျောက်လောင်းပြီး အခိုင်အမာ လုပ်ပေးမယ်ပြောတယ်၊ မြောင်းအဖုံးတွေကိုတော့ ကိုယ့်အိမ်ရှေ့ ကိုယ်လုပ်ရမယ်လို့ ပြောသွားပါတယ်"ဟု သိမ်ဆိပ်ရပ်ကွက် ဆေးရုံလမ်းနေသူ တစ်ဦးက ဆိုသည်။

အဆိုပါ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်ကို ဆက်သွယ်ထားသော သိမ်ဆိပ်-ဝီယော်-လေးကေ (မြို့နယ်ချင်းဆက်လမ်း) သည် ၃၅ မိုင် ၆ ဖာလုံခန့် ရှည်လျား၍ တစ်နေ့တခြား ယာဉ်အသွားအလာ များပြားလာပြီး မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသောလမ်းဖြစ်သည်။

ခွန်(ဝင်းပ)





## ကော့သောင်းမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်မည်

**ကော့သောင်း မေ ၁၁**
ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက အစိုးရနည်းပညာ အထက်တန်းကျောင်းအား လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်ကာ ကော့သောင်းခရိုင် ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစိုးရနည်းပညာ အထက်တန်းကျောင်းသည် အလျား ၂၁၇ ပေ၊ အနံပေ ၁၃၀၊ အမြင့် ၃၂ ပေရှိ အာစီကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စာသင်ဆောင်၊ လက်တွေ့အလုပ်ရုံအဆောင်၊ ကျောင်းသားအိပ်ဆောင်နှင့် ဆရာအဆောင်များ ထည့်သွင်းတည်ဆောက်ထားသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူ ကျား/မ သင်တန်းသားသစ်များ စတင်ခေါ်ယူလျက်ရှိသည်။ အဆိုပါကျောင်းတွင် ကနဦးအနေဖြင့် အဆောက်အအုံနည်းပညာသင်တန်း(Building Technology)၊ လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)၊ မော်တော်ယာဉ်နည်းပညာ သင်တန်း (Auto Mechanics Technology) စသည့်သင်တန်း သုံးမျိုးအား နှစ်နှစ်သင်တန်းအဖြစ် ဘာသာရပ်တစ်ခုစီတွင် သင်တန်းသား ၄၀ ခန့် ပို့ချသင်ကြားပေးမည်ဖြစ်သည်။

တက်ရောက်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင်တစ်လ ကျပ် ၃၀၀၀၀ နှုန်းဖြင့် သင်တန်းတက်သည့် ကာလများတွင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ကြောင်း၊ နှစ်နှစ်သင်တန်းတွင်ထူးချွန်အောင်မြင်ပါက သက်ဆိုင်ရာစက်မှုလက်မှုသိပ္ပံ A.G.T.I ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရွေးချယ်ရေးမူများအရ ဝင်ရောက်လျှောက်ထားနိုင်ကြောင်းသိရသဖြင့် ကော့သောင်းဒေသနေ လူငယ်လူရွယ်များအနေဖြင့် အဆိုပါအသက်မွေးဝမ်းကျောင်းပြုနိုင်သည့်သင်တန်းကျောင်းမျိုး တက်ရောက်ခွင့်ရရှိကြသည့်အတွက် အထူးဝမ်းမြောက်ကြလျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## မယ်စဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**မယ်စဲ့ မေ ၁၁**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီက မယ်စဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်က အမှာစကားပြောကြားပြီး ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြာရယ်က မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မယ်စဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူငါးဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီကို တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

"အဆိုပါမသန်စွမ်းသူများစာရင်းကို (World Education)မှ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲအပ်သည့်စာရင်းအရ မယ်စဲ့မြို့နယ်တွင် ပထမအကြိမ် ထုတ်ပေးခြင်းဖြစ်ပါကြောင်း ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြာရယ်ကပြောကြားသည်။

ယခုလက်ရှိမယ်စဲ့မြို့နယ်တွင်သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက စာရင်းကောက်ယူခဲ့ရာ မြေပြင်တွင် မသန်စွမ်းသူ၃၄ဦးအားထောက်ပံ့ကြေးရရှိရေး ဆက်လက်တင်ပြထားပြီး ဖြစ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ရန်ကုန်စက်မှုတက္ကသိုလ်/ ရန်ကုန်နည်းပညာတက္ကသိုလ်
# နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငွေ့မအကြိမ်မြောက်
# မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲအတွက် အစည်းအဝေးဖိတ်ကြားခြင်း

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်၊ စနေနေ့နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်ကျင်းပမည့်အထက်ဖော်ပြပါ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံ ညစာစားပွဲများအတွက် ကျင်းပရေးကော်မတီဖွဲ့စည်းရန် ကော်မတီဟောင်း၏ ၂၀၁၈ ခုနှစ်၊ တတိယအကြိမ်အစည်းအဝေးကို (၂၄-၅-၂၀၁၈) ကြာသပတေးနေ့၊ ညနေ (၃း၀၀)နာရီ၌ ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေ(သမိုင်းဝင်း)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ခန်းမတွင် ပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးအစည်းအဝေးသို့ တက်ရောက်ပြီး ကျင်းပရေးကော်မတီသစ်ဖွဲ့စည်းပေးရန်နှင့် လိုအပ်သောဆွေးနွေးအကြံပြုချက်များပေးကြရန်အတွက် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲနှင့်**
**မိတ်ဆုံညစာစားပွဲကျင်းပရေးကော်မတီ**




**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

1 Sqft = 6000 Ks

Ph: 09-785084831

**မင်္ဂလာပါ**

Box

09-450042704
09-250095116
09-420096296

**နန်းထိုက်အောင်**

09 3128 2593
09 3128 2594
09 3128 2595

**မုန်းလို့ရရင် မုန်းချင်တယ် ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်**

၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသလျက်ရှိသော မုန်းလို့ရရင်မုန်းချင်တယ် ရုပ်ရှင်ဇာတ်ကားသည် ကျွန်တော် ကိုထွန်း(ကွန်ပျူတာတက္ကသိုလ်)၏ "နွေနေ့၏မိုးစက်များ" ဝတ္ထုဇာတ်လမ်း၊ ဇာတ်အိမ်တစ်ခုလုံးကို ဇာတ်ကောင်အမည်အထိပါ ကျွန်တော်၏ သဘောတူခွင့်ပြုချက်မရဘဲ ရယူအသုံးပြုထားကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဝတ္ထုဇာတ်လမ်းသည် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ အတွင်း စံတော်ချိန်သတင်းစာ၌ အခန်းဆက် ပုံနှိပ်ဖော်ပြခဲ့ပြီးလည်းဖြစ်ပါသည်။

အဆိုပါ ရုပ်ရှင်ကိုရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်းသက်ဦးမောင်ဟု ဖော်ပြထားကြောင်း စိစစ်တွေ့ရှိ ရပါသည်။

သို့ပါ၍ ယခုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာလူကြီးမင်းတို့အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဖြေရှင်းပေးပါရန် တောင်းဆိုအပ်ပါသည်။

**ကိုထွန်း(ကွန်ပျူတာတက္ကသိုလ်)**
**ဦးနေထွန်းဝင်း[၅/မရန(နိုင်)၁၃၀၅၈၁]**
**အမှတ်-၂၈၊ သံ(၁)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၉၀၀၈၉၀၀၊ Winnaytun @ gmail.com**

# တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

SKL Travel

Let's Explore Asia with Amazing Prices !

ထိုင်းဘန်ကောက် - ပတ္တရား 25 - 27 May USD 349 မှစ၍
ချင်းမိုင် 27-30 May USD 399 မှစ၍
ဟောင်ကောင် 07-10 Jun USD 549 မှစ၍
စင်္ကာပူ 07-10 Jun USD 539 မှစ၍
တောင်ကိုရီးယား - ဂျပန် 22-25 Jun USD 899 မှစ၍

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
09-771408547

Alphard 2003,7 Seater
MZ Grade ကြည့်ရှောင်
0931905545,0945003058

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
Ph:09-450454771
09-450454772
09-450454773

ငွေသစ်
အိမ်ခြံမြေအကျိုးဆောင်
(၄)မြို့နယ်
09 456595585
09 780541718
09 402394600

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## Grand Guardian Insurance Public Co., Ltd
## ဂရင်းဂါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက်

Grand Guardian Insurance Public Co., Ltd ၏ ဆဋ္ဌမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည် ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ရက် - ၂၀၁၈ခုနှစ် ၊ ဇွန်လ ၊ ၁၂ ရက် (အင်္ဂါနေ့)

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၃၀)နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - Pan Pacific Yangon Hotel
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်
ပန်းပဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် မေလ ၃၀ ရက် မှ ဇွန်လ ၁၂ ရက် အထိ အစုရှယ်ယာရှင်မှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Public Co., Ltd

[illegible]

ဦးသန့်ဇင် (LL.B)
Ph-09-253995848 , 09-798420119

Ph-09-4200 73685

[illegible]

ဦးသန့်ဇင် (LL.B)
Ph-09-253995848 , 09-798420119

Ph-09-4200 73685

## ကန့်ကွက်ရန်ကြေညာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပြည်လမ်းနှင့်လှည်းတန်းလမ်းဆုံရှိ လှည်းတန်းစင်တာအိမ်ရာတွင် မူလနေထိုင်သူဖြစ်သော ဦးကျော်သူရ[၁၂/ကတတ(နိုင်)၀၂၅၃၇၃] ပဥ္စသိခ်တေးသံသွင်းမှ ဆိုင်ခန်းအမှတ်(၈) (၅၁၄. ၁၈တုရန်းပေ)ကိုပြန်လည်ရရှိခဲ့ပြီး ဒေါ်ခင်မာကြည်[၇/ရတရ(နိုင်)၀၇၈၈၈၀]အမည်ဖြင့် ဦးကျော်သူရမှ ပိုင်ဆိုင်မှုထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ညွှန်ကြားရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

[illegible]

ဦးသန့်ဇင် (LL.B)
Ph-09-253995848 , 09-798420119

Ph-09-4200 73685

## အိမ်ရောင်းမည်/ငှားမည်

ရန်ကုန်မြို့၊ တောင်ဒဂုံ ၂၆ ရပ်ကွက်၊ အမှတ်(၂)လမ်းမကြီးပေါ်၌ ပေ(၅၀×၇၀) အိမ်နှင့်ခြံရောင်းမည်၊ ငှားမည်။

၀၉-၅၀၃၃၄၂၄၊ ၀၉-၄၂၅၃၀၆၃၃၃

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ရွှေခင်းသာအဆင့်မြင့်အိမ်ရာစီမံကိန်းအဆင့်(၇)၊ တိုက်အမှတ် (၁၂)၊ အခန်းအမှတ်(၂၀၇)ဟုခေါ်တွင်သည့် (၁၂ ½ ပေ×၅၀ပေ) အကျယ်ရှိ ဒေါ်မိုးသီတာ အမည်ပေါက်တိုက်ခန်း (၁)ခန်းနှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၀/၁၂)၊ ၃-လွှာ (၁၂ ½ ပေ×၅၀ပေ) အကျယ်ရှိ ဒေါ်မာမာအေး အမည်ပေါက် တိုက်ခန်း(၁)ခန်းတို့ကို လွှဲပြောင်းရောင်းချနိုင်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသက်နိုင်ဝင်း [၁၂/ဗတထ(နိုင်)၀၃၂၂၁၃]နှင့် ဒေါ်မိုးသီတာ [၆/အမရ(နိုင်)၀၉၀၂၄၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာပါရှိပြီးနောက် ရက်သတ္တ(၁)ပါတ်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကာလကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းစိုး(ထွန်း)**
**B.A(Eco), H.G.P,R.L.,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၉၃)**

**ဒေါ်မူယာ**
**LL.B, Dip:in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၀)**

**ဦးဇော်ဇော်နိုင်အောင်**
**LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၁)**

**ဦးမိုးခိုင်**
**LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၂)**

**ဦးမင်းသီဟ**
**LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၆၃)**

**အမှတ်(၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

A member of GETC!
# ကိုယ်ပိုင်မူလတန်းကျောင်း
nurture Private Primary School
We nurture tomorrow leaders!
"ကျောင်းနေပျော်၍စဉ်းစားတွေးခေါ်တတ်ရမည်"
အစိုးရသင်ရိုး
Cambridge Primary Curriculum
ထပ်ဆောင်းသင်ရိုး
KG - Grade IV
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်အမှတ် (ကကစ - ၁၃/၀၁/၀၀၁)
အတတ်ပညာသာမက အသိပညာရှိအောင် ပြုစုပျိုးထောင် ပုံဖော်သင်ကြားပေးပါမည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ
အမှတ်-၁၃၉၊ ဘုရင့်နောင်ရိပ်သာ(၅)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉ ၄၂၅၈ ၇၇၇၀၃/၄
(ကြို့တုန်းနှင့် ပေါက်တောဝကြား)
www.nurtureprivateprimaryschool.com

ပညာတံခွန် (၁၀တန်း စာသင်တကျော်ဝိုင်းနှင့် အထူးဘော်ဒါ)

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

တက်လှ
အိမ်ပြောင်း/အိမ်ရွှေ့
09-261111549
09-257962225

"ကုန်ကျစရိတ် အသက်သာဆုံး ၊ အချိန်အတိုဆုံးဖြင့် အင်ဂျင်နီယာ ဖြစ်နိုင်မည့် အခွင့်အလမ်း"
Diploma in Engineering (UK NQF Level 2,3, 4, 5) သင်တန်းများ
▸▸ Electrical / Electronic Eng , Mechanical Eng , Construction Eng , Refrigeration and Air Conditioning
▸▸ NQF Level (4) = HNC ... NQF Level (5) = HND ...
▸▸ GLORY ...
Foundation တန်းခွဲစပြီ
GLORY 09-73121717,09-5197817

Topsyne® Herbal Cream
FDA ထောက်ခံချက်အမှတ် - 1309 PC 0021
"ဘူးခွံအရောင်ပြောင်းလဲခြင်း"
" မူလအရည်အသွေးပြောင်းလဲမှုမရှိပါ "
ကျွန်ုပ်တို့ဘူးခွံ အရောင်ပြောင်းလဲခြင်း ... Topsyne Herbal Cream ... Topsyne Herbal Cream ...
ယခင်
ယခု




မူလအရည်အသွေးပြောင်းလဲမှုမရှိပါ
Apple Production Co., Ltd. - 09 4293 16408, 09 4286 18081

AA ဆေးကျောင်းသင်တန်း
09-43158300, 09-254051326
09-782793551

ဟရုတ်
Great Wall
ENGLISH Conversation Practice
TAMWE - 540714, 09 5183636
09 420230133

THUWUNNA LEARNING CENTRE
TLC ကိုယ်ပိုင်မူလတန်းကျောင်း
Special English for Young Learners
Preschool

Imported from Singapore
www.goldenedensleepsolutions.sg



GOLDEN EDEN
PROMOTION
9-5-2018 to 13-5-2018
Rose Garden Hotel
Wedding Fair
12 , 13 May 2018

# Invitation for Price Quotations

The Republic of the Union of Myanmar has received financing from the International Development Association (IDA) towards the cost of Electric Power Project (EPP). The IDA No. of the financing agreement is No.5306MM. The Electric Power Generation Enterprise(EPGE) of the Ministry of Electricity and Energy in its role as implementing agency of the EPP, intends to apply the portion of the proceeds of this credit towards eligible payments under the contracts for which this invitation for Quotation is issued.

MOEE now invites eligible suppliers to express the interest in supplying the following items.

| Item No. | Reference No. | Description | Quantity | Units |
|---|---|---|---|---|
| 1. | G-03 | Digital Gas Meter & skid Accessories | 10 | Sets |
| 2. | G-04 | (a) 33kV Energy Meters | 27 | Nos |
| | | (b) 33kV Current Transformer | 24 | Sets |
| 3. | G-05 | (a) 66kV Energy Meters | 40 | Nos |
| | | (b) 66kV Current Transformer | 23 | Sets |
| 4. | G-06 | (a) The Universal Relay Test Set and Commissioning Tool | 2 | Sets |
| | | (b) Double Stage Vacuum Transformer Oil purifier | 2 | Sets |
| | | (c) Turbine Oil purifier | 3 | Sets |
| 5. | G-07 | (a) 125V Battery Bank (300Ah) & Battery Charger Complete with DC Distribution Board | 5 | Sets |
| | | (b) 230V Battery Bank (300Ah) & Battery Charger Complete with DC Distribution Board | 10 | Sets |

Eligible Suppliers having expressed interest will receive a Request for Quotation by E-mail, sealed Quotations will be submitted to the address below at the latest at the dead line (Friday, 8th June 2018, at 2P.M Myanmar time), after which no Quotations will be accepted.

Suppliers will be selected following the shopping Method as per the "Guide for procurement of Goods, words and non-consulting services under IBRD Loans and IDA Credits & Grants by world Bank Borrowers dated January 2011 (revised July 2014).

Please submit sealed Quotation to; U Khin Maung Win, Managing Director, Electric Power Generation Enterprise Office No.(27), Nay Pyi Taw, for detailed information please contact to U Han Zaw, Chief Engineer, Gas Turbine section, mobile phone +959428610206 and U Aung San Win, General Manager, Procurement section, mobile phone +959457733044 or Office phone +95678104319, E-mail:procuremententpge.wb @ gmail.com. Please indicate your E-mail address as only electronic copies of the RFQ will be send.

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဘူမိဗေဒသုံး Drill Accessories (1) Lot, (8) Items ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၄-၅-၂၀၁၈ ရက်မှ ၄-၆-၂၀၁၈ ရက် (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါတင်သွင်းရမည့်ရက်/အချိန် | - | ၄-၆-၂၀၁၈ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၄-၆-၂၀၁၈ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

ရွှေလမင်းသွန်

May 25

37000

50000

09-420087371, 09-262705136


ကိုကျော်နိုင်

CAR RENTAL

ALPHARD, HIACE

09 25 358 2510

09 515 8803




ကြိုတိုင်အောင်ပြီး ဆောင်တိုင်းမြောက်ဖို့အတွက်


အကြံကောင်းတွေပေးမည့်စာအုပ် -

ဝံ-ဂဏ်သို

မြန်မာ့ရိုးရာအဋ္ဌဗေဒထိန်း

City Mart, Ocean, Capital, Orange, Sein Gay Har

ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။




ဆရာဇော်

ဖုန်း-၀၉၇၉၉၅၀၆၀၆၉၅၊ ၀၉၇၉၉၆၀၄၆၄၈

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဒေါက်တာ ဆွေဝင်းသော် ( ဥပဒေညာဏ်ရှင် )

LL.B, LL.M, M.Res, Ph.D

အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆိုင်

ဒေါ်ကြွယ် အမှုကြိုး ဆေးဆေး

TMR001516(1019)

ခရုသင်း (သုဘင်မြို)

LEUCODERMA

09-73122029, 09-795669534

## အမွေစား-အမွေခံများ၏ သဘောတူညီချက်အရ အမွေဆိုင်မြေနှင့် အဆောက်အအုံအား လွှဲပြောင်းရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မုံရွာမြို့၊ အေးသာယာရပ်၊ ကွင်းအမှတ်(၁၂)၊ အုန်းခြံ၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ (၀. ၂၂၅) ဧကအကျယ်အဝန်းရှိ ဂရန်မြေနှင့် ယင်းဂရန်မြေပေါ်ရှိ အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသည့် လျှပ်စစ်မီတာ၏ ဆက်လက်သုံးစွဲပိုင်ခွင့်၊ ရေတွင်း၊ ရေကန်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာ အရံတို့မှာ ဦးကျော်အေး-ဒေါ်မန်ဒါတို့ ကျန်ရစ်သောအမွေပစ္စည်းရပ်များဖြစ်ပါသည်။ ယင်းပစ္စည်းအရပ်ရပ်တို့အား အမွေစား-အမွေခံအားလုံးတို့၏ သဘောတူညီချက်ဖြင့် လွှဲပြောင်းရောင်းချမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထားထားအေး [၉/မရမ(နိုင်)၀၂၀၁၁၅]**

**အကွက်(၇၁၅)၊ စိတ္တရမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

အော်ဂဲနစ်စေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်

အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ

သဘာဝမြေဩဇာပြုလုပ်နည်းများ


အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

အော်ဂဲနစ်စိုက်ပျိုးရေး၊

အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)



Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609


CHERRY OO TRIPLE WIN
WORLD CUP 2018
CHERRY OO
50%
25%
30%
20%
15%
10%
+
i Phone X 10 လုံး
SAMSUNG S9 Plus 10 လုံး
+ 10%
GIFT VOUNCHER
www.facebook.com/cherryoowatchgallery



Guide
၀၉ - ၄၄၈၀၀၀၈၀၄၊ ၀၉ - ၉၇၇၆၁၁၁၈၂၄


T
09 5095 095, 013-682844
09 443077711, 013-682944




Y.E.C
Computer နှင့် Language


09-254256969
09-971322259


ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
(40'x60') - 85သိန်း
(40'x50') - 70သိန်း (25'x60') - 50သိန်း
ph- 09-450 302 310, 09-799 716 395


Ocean
SUPERCENTER
School Time Special
ကျောင်းဖွင့်ရာသီအကြို
အထူးဈေးရောင်းပွဲတော်
18th May ~ 7th June , 2018
2+2=4
North Point
Ph : 01-652963, 651200, 660100
Ph : 01-397900, 397142
Ph : 01-8603867-69
Ph : 067 417621 ~ 417629
Junction Centre
Ph : 067 - 421619, 421620
Ph : 02- 2000112 ~ 116
Ph : 02 - 67187
Ph : 071-28372 / 28373
Ph : 057- 24137, 24187
Ph : 042 - 23970~74
Ph : 081-2125683~85
Ph : 01-9648200~209
City Mall
Ph : 01-395400~417
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar


FEROFORT®
Iron, B-Complex, Vitamins, Zinc, Lysine
သွေးအားနည်းခြင်းအတွက်
သံဓာတ်အားဖြည့်ဆေး
ဖယ်ရီဖော့
စတော်ဘယ်ရီရှိန်း
NEW
တစ်နေ့ (၁)လုံး သောက်သုံးရန်။
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
Lady Power by Ferofort
KALBE

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၁၁**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၇)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ငါးရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကလေး-တမူး နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၇)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်အစည်းအဝေး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မှာကြား

**နေပြည်တော် မေ ၁၁**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုညှိနှိုင်းအစည်းအဝေးကို ယခင်အစည်းအဝေးများနည်းတူ ရေနှင့်ဆက်နွယ်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲရေးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၁၁**

ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဒီမိုကရေစီနိုင်ငံတွင် အစိုးရကို ပြည်သူကရွေးကောက်တင်မြှောက်ရပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့တင်မြှောက်လိုက်သည့် အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို မေးမြန်းသိရှိပိုင်ခွင့်ရှိကြောင်း၊ အစိုးရနှင့် ပြည်သူအကြားတွင် ဆက်သွယ်သည့် တာဝန်ကို မီဒီယာက ဆောင်ရွက်ပေးရပါကြောင်း၊ မီဒီယာ၏ တာဝန်သည် မှန်မြတ်သဖြင့် တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို စေတနာထားဆောင်ရွက်ရပါကြောင်း၊ သတင်းအချက်အလက်သိရှိပိုင်ခွင့်သည် မီဒီယာသမားများအတွက် အရေးကြီးသည်ကို နားလည်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်များတွင် အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




# ယင်းကျားတိုင်းရင်းသားလူမျိုးတို့၏
# ပန်လှူဖိုင်း ( ခေါ် ) ရိုးရာမီးရှူးလွှတ်ပြိုင်ပွဲ

● စိုင်းဇော်လတ်(လင်းခေး)

စာရေးသူသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ပုတ်ပုံကျေးရွာတွင် မေ ၅ ရက်က ယင်းကျားလူမျိုး တိုင်းရင်းသားရွာသို့ သွားရောက်ခဲ့ပါသည်။

ထိုမှ ယင်းကျားတိုင်းရင်းသားတို့၏ မီးရှူးလွှတ်တင်ပြိုင်ပွဲအား လေ့လာမှတ်သားမိခဲ့သမျှနှင့် ယင်းကျား၊ ယင်းနက်လူမျိုးစုတို့၏ သမိုင်းကြောင်းကို ဦးစွာပဏာမ တင်ပြရေးသားလိုပါသည်။

ယင်းကျား၊ ယင်းနက် တိုင်းရင်းသားလူမျိုးစုတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း၌ အများဆုံးနေထိုင်လျက်ရှိကြသည့် လူမျိုးစုတစ်စုဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်း၌ တိုင်းရင်းသားလူမျိုးစုများ အသီးသီး နေထိုင်လျက်ရှိကြသည့်အနက် ယင်းကျား၊ ယင်းနက်လူမျိုးတို့သည် လူမျိုးစုပျောက်ကွယ်လုနီးအခြေအနေတွင် ရှိနေကြောင်း လက်ရှိကျေးရွာအုပ်ချုပ်ရေးမှူး ဦးလုံးလွယ်(ပုတ်ပုံရွာသူကြီး)က ပြောသည်။

“ကျွန်တော့်နာမည်က ဦးလုံးလွယ်လို့ခေါ်ပါတယ်၊ ပုတ်ပုံရွာက ရွာလူကြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ ယင်းကျား၊ ယင်းနက်လူမျိုးစုဟာ လူအနည်းစုဖြစ်ပါတယ်၊ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ ရှားရှားပါးပါး တွေ့မြင်ရခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုတစ်စုလို့လည်း ဆိုရပါမယ်၊ ကျွန်တော်တို့ ယင်းကျား၊ ယင်းနက်လူမျိုးတွေ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့ရဲ့ အရှေ့တောင်ဘက်ကျေးရွာတွေမှာ အများဆုံးနေထိုင်ကြပြီး မြို့ရဲ့အနောက်မြောက်ဘက်ခြမ်းမှာတော့ ယင်းနက်လူမျိုးစုတွေ နေထိုင်လျက်ရှိကြပါတယ်။

“ယင်းကျား၊ ယင်းနက်လို့ အခေါ်အားဖြင့်တူနေပေမယ့် ကျွန်တော်တို့ ယင်းကျားနဲ့ ယင်းနက်လူမျိုးတို့ရဲ့ ဓလေ့ရိုးရာကတော့ တစ်မျိုးစီပါပဲ၊ အနည်းငယ်ကွာခြားလှပါတယ်၊ ကျွန်တော်တို့ အခုကျင်းပတဲ့ ယင်းကျားရိုးရာမီးရှူးလွှတ်ပြိုင်ပွဲကတော့ ရှေးနှစ်ပေါင်းများစွာကတည်းကနေ ဒီကနေ့အထိပဲ ဖြစ်ပါတယ်၊ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့မှာ ယင်းကျားလူမျိုးရိုးရာဓလေ့ မီးရှူးလွှတ်ပြိုင်ပွဲ ယင်းကျားအခေါ် ပန်လှူဖိုင်း(မီးပူဇော်ပွဲ )ကို ကျင်းပလေ့ရှိပါတယ်၊ ရှမ်းဘာသာစကားအရ ပန်နူဖိုင်းလို့လည်း ခေါ်ကြပါတယ်”ဟု ပုတ်ပုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးလုံးလွယ်က ဆက်လက်ပြောကြားသည်။

ဖော်ပြပါ ယင်းကျားတို့ရိုးရာ မီးရှူးလွှတ်တင်ပြိုင်ပွဲသည် နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့တွင်ကျင်းပသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အခါအားလျော်စွာ ကဆုန်လပြည့်နေ့၌ မကျင်းပဖြစ်ခဲ့သော်လည်း ကဆုန်လပြည့်ကျော် ၄ ရက်၊ ၅ ရက်တို့တွင် ပြုလုပ်လေ့ရှိပြီး ယင်းကျားလူမျိုးတို့၏ ဓလေ့ရိုးရာပွဲများ၌ တစ်ပွဲဖြစ်ကြောင်း ပွဲပါဝင်ကြသူများက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် မီးရှူးတာလွှတ်၊ တာဖမ်းနေရာ ထားရှိသည်။ ကျယ်ပြန့်သော မြေပြင်ကွင်းပြင်၌ ကျင်းပရသည်။ တာဖမ်း၊ တာလွှတ်ဒိုင်များထားရှိသည်။ တာဖမ်းနေရာကို ဂိုးဟု သတ်မှတ်ခေါ်ဆိုကြပါသည်။ အဖွဲ့အလိုက် မီးရှူးပြုလုပ် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမှတ်စဉ်အလိုက် အလှည့်ကျလွှတ်တင်ကြသည်။ မီးရှူးဂိုးဝင်၊ ဂိုးအပြင်စည်းများ သတ်မှတ်ထားပြီး ဂိုးနှင့်အနီးဆုံး၊ အဝေးဆုံး ရောက်ရှိသည့် အမှတ်ပေးစနစ်ဖြင့် အနိုင်၊ အရှုံးကို သတ်မှတ်သည်။

သတ်မှတ်ထားသော ဂိုးဧရိယာအတွင်းသို့ ပန်းဝင်လာသော မီးရှူး၏ အဝေးဆုံးရောက်ရှိလာသည့် မီးစံချိန်ကို ဂိုးစောင့်ဒိုင်များက စာရင်းကောက်ယူကာ ပထမ၊ ဒုတိယ၊ တတိယဟု အဆင့်ရယူကြသည်။ ပြိုင်ပွဲကျင်းပသောကွင်းတွင် အလှည့်ကျ မီးရှူးလွှတ်တင်မည့် စင်မြင့်တစ်ခု တည်ဆောက်ထားပေးသည်။ မိမိတို့မီးရှူးအား မီးရှူးလွှတ်စင်တွင် စနစ်တကျတင်ပြီးပါက စနက်တံကို မီးရှို့၍ လွှတ်တင်ကြသည်။

ယင်းပွဲတော်ရက်တွင် ရိုးရာမီးရှူး အလုံး ၄၀၊ ၅၀နှင့်အထက် ပြိုင်ပွဲဝင် လွှတ်တင်ကြသည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးရှူးကို ပြင်ဆင်ပြုလုပ်ထားပုံမှာ အကြီး၊ အငယ်၊ အလတ် အရွယ်အစားသုံးမျိုး ပြုလုပ်ယှဉ်ပြိုင်လေ့ရှိကြောင်း၊ မီးရှူးတွင် ယမ်းစိမ်းထောင်းထည့်ကာ သံဘူးဖြင့်ပြုလုပ်ကြောင်း၊ အရှည် ရှစ်လက်မမှ ၁၀ လက်မခန့်ရှိပြီး လုံးပတ် တစ်လက်မခွဲနှင့် နှစ်လက်မခန့်တုတ်သော လက်လုပ်ရိုးရာမီးရှူးများဖြစ်ကြောင်း၊ စနက်တံကို ရှမ်းစက္ကူ (မိုင်းကိုင်စက္ကူ)ကို ကြိုးသဏ္ဍာန်ကျစ်၍ အသုံးပြုထားကြောင်း စာရေးသူလေ့လာတွေ့ရှိခဲ့ရပြီး ပြိုင်ပွဲအပြီး ဆုရရှိကြသောအဖွဲ့များအား ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိကြသော မီးရှူးအဖွဲ့များက အနိုင်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အဖွဲ့အလိုက် ယင်းကျားရိုးရာတေးသီချင်းများ သီဆို၊ ကခုန်ပျော်မြူးလေ့ရှိကြသည်။ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့သို့ရောက်လျှင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်နှင့် ငါးမိုင်ခန့်အကွာတွင် နေထိုင်လျက်ရှိကြသော ယင်းကျားတိုင်းရင်းသားတို့သည် ရိုးရာမီးရှူး လွှတ်တင်ပြိုင်ပွဲကို ကျင်းပလေ့ရှိသည်။ ထိုရိုးရာမီးရှူးလွှတ်တင်ပြိုင်ပွဲသို့ စာရေးသူသည် မေ ၅ ရက်က သွားရောက်လေ့လာခဲ့သည်များကို တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။

▲▲▲



ပြိုင်ပွဲတွင် မီးရှူးတာလွှတ်၊ တာဖမ်းနေရာထားရှိသည်။ ကျယ်ပြန့်သော မြေပြင်ကွင်းပြင်၌ ကျင်းပရသည်။ တာဖမ်း၊ တာလွှတ်ဒိုင်များထားရှိသည်။ တာဖမ်းနေရာကို ဂိုးဟု သတ်မှတ်ခေါ်ဆိုကြပါသည်။ အဖွဲ့အလိုက် မီးရှူးပြုလုပ် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမှတ်စဉ်အလိုက် အလှည့်ကျလွှတ်တင်ကြသည်။ မီးရှူးဂိုးဝင်၊ ဂိုးအပြင်စည်းများ သတ်မှတ်ထားပြီး ဂိုးနှင့်အနီးဆုံး၊ အဝေးဆုံးရောက်ရှိသည့် အမှတ်ပေးစနစ်ဖြင့် အနိုင်၊ အရှုံးကို သတ်မှတ်သည်။



# တအာင်း(ပလောင်)တိုင်းရင်းသားမျိုးနွယ်စုများ၏ ထူးခြားသည့်မင်္ဂလာစည်တော်ကြီး

● မိုးလွင်ဦး(လွိုင်လင်)

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုများနှင့်ပတ်သက်၍ ကြေးမုံသတင်းစာမှ စနေနေ့ တိုင်းရင်းသားရေးရာကဏ္ဍတွင် အပတ်စဉ်ဖော်ပြပေးနေသည်ကို တွေ့ရှိရပြီး လေ့လာမှတ်သားစရာ ဗဟုသုတများ တိုးပွားခဲ့ရပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် မတ် ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးစီစဉ်ကျင်းပသည့် "တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်"တွင် ကျွန်တော်သည် ဌာန၏တာဝန်ပေးချက်အရ ရိုက်ကူးရေးတာဝန်ထမ်းဆောင်စဉ် သိရှိခဲ့သမျှများထဲမှ ဆောင်းပါးတစ်ပုဒ်ရေးသားရန် ကြံစည်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးဖြစ်ခဲ့ဘဲ ယခုအချိန်မှသာလျှင် ရေးသားချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာကာ ပြန်လည်မျှဝေလိုသဖြင့် တအာင်း(ပလောင်) တိုင်းရင်းသားမျိုးနွယ်စုများ၏ မင်္ဂလာစည်တော်ကြီး ပေါ်ပေါက်လာပုံအကြောင်းကို ရေးသားတင်ပြလိုပါသည်။

မွန်ခမာအနွယ်ဝင် တအာင်း(ပလောင်) မျိုးနွယ်စုများသည် အာရှတိုက်အလယ်ပိုင်း မွန်ဂိုကုန်းပြင်မြင့်ဒေသတွင် ပေါက်ဖွားဆင်းသက်လာကြသူများဖြစ်ကြပြီး ဘာသာစကားနှင့် ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် လူမျိုးတစ်မျိုးဖြစ်သည်။ အာရှတိုက်နေရာဒေသအနှံ့အပြားတွင်လည်း ပြန့်ကျဲစွာ နေထိုင်ကြပါသည်။ တအာင်း(ပလောင်) မျိုးနွယ်စုများသည် မွန်ဂိုကုန်းပြင်မြင့်ဒေသတွင် နေထိုင်ခဲ့စဉ်ကပင် စည်တော်ကြီး (ကဘောဲန်းဒါင်း)ကို တီးခတ်လာခဲ့ကြောင်း လူကြီးသူမများ၏ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိရှိရပါသည်။ မွန်ဂိုလီးယားကုန်းပြင်မြင့်ဒေသတွင်နေထိုင်ခဲ့ကြစဉ် တစ်ခုသောကာလ၌ ကြာရှည်စွာမိုးခေါင်ရေရှား ကပ်ဘေးဆိုက်ရောက်ခဲ့သည်။ လယ်ယာခြံမြေ ထွန်ယက်စိုက်ပျိုးသည့်လုပ်ငန်းများ မဖြစ်ထွန်းတော့ဘဲ လူနှင့် အိမ်မွေးတိရစ္ဆာန်တို့၏ ကျန်းမာရေးလည်း အလွန်ပင်ဆုတ်ယုတ်ချို့တဲ့လာကြသည်။ ထို့ကြောင့် ဝမ်းစာအတွက် သစ်ဥသစ်မြစ်၊ သစ်သီးဝလံများကို တောထဲတောင်ထဲ ရှာဖွေစားသောက်ကြရသည်။

တစ်နေ့သောအခါ၌ သစ်ဥသစ်မြစ်ရှာဖွေရင်း တောတွင်းတစ်နေရာတွင် မိုးခြိမ်းသံလိုလို တော်လည်းသံလိုလို ထူးဆန်းသည့်အသံဖြစ်ပေါ်လာပြီး ထိုအသံလာရာသို့ လိုက်လံရှာဖွေကြည့်ကြရာ သစ်ပင်ကြီးတစ်ပင်မှ အသံထွက်လာကြောင်း တွေ့ရသည်။ ထိုသစ်ပင်ကြီးကို ခုတ်လှဲလိုက်ရာ ပင်စည်မှာ အပေါက်ငယ်တစ်ပေါက်နှင့် ပင်စည်ထဲတွင် အခေါင်းဖြစ်နေသည်ကို တွေ့ရသည်။ အပေါက်ငယ်ပါရှိသည့်အပိုင်းကို ခုတ်ပိုင်းပြီး စည်တော်ကြီးအဖြစ် ပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။ ထိုကဲ့သို့ သဘောတူခဲ့ကြသည့်အတိုင်း အပေါက်ငယ်ပါသော သစ်လုံးအပိုင်းကို ပြုပြင်ပြီး စည်တော်ကြီးဖြစ်အောင် ထွင်းလုပ်ပုံဖော်ခဲ့ကြသည်။ စည်တော်ကြီး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်ကို နွားသားရေဖြင့်လည်းကောင်း၊ ရှေ့နောက်မျက်နှာပြင်များကို တင်းကျပ်နိုင်ရန်အတွက် တင်းကြိုးကို ကျွဲသားရေဖြင့်လည်းကောင်း ပြုလုပ်ကြကာ ခိုင်ခိုင်ခံ့ခံ့ ရက်လုပ်ပုံဖော်ကြသည်။ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်များကို တင်းနေအောင်လည်း အထူးဂရုစိုက်တင်းပေးကြသည်။ သို့သော် စည်တော်ကြီး၏မျက်နှာစာကို တီးကြည့်သောအခါ အသံကောင်းကောင်း မထွက်ပေါ်ဘဲ သိမ်သောအသံသာ ထွက်ပေါ်လာခဲ့သည်။ ထိုအခါ ပါလာသောအပေါက်ငယ်ကို အဆို့ဖြင့်ပိတ်ပြီး တီးခတ်ကြည့်ကြသော်လည်း စည်တော်ကြီး၏ အသံသည် ထူးခြားမှုမရှိခဲ့ပေ။ ထို့နောက် နည်းအမျိုးမျိုးဖြင့် စမ်းသပ်ခဲ့ကြရာ ရှေ့မျက်နှာစာကို တောင်ပို့မြေ (ရွှံ့စေးမြေ)ဖြင့် ပတ်စာပတ်ပေးပြီး တီးခတ်ကြည့်ရာ စည်တော်ကြီး၏ ဟိန်းသံသည် ဒေသတစ်ခုလုံး လွှမ်းမိုးသွားပါတော့သည်။ စည်တော်ကြီး၏ ဟိန်းသံထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ကောင်းကင်ယံတစ်ခွင်လုံးတွင် မိုးအုံ့လာပြီး လျှပ်စီးလက်ခြင်းများနှင့်အတူ မိုးခြိမ်းသံများထွက်ပေါ်လာကာ သဲသဲမဲမဲ မိုးရွာသွန်းချပါတော့သည်။ မမျှော်လင့်ဘဲ သဲသဲမဲမဲ မိုးကြီးရွာသွန်းသောအခါ ဒေသမှ လူများသည် အလွန်ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကခုန်ကြလေတော့သည်။ ကာလကြာရှည် မိုးခေါင်ရေရှားဖြစ်နေသော မွန်ဂိုကုန်းပြင်မြင့်ဒေသသည် ထိုမှစ၍ မိုးမှန်မှန်ရွာသွန်းပြီး ရာသီဥတုလည်း မျှတလာသည်။ လယ်ယာခြံမြေ စိုက်ခင်းပျိုးခင်းများလည်း ဖြစ်ထွန်းအောင်မြင်လာကာ စီးပွားချမ်းသာ ကျန်းမာပျော်ရွှင်လာကြသည်။

ထိုဒေသမှလူများသည် စည်တော်ကြီး၏ မြည်ဟိန်းသံကြောင့် မိမိတို့ဒေသမှာ မိုးမှန်မှန်ရွာသွန်း၍ ရာသီဥတုလည်း မျှတလာသောကြောင့် စည်တော်ကြီးကို ယုံကြည်လာကြပြီး စည်တော်ကြီးကို မင်္ဂလာစည်တော်ကြီးဟု အသိအမှတ်ပြုလာကြသည်။ ထို့ကြောင့် မင်္ဂလာစည်တော်ကြီးကို တစ်ရွာပြီးတစ်ရွာ ပင့်ဖိတ်ပြီး မင်္ဂလာစည်တော်ကြီး ကြွချီလာရာ ရွာအဝင်တွင် အနီရောင်ပိတ်စ၊ ငှက်ပျောဖီး၊ လက်ဖက်ထုပ်နှင့် သပြေခက်တို့ဖြင့် ပွဲကြိုဆိုကာ မင်္ဂလာယူ၍ တီးခတ်ကြသည်။ နှောင်းပိုင်းတွင် ကျန်သောကျေးရွာများကလည်း မင်္ဂလာစည်တော်ကြီးကို ထွင်းလုပ်လာကြသည်။ နှစ်စဉ် စုပေါင်းမင်္ဂလာစည်တော်ကြီး တီးပွဲများ၊ ကပွဲများနှင့် စုပေါင်းပြီး မင်္ဂလာစည်တော်ကြီး အတီးပြိုင်ပွဲများကိုလည်း ကျင်းပလာကြသည်။ မင်္ဂလာစည်တော်ကြီး အတီးပြိုင်ပွဲများကို မိုးနှောင်း၊ ဆောင်းဦးရာသီ၊ နွေလယ်ကာလများတွင် ကျင်းပလေ့ရှိသည်။ ယခင်က မင်္ဂလာစည်တော်ကြီးကို အလွတ်သာ တီးခတ်ကြသော်လည်း နှောင်းပိုင်းတွင် ကြေးမောင်းကြီးနှင့် ကြေးလင်းကွင်းများ မြိုင်မြိုင်ဆိုင်ဆိုင်ပူးတွဲပြီး တီးခတ်လာခဲ့ကြသည်။

ထိုစဉ်ကတည်းက တအာင်း(ပလောင်) လူမျိုးများသည် မင်္ဂလာစည်တော်ကြီးကို အမြတ်တနိုးတန်ဖိုးထားကာ အစဉ်အလာမပျက် ထိန်းသိမ်းလာခဲ့ကြပါသည်။ ယခုခေတ်တိုင်အောင် ဘုရားပွဲ၊ တရားပွဲ၊ အလှူပွဲနှင့် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်လည်း မင်္ဂလာစည်တော်ကြီးကို အမြတ်တနိုးတန်ဖိုးထားရှိကာ ရိုးရာယဉ်ကျေးမှုတစ်ခုအဖြစ် ထိန်းသိမ်းနေဆဲဖြစ်သည်။ ***(တအာင်း မင်္ဂလာစည်တော်ကြီး ပေါ်ပေါက်လာပုံသမိုင်းကြောင်း မူရင်းမှ ပြန်လည်ကူးယူဖော်ပြသည်။)***

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးစီစဉ်ကျင်းပသည့် "တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်"ကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တွင် မတ် ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် စသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် အောင်မြင်စွာကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် တိုင်းလုံ(ရှမ်းကြီး)၊ ဂုံရှမ်း၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခ)မိုင်းတာ၊ တိုင်းလိုင်(ရှမ်း)၊ တိုင်းနေ(ရှမ်း)၊ 'ဝ'၊ ပအိုဝ်း၊ ခနော၊ အင်းသား၊ တအာင်း(ပလောင်)၊ ကိုးကန့်၊ ကချင်၊ ကယန်း၊ ယင်းနက်၊ ယင်းကျား၊ လီဆူ၊ အာခါ၊ တောင်ရိုး၊ ထနော့၊ လားဟူ၊ အဲန်၊ မြောင်ဇီး စသည့် တိုင်းရင်းသားမျိုးနွယ်စုများက မိမိတို့၏ ရိုးရာအသုံးအဆောင် တူရိယာပစ္စည်းများ၊ ရိုးရာဝတ်စုံများ၊ ရိုးရာအကအလှများ၊ ရိုးရာအစားအသောက်များ ခင်းကျင်းပြသရောင်းချ၍ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ရိုးရာဓလေ့၊ စာပေယဉ်ကျေးမှု၊ ဘာသာစကားကွဲပြားသော်ငြားလည်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများပင်ဖြစ်ကြသည်။ အချို့သော တိုင်းရင်းသားမျိုးနွယ်စုများမှာ ဘာသာစကား၊ ရိုးရာဝတ်စုံ၊ အစားအသောက်၊ ရိုးရာအကများ တည်ရှိသော်လည်း စာပေမရှိကြပါ။

တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေစာတမ်း ၁၅ စောင်နှင့် တိုင်းရင်းသားလူမျိုးစုသမိုင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင်ကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စာတမ်းဖတ်ကြားခြင်းကို မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့ကြသည်။ အလားတူ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း ၂၃ ခန်း၊ ဌာနဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ်အရောင်းဆိုင် ၅၀၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲတို့ကို မီးပုံးပျံကွင်းတွင် မြိုင်မြိုင်ဆိုင်ဆိုင်ပြသခဲ့ကြသည်။ ထို့အတူ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့ ၄၅ ဖွဲ့တို့ကလည်း တစ်ညလျှင် အကအဖွဲ့ ကိုးဖွဲ့နှုန်းဖြင့် ငါးညတိုင်တိုင် ည ၇ နာရီမှစတင်၍ ရိုးရာအကအလှများဖြင့် ညစဉ် ကပြဖျော်ဖြေခဲ့ကြသည်။

စာရေးသူသည် "တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်"တွင် တိုင်းရင်းသားညီအစ်ကိုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုများကို ကိုယ်တိုင်ကိုယ်ကျ မှတ်တမ်းတင်လေ့လာခဲ့ရသည်။ ထိုကဲ့သို့ ရိုးရာမပျက် အစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်းအမွေဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း ရေးသားတင်ပြလိုက်ပါသည်။

▲▲▲






ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ဇိုမီး(Zomi)စာပေ၊ ဘာသာစကားလေ့လာတွေ့ရှိချက်များအပေါ် ဆွေးနွေး နိုင်ငံတကာတက္ကသိုလ်များအကြောင်းနှင့် Digital Library စနစ်အသုံးပြုနည်း အတွေ့အကြုံများ မျှဝေရှင်းလင်း



ကလေး မေ ၁၁

ချင်းတောင်ဒေသ သယံဇာတစောင့်ကြည့်ရေးအဖွဲ့(CNRWG)၏ဦးဆောင်မှုဖြင့် ဇိုမီး (Zomi)စာပေ၊ ဘာသာစကားအပေါ် တွေ့ရှိချက်များ ဆွေးနွေးခြင်း၊ နိုင်ငံတကာတက္ကသိုလ်များအကြောင်းနှင့် Digital Library စနစ်အသုံးပြုနည်းအတွေ့အကြုံများ မျှဝေရှင်းလင်းခြင်းကို မေ ၄ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ ဇိုမီးခရစ်ယာန်စာပေနှင့် ယဉ်ကျေးမှုအသင်း(ZCLS)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇိုမီးခရစ်ယာန်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ သိက္ခာတော်ရဆရာလျန်းခင်းပေါင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံခြားဘာသာဗေဒပညာရှင်တစ်ဦးအနေဖြင့် ဇိုမီးစာပေ၊ ဘာသာစကားနှင့်ပတ်သက်၍ သုတေသနပြုစုနေသူ အမေရိကန်နိုင်ငံသား Tyler Davis(a) Mang Sian Khual (Linguistics, USA)က ဇိုမီးစာပေ၊ ဘာသာစကားအဆင့်ဆင့် ဆင်းသက်ပြောင်းလဲဖြစ်တည်မှုနှင့် မူရင်းဘာသာစကား၏ အတိမ်အနက်များအပေါ် သုတေသနပြုတွေ့ရှိချက်များကို ဇိုမီးဘာသာစကားနှင့် မြန်မာဘာသာစကားတို့ဖြင့် မျှဝေရှင်းလင်းသည်။

ထို့နောက် Thomas Tual Khan Khai(Software Engineer, Hambury, Germany)က နိုင်ငံတကာတက္ကသိုလ်များအကြောင်း၊ ဂျာမနီနိုင်ငံတွင် ပညာတော်သင်များအတွက် Scholarship ရရှိမည့်အခွင့်အလမ်းများ၊ Digital Library Software အသုံးပြုနည်း (On Line/Off Line)များ မိတ်ဆက်ပေးသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ လူကြီးလူငယ် ၅၀ တို့ တက်ရောက်ကြပြီး အတွေ့အကြုံ ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## ပိန္နဲသီးငါးဆုပ်

ပိန္နဲပင်ဟာ ပြည်တွင်းမှာ ဒေသအနှံ့အပြား ပေါက်ရောက်ရှင်သန်နိုင်တာမို့ ပိန္နဲသီးကိုလည်း သရေစာအသီးအနှံအဖြစ် နှစ်သက်သူတွေများလှပါတယ်။ ပိန္နဲသီးမှာ အိမ်မာ၊ အိမ်ပျော့ဆိုပြီး အမွှာ အပျော့၊ အမာကိုလိုက်ကာ နှစ်မျိုးရှိတဲ့အနက် အိမ်မာကို ပိုပြီးကြိုက်သူများပါတယ်။ ပိန္နဲပင်အသီးသီးတဲ့အခါ ပင်စည်တွေ၊ အကိုင်းတွေကနေ ခွေးနို့စို့သလို အများအပြား ပြွတ်သိပ်နေအောင်သီးတတ်တာမို့ အိမ်မှာ ပိန္နဲတစ်ပင်ရှိရင် စားလို့မကုန်၊ ပေးလို့မကုန်ပါပဲ။

မိမိသတိထားမိတာက မိမိတို့ငယ်စဉ်အချိန်က ပိန္နဲသီးဟာ ရောင်းစားရတဲ့ ရောင်းကုန်သီးနှံမဟုတ်ပါဘူး။ တစ်အိမ့်တစ်အိမ် လက်ဆောင်အဖြစ် ခူးပေးလေ့သာရှိကြတာပါ။ ယခုလို ဈေးတန်းတွေထဲ ဗန်းကလေးတွေနဲ့ အမွှာထုတ်ရောင်းတာမျိုး မမြင်ဖူးကြပါဘူး။ ပိန္နဲသီးကို အမှည့်စားတာအပြင် အသီးနုကလေးတွေကိုခူးကာ အကွင်းလိုက်ပိုင်းပြုတ်ပြီး ပိန္နဲကွင်း အတို့အမြှုပ်အဖြစ် စားကြပါတယ်။ တချို့အရပ်တွေမှာတော့ ပိန္နဲသီး မနုမရင့်အရွယ်ကို တုံးတစ်ပြီး ကြက်သား၊ ဝက်သား အစရှိတဲ့ အသားတွေနဲ့ရောပြီး ချက်စားကြတာတွေ့ဖူးပါတယ်။

မိမိ ထားဝယ်ဘက်တွင်တာဝန်ကျစဉ် ပိန္နဲသီးနဲ့ဆင်တူတဲ့ စုံပတတ်သီးကို မြင်ဖူးပါတယ်။ အသီးက လုံးရှည်ပုံရှိပြီး ပိန္နဲသီးထက် အရွယ်ငယ်ပါတယ်။ အပင်ကတော့ စံကားစိမ်းပင်နဲ့ ဆင်ပါတယ်။ မွန်ပြည်နယ်ဘက်မှာတော့ လှေထွင်းရာမှာ အသုံးများကြတဲ့ တောင်ပိန္နဲရယ်လို့လည်း ကြားဖူးပါသေးတယ်။ ပိန္နဲသီးရဲ့ အကျိုးဂုဏ်ကို ဥတုဘောဇနသင်္ဂဟကျမ်းမှာ "ပိန္နဲသီးစိမ်းသည် နှလုံးကို နှစ်သက်စေတတ်၏။ ပိန္နဲသီးမှည့်သည် ပင်ပန်းခြင်း၊ ပူလောင်ခြင်း၊ ပိန်ခြောက်ခြင်းတို့ကို နိုင်၏။ သုက်ကိုပွားစေတတ်၏။ ဝမ်းချုပ်၏။ အလွန်ကြေခဲ၏"လို့ ဖော်ပြထားပါတယ်။

ပိန္နဲသီးအစိမ်းကို ပြုတ်ပြီး အတို့အမြှုပ်လုပ်စားတာ၊ အသားနဲ့ရောပြီး ချက်စားကြတာကို အသိများကြပေမယ့် ယခုဖော်ပြမယ့် ပိန္နဲသီးငါးဆုပ်ဟင်းလျာကိုတော့ ကြားဖူးကြသူနည်းလိမ့်မယ်လို့ ထင်ပါတယ်။ မွန်ပြည်နယ် သထုံဘက်မှာ သက်သတ်လွတ်ကျွေးကြတဲ့ အလှူအတန်းတွေမှာ တွေ့ရလေ့ရှိပါတယ်။ ပိန္နဲသီးစိမ်း မနုမရင့် အနေတော်အရွယ်တွေကိုခူးပြီး အခွံခွာ၊ အလယ်အူတိုင်နဲ့ အစေ့တွေဖယ်ပြီး ဓားထက်ထက်နဲ့ နုပ်နုပ်စဉ်းရပါတယ်။

ဓားနဲ့စဉ်းထားတဲ့ ပိန္နဲသီးစဉ်းပြီးသားအသားစတွေကို ဆားသင့်ရုံနဲ့ ချင်းတက်အနည်းငယ်ထောင်းထည့်ပြီး အနှံ့နယ်ရပါမယ်။ ပြီးက မုန့်နှစ်ပျစ်ပျစ်နဲ့ရောကာ အပြားကလေးလုပ်ပြီး ဆီပူပူမှာထည့်ကာ ကြွပ်ရွနေအောင် ကြော်ပါမယ်။ ကြော်ပြီးသား ပိန္နဲသီးငါးဆုပ်ပြားတွေကို ငရုတ်၊ ကြက်သွန် ထောင်းပြီးသားအရောနဲ့ မိုးပြဲဒယ်ကြီးတွေမှာ ဆီသတ်ပြီး ဆီပေါ်ပေါ်နဲ့ ဆီပြန်ဟင်းချက်တော့တာပါပဲ။ သထုံအလံတစ်ရာဘက်လို သက်သတ်လွတ်နယ်မြေတွေမှာ အသုံးများတဲ့ဟင်းလျာမျိုးပါ။

ပုံမှာဖော်ပြထားတာကတော့ ဆီပြန်ဟင်းမချက်မီ ကြော်ထားတဲ့ ပိန္နဲသီးငါးဆုပ်ပြားပါ။ ပိန္နဲသီးငါးဆုပ်ပြားကြော်ပြီးသားကို ရေနွေးကြမ်းနဲ့ မြည်းလို့ပဲဖြစ်စေ၊ ချင်းနံ့ကလေးသင်းပြီး အသားဟင်းနဲ့မခြားအရသာထူးတဲ့ ဆီပြန်ဟင်းလျာတစ်ခွက်အနေနဲ့ပဲဖြစ်စေ အိမ်ရှင်မများအနေနဲ့ သမားရိုးကျဟင်းလျာတွေအကြား ထူးထူးခြားခြား ချက်ပြုတ်စားနိုင်ဖို့ရာ တင်ပြလိုက်ရပါကြောင်း။

**စံလွင် (ငါးဦးစီး)**





## ပအိုဝ်းတိုင်းရင်းသား စာပေဆုချီးမြှင့်

ဒိုက်ဦး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရွာဝိုင်းကြီးကျေးရွာ ဝိဝေကဒါယိခမ္မဗိမာန်တော်ကြီး၌ ပအိုဝ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော ပအိုဝ်းတိုင်းရင်းသား စာပေဆုချီးမြှင့်ပွဲကို မေ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရွာဝိုင်းကြီးကျောင်းတိုက် ဦးစီးပဓာန နာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသာမိက ဩဝါဒကထာမြွက်ကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ မြားတန်ဩဘာသကော်မတီနာယက မြားစိန်ဝင်း၊ ရွာဝိုင်းကြီးကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်နှင့် အိမ်ခြေလေးဆယ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**




# ချင်းပြည်နယ် ကျေးလက်ဒေသတိုင်းရင်းသားများ၏

# လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည့် သီကီးရ်ရေလှောင်တမံ

**ထန်တလန် မေ ၁၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီးရ် ကျေးရွာအနီးတွင် တည်ဆောက်သည့် သီကီးရ် ရေလှောင်တမံစီမံကိန်းမှ ဒေသခံပြည်သူများ ဆည်ရေရရှိရေးသာမက အသေးစားရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ပြီး အနီး ပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်မီး ရရှိရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၃)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဦးစီး အရာရှိ(မြို့ပြ) ဦးဗညားစိုးက "နွေရာသီမှာ သောက်သုံးရေရှားပါးတဲ့ တောင်ပေါ်ဒေသ ကျေးလက်နေပြည်သူတွေကို သောက်သုံးရေ သာမက စိုက်ပျိုးရေပေးဝေနိုင်ရေး၊ မိုးရာသီ ကာလအတွင်း ရွာသွန်းတဲ့မိုးရေတွေကို အကျိုးရှိရှိ သိုလှောင်သုံးစွဲနိုင်ရေး၊ သဘာဝ ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေရေး၊ ဒေသအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် စေရေးနဲ့ ရေရှည်တည်တံ့တဲ့ ရေအသုံးချမှု ဖြစ်စေရေးတို့အပြင် အသေးစားရေအား လျှပ်စစ် ၅၀ ကီလိုဝပ်ထုတ်လုပ်ပြီး အနီး ပတ်ဝန်းကျင်ကျေးရွာတွေကို လျှပ်စစ်မီး ပေးဝေမှာဖြစ်တယ်"ဟု ပြောသည်။

ထန်တလန်မြို့နယ် သီကီးရ်ရေလှောင်တမံ ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှစတင်ကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၃)မှ တာဝန်ယူ ကာ သီကီးရ်ချောင်းတွင် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး အလျားပေ ၅၀၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ကြောင်း၊ ကန်ရေပြည့်ပမာဏ မှာ ၁၃၆၅ ဧကပေဖြစ်ကြောင်း သိရသည်။

သီကီးရ်ရေလှောင်တမံစီမံကိန်းလုပ်ငန်း များ ဆောင်ရွက်ရာတွင် အကြိုတည်ဆောက် ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း နှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် ကာ ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်းနှင့် အသေးစားရေအားလျှပ်စစ် ၅၀ ကီလိုဝပ် ထုတ်လုပ်ခြင်းလုပ်ငန်းကို စက်မှုလယ်ယာ ဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကုန်းမြင့်လယ်ယာနှင့် အမြဲတမ်း တောင်ယာဖော်ထုတ်ရာတွင် မူလက ဧက ၅၅၀ ဖော်ထုတ်ရန်ဖြစ်သော်လည်း စုစုပေါင်း ဧက ၆၀၀ ကျော် ဖော်ထုတ်ခဲ့ပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

သီကီးရ်ရေလှောင်တမံသည် ဧရိယာ ၁ ဒသမ ၁၀ စတုန်းမိုင်၊ တမံအမြင့် ၇၅ ပေ၊ ကန်ရေသေရေလှောင်ပမာဏ ဧက ၆၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၄၂ ဧက ဖြစ်၍ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူ ကွန်ကရစ်ဖြစ်ပြီး အလျား ၃၆၅ ပေ၊ အရွယ် အစားအားဖြင့် အချင်းသုံးပေ (Glass-fibre Reinforced Pipe) Ogee Type ရေပိုလွှဲ အမျိုးအစားဖြစ်ပြီး အလျား ၄၁၅ ပေ၊ အကျယ် ပေ ၂၀ ဖြစ်ကာ ဆည်ရေပေးဝေနိုင် မည့်ဧရိယာမှာ ဧက ၅၅၀ ဖြစ်ကြောင်း၊ သီကီးရ် ရေလှောင်တမံစီမံကိန်း၏ ဆည်ရေသောက် စနစ်မှာ တောင်ပေါ်ဒေသဖြစ်၍ တူးမြောင်း စနစ်ဖြင့် ရေပေးဝေခြင်းအစား ပိုက်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်းဖြစ်ကြောင်း ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ သိရသည်။

ယခုအချိန်တွင် သီကီးရ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ မူလရန်ပုံငွေကျပ် ၅ ဒသမ ၂၃၄ ဘီလီယံဖြင့် ဆောင်ရွက်မှုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော်လည်း အသေးစား ရေအားလျှပ်စစ် ကီလိုဝပ် ၅၀ စက်ရုံကို နောက်တိုးရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲဖြစ် ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့ကြောင့် ချင်းပြည်နယ် ထန်တလန် မြို့နယ် သီကီးရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ရှိ ဒေသခံပြည်သူများသည် သောက်သုံးရေ ရှားပါးမှုမှကင်းဝေးကာ စိုက်ပျိုးမြေဧရိယာ များတွင်လည်း စိုက်ပျိုးရေများရရှိပြီး သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ကာ မကြာခင် အသေးစားရေအားလျှပ်စစ်မှ လျှပ်စစ်မီး ရသဖြင့် ဒေသခံကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့ မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘုတလင်ဆရာတော်အား ထပ်ဆင့်ပူဇော်ခြင်း ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပ

**ရန်ကုန် မေ ၁၁**

ချင်းတွင်းအသင်း(ရန်ကုန်) အသင်းသူအသင်းသားမိသားစုများက စုပေါင်းကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယအား ထပ်ဆင့်ပူဇော်ခြင်း ဂုဏာဝိသိဋ္ဌပူဇာသဘင် မဟာမင်္ဂလာ အခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်းရှိ အနုတ္တရောပုရိသဓမ္မသာရထိဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်သိဒ္ဓိသဒ္ဓမ္မာရာမ ကျောင်းတိုက်ဆရာတော် ချင်းတွင်းအသင်းဩဝါဒါစရိယ ဘဒ္ဒန္တသဒ္ဒမ္မသာရက ဧည့်ပရိသတ်များအား သီလပေးတရားချီးမြှင့်ပြီး ချင်းတွင်းအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးဇော်ဝိတ်က လျှောက်ထားလွှာဖတ်ကြားခဲ့သည်။

ထိုသို့ ချင်းတွင်းအသင်း(ရန်ကုန်)ဥက္ကဋ္ဌက လျှောက်ထားလွှာဖတ်ကြားရာတွင် ယနေ့အချိန်ထိ တိပိဋကဓရ အောင်မြင်သူ ဆရာတော် ၁၄ ပါးသာရှိသေးပါကြောင်း၊ ပျမ်းမျှ ငါးနှစ်လောက်ကြာမှတစ်ပါး ပေါ်ထွန်းသည်ဟုဆိုနိုင်ပါကြောင်း၊ သို့ဖြစ်၍ တိပိဋကအောင်မြင်ရန် မည်မျှခက်ခဲသည်ကို သိနိုင်ပြီး သာမန်ဉာဏ်၊ သာမန်ဇွဲလုံ့လတို့ဖြင့် ရနိုင်ရန်ခက်ခဲသော ဘွဲ့တံဆိပ်တော်ကို မိမိတို့မွေးဖွားရာဇာတိ ချင်းတွင်းနွယ်ဖွားဆရာတော်တစ်ပါးက ရရှိခဲ့ခြင်းအတွက် ချင်းတွင်းတစ်နယ်လုံး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း လျှောက်ထားဖတ်ကြားသည်။

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယ၏ အတ္ထုပ္ပတ္တိကို ဦးပညောဘာသက ဖတ်ကြားပူဇော်ခြင်း၊ ချင်းတွင်းအသင်း ဩဝါဒါစရိယ သိပ္ပမဇ္ဈကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏထံမှ သရဏဂိုယဩဝါဒကထာနာယူခြင်းနှင့် ဂုဏဝန္ဒနာဂါထာကို ဦးဇာနေယျက ဖတ်ကြားပူဇော်ခဲ့သည်။

ယင်းနောက် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံမှ ဩဝါဒကထာနာယူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းသည်။

**သတင်း-အေးမင်းသူ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှမ်းနှင့် ပဲတီစိမ်းသီးနှံများအတွက် GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှမ်းနှင့် ပဲတီစိမ်းသီးနှံ စိုက်ပျိုးသည့် တောင်သူများအတွက် GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်လွင်လွင်ထွန်းက ပြောကြားသည်။



ယခုနှစ်တွင် တိုင်းဒေသကြီး နှမ်းသီးနှံ ဧက ၁၃၀၀ နှင့် ပဲတီစိမ်းဧက ၃၀၀ ကို GAP လမ်းစဉ်ကျင့်သုံး၍ စိုက်ပျိုးနိုင်ရန်အတွက် စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါ နှမ်းနှင့် ပဲတီစိမ်းစိုက်ပျိုးကြသည့် တောင်သူအားလုံးက GAP အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသဖြင့် GAP လမ်းစဉ် ၁၆ ချက်နှင့် ညီညွတ်စွာ စိုက်ပျိုးထားသည့် ခြံများကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လျှောက်ထားသူ တောင်သူများတဲ့အတွက် အုပ်စုဖွဲ့ပြီး အစု၊ အဖွဲ့အလိုက် GAP လက်မှတ်ရရှိဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ရာသီသီးနှံဖြစ်တဲ့အတွက် ကာလကလည်း တိုတောင်းပါတယ်၊ ဒါကြောင့် မကြာခင် ရုံးချုပ်ကအဖွဲ့တွေလာရောက်စစ်ဆေးပြီး ကိုက်ညီတဲ့ တောင်သူတွေကို GAP လက်မှတ်တွေ ထုတ်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်အတွက် ကော်ဖီနှင့် သရက်သီးနှံကို GAP အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားသူ ၅၁ ဦးအနက် ၁၇ ဦးကို မေ ၉ ရက်က တတိယအကြိမ်အဖြစ် GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ လျှောက်ထားသူများပြားတဲ့အလျောက် အသိအမှတ်ပြုလက်မှတ်ရရှိသူ အရေအတွက်လည်း များပါတယ်၊ ကျန်နေသေးတဲ့ တောင်သူတွေအတွက်လည်း ထပ်မံပြီး ထုတ်ပေးသွားမှာ ဖြစ်ပါတယ်၊ GAP လက်မှတ်နဲ့အတူ LOGO တံဆိပ်တွေကိုလည်း တစ်ပါတည်း ထုတ်ပေးခဲ့ပါတယ်၊ သီးနှံမှာ ဒီ LOGO တံဆိပ်ကို ကပ်လိုက်ခြင်းအားဖြင့် GAP နည်းစနစ်အတိုင်း လိုက်နာစိုက်ပျိုးထားတဲ့အတွက် ဘေးအန္တရာယ် ကင်းရှင်းတဲ့သီးနှံအဖြစ် ဖော်ဆောင်ပေးမှာဖြစ်ပြီး အခြားသီးနှံတွေထက် ဈေးပိုမိုရရှိမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ LOGO တံဆိပ်တွင် စိုက်ပျိုးသည့်ခြံကို ကိုယ်စားပြုသည့် ကုတ်နံပါတ်များထည့်သွင်းထားသည့်အတွက် စားသုံးသူ(သို့မဟုတ်)ပြည်ပဈေးကွက်တွင် အမှားအယွင်းရှိခဲ့ပါက ကုတ်နံပါတ်အလိုက် ပြန်လည်စစ်ဆေးနိုင်ခြင်းကြောင့် လက်မှတ်ထုတ်ပေးသည့် ဌာနတွင်သာမက စိုက်ပျိုးသူတောင်သူများ၌ပါ တာဝန်ကြီးမားကြောင်း သိရသည်။

"ကျွန်တော့် သရက်ခြံအတွက် GAP လက်မှတ်ရတာ တကယ်ဝမ်းသာပါတယ်၊ နောက်ပိုင်းမှာ ဒီထက်မြင့်မားတဲ့ Global GAP လက်မှတ်တွေထပ်ပြီးလျှောက်ဖို့ ရည်မှန်းထားပါတယ်၊ ၂၀၂၀ ပြည့်နှစ်မှာ တရုတ်ကလည်း ဒီလိုအသိအမှတ်ပြုလက်မှတ်မပါရင် တင်ပို့လို့ မရတော့ဘူးလို့ ကျွန်တော်တို့ကို ပြောထားပါတယ်၊ ဒါကြောင့် ဒီလက်မှတ်က တောင်သူတိုင်းအတွက် အရေးကြီးပါတယ်၊ အားလုံးရစေချင်ပါတယ်"ဟု စဉ့်ကိုင်မြို့နယ်မှ သရက်စိုက်တောင်သူ ကိုနေလင်းမောင်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသည့် သီးနှံများအတွက် သီးနှံ ၁၅ မျိုးကိုရွေးချယ်ကာ GAP လမ်းစဉ်ဖြင့် ကျင့်သုံးစိုက်ပျိုးနိုင်ရန် စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သရက်သီးနှံအတွက် ခြံလေးခြံကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သရက်ခြံ ခြောက်ခြံကိုလည်းကောင်း GAP နည်းစနစ်အတိုင်း ညီညွတ်စွာ စိုက်ပျိုးခဲ့ကြသဖြင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီး ယခုအခါ တတိယအကြိမ်အဖြစ် ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့ရှိ ဒုဋ္ဌဝတီမြစ်ရေ၏ အရည်အသွေးကို လေ့လာဆန်းစစ်ချက်များအရ ရေညစ်ညမ်းမှုအနည်းငယ်သာရှိဟုဆို

**မန္တလေး မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် အခြေခံရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစီမံကိန်းအရ မန္တလေးမြို့ရှိ ဒုဋ္ဌဝတီမြစ်ရေ၏ အရည်အသွေးကို လေ့လာဆန်းစစ်ရာတွင် ရေညစ်ညမ်းမှုအနည်းငယ်သာရှိကြောင်း အဆိုပါ စီမံကိန်းအဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံသား ဒေါက်တာအီတာရှုအိုကူတာက ပြောသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် မေလအထိ သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတွင် ရေသယံဇာတနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဟူ၍ နှစ်ပိုင်းပါဝင်ကာ ရေသယံဇာတနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်မြစ်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုဋ္ဌဝတီမြစ်ကိုလည်းကောင်း လေ့လာဆန်းစစ်ချက်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒုဋ္ဌဝတီမြစ်ထဲကိုစွန့်ပစ်နေတဲ့ ရေဆိုးတွေကြောင့် မြစ်ရေအခြေအနေဘယ်လိုရှိတယ်ဆိုတာကို လေ့လာခဲ့ပါတယ်၊ ဒုဋ္ဌဝတီမြစ်ရေနဲ့ပတ်သက်ပြီး ရှာဖွေတွေ့ရှိတဲ့ ရလဒ်ကတော့ ဒုဋ္ဌဝတီမြစ်ရေက အခုအချိန်ထိတော့ အဆင်ပြေနေသေးတယ်၊ အရမ်းညစ်ပေနေတာမျိုး မရှိသေးဘူး၊ ဘာကြောင့်လဲဆိုရင် သူ့ရဲ့မြစ်ဧရိယာကကျယ်တဲ့အတွက် စွန့်ပစ်တဲ့ရေဆိုးတွေ မြစ်ဧရိယာမှာ ပျော်ဝင်သွားတာကြောင့် ပြောပလောက်တဲ့အထိတော့ မညစ်ညမ်းသေးဘူး၊ ရန်ကုန်က လှိုင်မြစ်ထက်စာရင် ဒုဋ္ဌဝတီမြစ်ရေက အများကြီးသန့်သေးတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ဒုဋ္ဌဝတီမြစ်ရေကို လေ့လာဆန်းစစ်ရာတွင် မြစ်အတွင်းသို့ စက်ရုံများမှ စွန့်ပစ်သည့်ရေဆိုးများသာမက လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးများကြောင့်လည်း ရေညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး နွေရာသီတွင် ရေခန်းခြောက်မှုများဖြစ်ပေါ်ပါက မြစ်အတွင်းသို့ စွန့်ပစ်ရေဆိုးများကြောင့် မြစ်ရေညစ်ညမ်းမှု ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေဆိုးသန့်စင်စက်ရုံကို တည်ဆောက်နေပြီး အဆိုပါ စက်ရုံပြီးစီးပါက စက်ရုံများမှ ရေဆိုးများကို ဒုဋ္ဌဝတီမြစ်အတွင်းသို့ စွန့်ပစ်ခြင်းမပြုဘဲ ယင်းစက်ရုံအတွင်းသို့ စွန့်ထုတ်နိုင်မည်ဆိုပါက မြစ်ရေခန်းခြောက်သော်လည်း ရေညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစီမံကိန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ အဓိကပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါဌာနများရှိ ဝန်ထမ်းများကို အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာမှတ်သားနည်းများ၊ အသိပညာဖလှယ်ခြင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ပတ်သက်၍ သင်တန်းပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# တရုတ်နှင့်အိန္ဒိယ အားပြိုင်ဝယ်ယူမှုကြောင့် မြေတောင့်ပဲများ ရောင်းအားသွက်နေ

**မန္တလေး မေ ၁၁**

ယခုရက်ပိုင်းအတွင်း မန္တလေးပွဲဈေးကွက်တွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ အားပြိုင်ဝယ်ယူနေမှုကြောင့် မြေတောင့်ပဲများ ရောင်းအားသွက်နေကြောင်း



မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

အဆိုပါပဲမှာ ဇန်နဝါရီလမှ စတင်ထွက်ရှိခဲ့ပြီး ယမန်နှစ်က လှိုင်လှိုင်ပေါ်သည့် ဧပြီလတွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ် လှိုင်လှိုင်ပေါ်ချိန်တွင် ဝယ်လက်စုံမှုကြောင့် ငွေကျပ် ၁၀၂၀၀၀ မှ ၁၁၀၀၀၀ ကျပ်ကြားတွင် ဈေးကစားလျက်ရှိနေပြီး လက်ရှိ မေလ ၉ ရက်တွင် ငွေကျပ် ၁၀၈၀၀၀ နှုန်းဖြင့် အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒီမြေတောင့်ပဲကို အိန္ဒိယနိုင်ငံတစ်ခုတည်း ဝယ်ယူခဲ့စဉ်က အမြင့်ဆုံးဈေး ၇၅၀၀၀ အထိပဲရခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး တရုတ်နိုင်ငံက ဝယ်ယူလာတဲ့အတွက် ဈေးကောင်းလာတာပါ၊ အခုလို အိမ်နီးချင်းနှစ်နိုင်ငံအားပြိုင်ဝယ်ယူနေမယ်ဆိုရင် ရှေ့လတွေမှာလည်း ထပ်ပြီးတက်လာနိုင်တယ်၊ လက်ရှိကတော့ မြေတောင့်ပဲက ပဲမျိုးစုံထဲမှာ ရောင်းပန်းအလှဆုံးအဖြစ်ရပ်တည်နေပါတယ်"ဟု ၎င်းက ပြောသည်။

မြေတောင့်ပဲမှာ ဆောင်းသီးနှံဖြစ်သည့်အတွက် တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးနိုင်ပြီး ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် မြစ်ရေကျချိန်သဲသောင်များပေါ်တွင် စိုက်ပျိုးထွက်ရှိပြီး ဗန်းမော်ဒေသမှထွက်ရှိသည့် မြေတောင့်ပဲများမှာ အလုံးကြီး၍ အရောင်လှသည့်အတွက် လူကြိုက်များကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

